အင်တာနက်ဂျာနယ်
အတွဲ (၁၅)၊ အမှတ် (၁၁)    ကြာသပတေးနေ့၊ မတ် (၁၃) ရက်၊ ၂၀၁၄ ခုနှစ်

# INTERNET journal

www.myanmarinternetjournal.com

PREMIER® COFFEE
သဘာဝကော်ဖီစစ်စစ်အရသာ... ပရီမီယာ

## အင်တာနက်ဘဏ်စနစ်များစတင်တွင်ကျယ်လာပြီဖြစ်၍ အကောင့်လုံခြုံရေးဆိုင်ရာ အသိပညာများပိုမိုလိုအပ်လာဟု ပညာရှင်များပြောကြား

... စာ-၄



## မိုဘိုင်းကွန်ရက်အတွင်းအသုံးပြုနိုင်သည့် ဝန်ဆောင်မှုအားလုံးအသုံးပြုခွင့်ပေးမည်ဟု Telenor ဆို

... စာ-၄

## eYangon ကို ဒေသအတွင်းရှိဗြာနတစ်ဝက်ခန့်သာစိတ်ဝင်စား

... စာ-၃

## လူတွေကို နှုတ်ဆိတ်လာစေတဲ့ စမတ်ဖုန်းများ

... စာ-၆

## ကျန်းမာရေးကိုစောင့်ကြည့်မှုပြုလုပ်ပေးနိုင်သည့် iPhone case

... Mobile

## Smart Card များကိုလေ့လာခြင်း

... IJ Plus




Information Matrix က တည်းဖြတ်ထုတ်ဝေသည်။

We are No.(1) in Myanmar!
facebook.com/todaystechnology2012

# Today's Technology မိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာသင်တန်းကျောင်း

Moon Bakery | Ph: 09 4217 34888, 09 4217 34999

## Mobile Phone Software ပြုပြင်ခြင်းဆိုင်ရာသင်တန်း
(Basic Level + Advanced Level + Master Level)

**Apple IOS Course (Iphone, Ipad, Ipod Touch)**

- Firmware upgrade / downgrade
- Back restore & network unlock
- Jailbreaking, Cydia source, Cydia tweaks
- Create coustom Firmware & Apps & Game Hacking, Cracking
- Third party PC suite & other tools
- I tune error, cydia error, Apps crash, cydia crash

**Android IOS Course ( Htc, Sony, Samsung, LG, Huawei )**

- understanding, Android OS, Boot loader, kernal, recovery
- Rooting, myanmar font, Boot loader unlock/relock, security on/off
- ADB command & Batch file command, Fastboot command
- Flashing costom Rom & official Rom
- Application apk
- Custom Rom
- music apk, book apk, image apk, magazine apk , RSS reader apk, photo wallpaper apk, live wallpaper apk Android application

**သင်တန်း မှ ပံ့ပိုးပေးသော ဝန်ဆောင်မှုများ**

- Apple IOS Course I Phone 5S, 5, 4S, 4, I Pad 1, 3, 4, I Pad Mini, I Pad Air, I Pad Touch 5G, 4G
- Model phone, tablet, computer fiber, red link internet; Data 900 Gb firmware, game, apps
- location, decoration, distribution, staff training, account management, finicial management
- professional

## Android Application ရေးဆွဲနည်းသင်တန်း

1- What is Android ?
2- Designing User Interface.
3- Activities, Fragments and Intents
4- SQLink database
5- Location base Services
6- Networking
7- Developing Android Service
8- Publishing Android Application

B4A Language ... Android Application ( APK )

**Other Course**

1. CDMA 450 Course
2. China clone Phone & Tablet
3. Symbian, Blackberry, Windowmobile Course

**Tool box Course**

ATF, Bestkey,Z3x, Octopus
SE - LG, Riff box, GPG dragon

1.5.2014 သင်တန်းခွဲမည်။

## Mobile Phone Hardware Course
(Basic Level + Advanced Level + Master Level)

- Resistor, Capacitor, diold ... Componet ... Basic Electronic ...
- Mobile Phone Circuit ... Speaker, Amplifier, Radio, Charger ... Circuit board ...
- Multimeter, Digitalmeter, Powersupply ... Circuit board ... IC ... Volt ...
- PCB board ... Schematic diagram ...
- Mobilephone Circuit baord ... IC ... Jumper ...
- Soldering/desoldering ... Hot Air Gun ... BGA Rework Station ...
- Mobile Phone Hardware ... Infared ... BGA Rework Station ... BGA IC ... CPU, FSG, Memory IC ... Desoldering , Soldering ... Heat Flow ... Power dead ... Repairing risk ...



**Special Free Course**

Business Strategy Plan Course
Operation Management Course

Scholarship ...

3/3 to 21/3 ... 30% Off
22/3 to 11/4 ... 25% Off
18/4 to 30/4 ... 20% Off

Today's Mobile Ph : 09-421744111 | Today's Mobile Ph : 09 43204749 | Today's Special Mobile Ph : 09-421 744000

# Master Tech
## Mobile Phone Software & Hardware Training Center

Bang Bang ... (B) ... Ph: 09 33356666, 09 33357777

## Mobile Phone Software Training

- IOS Course (iphone,ipad, ipod touch)
- ANDROID OS Course ( Samsung, HTC, Sony, Huawei , etc )
- Java, Symbian, Nokia Course
- Blackberry OS Course
- Maemo, Meego OS Course
- Windows Mobile OS Course
- All China Phone & Tablets Course
- CDMA 450MHz Course

## Hardware Training Course

1. Electronic ...
2. IC, Resistor, Diode, Transistor ... Components ...
3. Components ... Analouge multimeter, Digital meter ...
4. IC, Resistor, Diode, Transistor ... Components ... Universal Board ... Circuit ...
5. IC ... Parts ... Desoldering Iron ... Hot Air SMD Rework Station ... Temperature unit ...
6. Circuit Board ... IC ... Components ... Volt ... Power supply ...
7. Mobile Phone ... Curcuit ... Curcuit Board ... Schematic Diagram ... PCB Board ... Layout Diagram ...
8. Theory ... Practical ...
9. IC ... Circuit ... Jumper ...
10. Branded Handset ... China Handset ...

## Master Tech တွင်ရရှိမည့် အကျိုးကျေးဇူးများ

1. ...
2. ... Laptop ... Model ... Handset ... Unlimited Internet ... Mobile Phone Software Course ... On Job ...
3. ... Software, Firmware, Application, Games ... Data Base ... Data 700GB ...
4. ...
5. ... On Job ...



မြန်မာပြည်တွင် Mobile Phone Hardware ပြုပြင်ရေးနယ်ပယ်၌ နိုင်ငံတကာအဆင့်မှီ အနီအောက်ရောင်ခြည်သုံး Infared SMT SMD BGA Rework Station စက်ကြီးများကို အသုံးပြု၍ သင်ကြားပေးသော ပထမဆုံးသင်တန်းဖြစ်ပါသည်။

**Time Table**

| Software Training | Hardware Training |
| --- | --- |
| 9 : 00 - 11 : 30 | 9 : 00 - 12 : 00 |
| 12 : 30 - 3 : 00 | 12 : 30 - 3 : 30 |
| 4 : 00 - 6 : 30 | 4 : 00 - 7 : 00 |
| Mon to Fri | Mon to Fri |

11-4-2014 ... 30% Off

5.5.2014 သင်တန်းခွဲမည်။

INTERNET Journal

# Mobile

Vol. 15, No. 11 • Thursday • March 13, 2014



# ကျန်းမာရေးကို စောင့်ကြည့်မှုပြုလုပ်ပေးနိုင်သည့်

# iPhone case

Azoi ကုမ္ပဏီက ထုတ်လုပ်သည့် Wello ဟုခေါ်ဆိုသည့် ဒေါ်လာ ၁၉၉ တန်ဖိုးရှိ စမတ်ဖုန်း case သည် ခန္ဓာကိုယ် အစိတ်အပိုင်းများကို တိုင်းတာပေးရန် ရည်မှန်းနေပြီး blood pressure, electrocardiography (ECG) နှလုံးခုန်နှုန်း၊ blood oxygen, အပူချိန်နှင့်အဆုတ်တို့ကို တိုင်းတာပေးနိုင်သည်။ Azoi ကထိုကဲ့သို့ တိုင်းတာခြင်းမျိုးသည် ပိုမိုတိကျမှန်ကန်ပြီး ကျန်းမာရေးကို ပိုမိုသတိပြုလာစေရန်ဖြစ်ကြောင်းပြောကြားခဲ့သည်။ Wello သည်အခြား iOS ထုတ်ကုန်များဖြင့်အသုံးပြုနိုင်သလို KitKat သုံးထားသော Android ဖုန်းများဖြင့်လည်း သုံးနိုင်ကာ Bluetooth Low Energy (BLE) ဖြင့်လည်း ချိတ်ဆက်အသုံးပြု၍ ရသည်။ သို့သော် Azoi ကအထူးပြုလုပ်ထားသော attachment မှတစ်ဆင့် iPhone မဟုတ်သည့် ထုတ်ကုန်များတွင် အသုံးပြုနိုင်ကြောင်းပြောကြားခဲ့သည်။ အဆိုပါ attachment သည် Wello နှင့်တွဲပြီး iPhone ကဲ့သို့တည်ဆောက်ပုံနှင့်အရွယ်အစားတူညီမှသာ အသုံးပြုနိုင်ကြောင်းသိရှိရသည်။




**News**

မလေးရှားနိုင်ငံသို့ သွားရောက်မည့် မည်သူမဆို မလေးရှားဆင်းမ်ကတ် အခမဲ့ပေးမည် PG 9

**Tablet Review**

Lenovo A5000 PG 14

**User Guide**

Android OS ဖုန်းတွေမှာ Letter For Viber ဆိုတဲ့ ဆော့ဖ်ဝဲလေးကို Viber နဲ့ ဘယ်လိုတွဲဖက်အသုံးပြုနိုင်မလဲ ဆိုတာ လေ့လာကြည့်ကြမယ် PG 10




SAMSUNG
MULTI WINDOW
မြန်မာစာ နှင့် မြန်မာလက်ကွက် အသင့်ပါဝင်ပြီး
Samsung GALAXY Note | PRO
With the 12.2" stunning display this optimizes the multi tasking and opens the new level of tablet.
12.2" 4MILLION PIXELS | MULTI WINDOW | VIRTUAL KEYBOARD
GALAXY TAB CHANGES THE RULES
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (1)
Samsung Customer Service Plaza (2)
Samsung Customer Service Plaza
SAMSUNG Mobile Brand Shops
Junction Square
Capital Hyper Mart
Shopping Mall

## MEC CDMA 800 MHz စနစ်အသုံးပြုသူများအတွက် အကြမ်းခံ၊ ဈေးနှုန်းသက်သာသောဟန်းဆက်များဝင်ရောက်လာ



ရန်ကုန်၊ မတ် ၇

MEC CDMA 800 MHz စနစ်အသုံးပြုသူများအတွက် ဈေးနှုန်းသက်သာကာလိုင်းဆွဲအားကောင်းမွန်ပြီး အကြမ်းခံသော ဟန်းဆက်အမျိုးအစားသစ်သုံးခု ဈေးကွက်အတွင်းသို့ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ ဟန်းဆက်များမှာ Telsda, ZTA နှင့် ZTX ဟန်းဆက်အမျိုးအစားများဖြစ်ပြီး လိုင်းဆွဲအားအတွက်အကောင်းမွန်ဆုံးဖြစ်စေရန် ဆွဲအားမြင့်မားသောမိုဘိုင်းဖုန်းအင်တာနာများအား အသုံးပြုပေးထားကြောင်း သိရသည်။ Telsda C830E ဖုန်းမှာ CDMA 800 MHz စနစ်သီးသန့် အသုံးပြုနိုင်မည်ဖြစ်သော ဖုန်းအမျိုးအစားတစ်ခုဖြစ်ပြီး ၀၉၇၃ နံပါတ်များနှင့် ၀၉၃၁ MEC မည်သည့်လိုင်းကတ်များမဆို အသုံးပြုနိုင်မည်ဖြစ်ပြီး ZTA H9 ဟန်းဆက်မှာ CDMA 800MHz စနစ်နှင့် GSM စနစ်နှစ်မျိုးတွဲဖက်အသုံးပြုနိုင်မည်ဖြစ်သောဖုန်းဖြစ်သည်။ သို့ရာတွင် အဆိုပါ ZTA H9 ဟန်းဆက်မှာ CDMA 800MHz စနစ်အားအသုံးပြုရာတွင် MEC လိုင်းကတ်များဖြစ်သော ၀၉၃၁ နံပါတ်များအတွက်သာသီးသန့် အသုံးပြုနိုင်မည်ဖြစ်ပြီး ၀၉၇၃ ဖုန်းများအတွက်မှ အဆင်ပြေနိုင်မည်မဟုတ်ကြောင်းသိရသည်။

ZTX X8 အမျိုးအစားမှာလည်း CDMA 800MHz စနစ်နှင့် GSM စနစ်နှစ်မျိုး တွဲဖက်အသုံးပြုနိုင်မည်ဖြစ်ပြီး ယင်းဟန်းဆက်မှာမည်သည့် GSM နှင့် CDMA800MHz လိုင်းကတ်များမဆို ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၎င်းဟန်းဆက် သုံးမျိုးစလုံး၏ ဈေးနှုန်းမှာ ကျပ် ၆၀,၀၀၀ ဝန်းကျင်ခန့်တွင်သာ ရှိမည်ဖြစ်ပြီး အကြမ်းခံကာ ဘက်ထရီသက်တမ်းကောင်းမွန်သော ဖုန်းများဖြစ်ကြောင်း သိရသည်။ ဆက်သွယ်စုံစမ်းလိုသူများအနေဖြင့် Try Call မိုဘိုင်းဖုန်း အရောင်းဆိုင် ဖုန်း ၀၉၄ ၂၀၀၄၉၁၃၄၄ တွင်ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။




## မလေးရှားနိုင်ငံသို့ သွားရောက်မည့် မည်သူမဆို မလေးရှားဆင်းမ်ကတ် အခမဲ့ပေးမည်



ထွန်းထွန်း
ရန်ကုန်၊ မတ် ၇

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ သွားရောက်မည့် မည်သူမဆို မလေးရှားနိုင်ငံတွင် အသုံးပြုနိုင်ရန်အတွက် ဆင်းမ်ကတ်အား အခမဲ့ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလုပ်သွားရောက်လုပ်ကိုင်မည့်သူများအပြင် အလုပ်ကိစ္စဖြင့် ခေတ္တသွားရောက်ခြင်း၊ အလည်ပတ်သွားရောက်ခြင်းစသည်ဖြင့် မည်သူမဆို မြောက်ဒဂုံ၊ ပင်လုံခန်းမရှိ Tone Plus ကုမ္ပဏီတွင် လာရောက်ထုတ်ယူနိုင်ကြောင်း Tone Plus ကုမ္ပဏီ၏မြန်မာနိုင်ငံကိုယ်စားလှယ် ဦးသန်းဝင်းက ပြောသည်။ "ပတ်စ်ပို့စာအုပ်ရယ်၊ ဗီဇာရယ်တော့ပြရမှာဖြစ်ပါတယ်။ ထုတ်သွားပြီး ပြန်မသုံးဘဲထားရင်တော့ တစ်လအတွင်း ကတ်သေသွားမှာမို့ တကယ်သွားမယ့်သူတွေကို ထုတ်စေချင်တာပါ။ ကတ်အရေအတွက်ကို ကန့်သတ်မထားပါဘူး။ အမြဲတမ်း ထုတ်ပေးနေမှာဖြစ်ပါတယ်" ဟု ဦးသန်းဝင်းကပြောကြားသည်။ ဆင်းမ်ကတ်များအား အခမဲ့ပေးခြင်းဖြစ်ပြီး ဖုန်းကတ်ထဲတွင် ငွေဖြည့်သွင်းထားမည်မဟုတ်ကြောင်း၊ ငွေဖြည့်သွင်းမည်ဆိုပါက ဖုန်းကတ်ထုတ်ယူသည့်နေရာတွင်ပင် ဖြည့်သွင်းနိုင်ကာ မိမိဖြည့်သွင်းသည့် တန်ဖိုးအလိုက် မြန်မာကျပ်ငွေဖြင့်လည်း ပေးချေနိုင်ကြောင်း သိရသည်။

မတ်လ ၆ ရက်မှ စတင်ထုတ်ပေးနေပြီး ယင်းနေ့တွင် သယ်ဦးကျော်ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ "တစ်လကို ရင်းဂစ်သုံးဆယ်နှုန်းနဲ့ နှစ်လဆက်တိုက်သုံးပြီးရင်တော့ အသုံးပြုသူကို ကုမ္ပဏီက အသက်အာမခံထားပေးမှာဖြစ်ပါတယ်။ အသက်အာမခံကြေး ရရှိရင် မြန်မာငွေကျပ်သိန်း ၃၂၀ နဲ့ညီမျှတဲ့ မလေးရှားရင်းဂစ်ဖြစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။ Tone Plus ကုမ္ပဏီ၏ ဆင်းမ်ကတ်ကိုအသုံးပြုမှုအပေါ် မူတည်၍ အခြားခံစားခွင့်များလည်း ရရှိနိုင်ရန် ဆောင်ရွက်ထားကြောင်း၊ ဥပမာ- Tone Plus ကုမ္ပဏီ၏ သက်ဆိုင်ရာဟိုတယ်များတွင် တည်းခိုပါက ဈေးနှုန်းလျှော့ပေးပေးခြင်းမျိုး အစရှိသော အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း ဦးသန်းဝင်းကပြောသည်။ "Tone Plus ကခေါ်ဆိုခသက်သာပါတယ်။ တစ်လကို ၃၀ ရင်းဂစ်ဆိုတာလည်း မများပါဘူး။ ကျွန်တော့်အနေနဲ့ ပုံမှန်သာသာလောက်ပဲ သုံးနေကျအနေအထားဖြစ်ပါတယ်။ ကျွန်တော်ထွက်လာတုန်းက အဲလိုမျိုးမရှိခဲ့ပေမယ့် အခုလိုမျိုး မြန်မာနိုင်ငံကနေ တစ်ပါတည်း ဖုန်းကတ်ယူလာလို့ရတော့ ဒီမှာ ရောက်ရောက်ချင်း အခက်အခဲ တစ်စုံတစ်ရာတွေ့ရင် အသိတွေက ချက်ချင်းဆက်သွယ်နိုင်တာပေါ့" ဟု မလေးရှားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံသို့သွားရောက်သူများအနေဖြင့် မိသားစုထံ အလွယ်တကူ ဆက်သွယ်နိုင်စေရန်၊ အသက်အာမခံစနစ် ထည့်သွင်းထားခြင်းကြောင့် အန္တရာယ် တစ်စုံတစ်ခုဖြစ်ပေါ်ခဲ့မည်ဆိုပါက အာမခံကြေး (နစ်နာကြေး) ခံစားနိုင်စေရန်၊ မိသားစုများ မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်မည်ဆိုပါက Tone Plus ကုမ္ပဏီ သက်ဆိုင်ရာဟိုတယ်တွင်ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်စေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဦးသန်းဝင်းကဆိုသည်။ "မြန်မာနိုင်ငံကိုခေါ်တာတို့ ဘာတို့ဆိုရင်တော့ တစ်လကို ရင်းဂစ်သုံးဆယ်မက သုံးခဲ့ပါတယ်။ ကုမ္ပဏီနာမည်တွေတော့ မမှတ်မိတော့ဘူး။ အင်တာနက်ဝန်ဆောင်မှုကောင်းတဲ့အမျိုးအစားကိုပဲ ရွေးချယ်သုံးခဲ့တယ်" ဟု မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူတစ်ဦးက ပြောသည်။ Tone Plus ကုမ္ပဏီမှာ မလေးရှားနိုင်ငံရှိ မိုဘိုင်းဖုန်းနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်ရှိထားသော ကုမ္ပဏီများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။




**For Trade Enquiries : Please call 01-228678 & 09-5091084**

**National Sales & Service Partner : Global Mart Trading Group Co. Ltd. 95091084, Regional Sales & Service Partner : ICT Terminal Enterprise Ltd. 092035823**

***Distributors* : Mandalay :** Power Gold 09-2035823, **Pha-an** : Grand Hill Co., Ltd. 09 5660 903, **Pathein :** Hello Mobile 042 22561, 09 49000655, **Yangon :** Global Mart Trading Group Co., Ltd. 01 228678, ***Distributors & Service Centers* : Pyin Oo Lwin :** Asia Light 09-33443456, **Lashio :** Kyar Gaung 09-6700399,082- 23237, **Kyauk Mae :** Eagle 082-40188,09-403764188, **Nay Pyi Taw :** Golden Arrow 09-43110905, **Pakokku** : Aung Myint Mo 062-21421,09-2301641, **Monywa :** Mobile One 071-24255,09-47050500, ***Service Centers* : Mandalay :** Moon Star 09-402621420, 09-259002699, **Matayar :** Moon Star 1 09-402569891,09-33017972, **Mandalay :** Moon Star 2 09-259004876,09-444009330, **Yangon :** Htet Mobile 01 460022, 0973 0000 40, 09504 7774, 0942000 6690, 09420 1111 81, 09420 1111 44, **Pathein :** Sky Link 0951 77726, 042 24162, Pha An : Nay La Mobile 095660 901, 0943021 555



Internet Journal
Vol.15, No.11 | Thursday, March 13, 2014

## တီဗွီတိုင်းတွင်အသုံးပြုနိုင်သည့်Roku ၏ Streaming Stick အသစ်



Roku Streaming Stick ဟာသေးငယ်တဲ့set top box တစ်မျိုးဖြစ်ပါတယ်။ ၎င်းဟာ သာမန်အဆင့် HDMI အတွက် MHL (Mobile High-Definition Link) အားထားမှုကိုလျှော့ချပေးထားပါတယ်။ ယခုထုတ်ကုန်ဟာဆိုရင် remote တွဲဖက်ပါဝင်ပေမယ့် motion control နဲ့ပိုမိုဈေးကြီးတဲ့ head phone တွေကိုအသုံးပြုလို့မရပါဘူး။ ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၅၀ ရှိပါတယ်။

## Amazon၏Kindleစတုတ္ထမျိုးဆက် E-book reader



သင့်အနေဖြင့် ဒေါ်လာ ၁၀၀ ထက်နည်းပြီး ပိုမိုကောင်းမွန်သည့် displayနဲ့အိတ်ကပ်ထဲတွင်သွားလေရာသယ်ဆောင်လိုသည့်e-bookကို ဝယ်ယူလိုပါက Amazon ၏ Kindle စတုတ္ထမျိုးဆက်ရှိပါတယ်။ ၎င်း e-book ဟာတစ်ခါအားသွင်းထားရင် တစ်လအသုံးပြုနိုင်သော်လည်း touch-screen မဟုတ်တာကြောင့် ကီးဘုတ်မပါဝင်ဘဲ typing ရိုက်ရတယ်။ ဒါပေမယ့်လည်း ၆၉ ဒေါ်လာသာရှိပြီး ဈေးနှုန်းသက်သာပါတယ်။

## သင့်တော်သည့်သီချင်းများ နားထောင်နိုင်မည့် Cone စပီကာ



Cone စပီကာဟာ ဝက်ဘ်ဆိုက်နဲ့ချိတ်ဆက်ထားတဲ့ music player တစ်ခုဖြစ်သလို ရေဒီယိုတစ်လုံးလိုလည်း အလုပ်လုပ်ပါတယ်။ ၎င်းထုတ်ကုန်ဟာ သင့်ရဲ့သံစဉ်နှင့်ရေဒီယိုဝန်ဆောင်မှုပေးတဲ့ အမျိုးမျိုးသော ထုတ်လွှင့်မှုတွေကိုတစ်ချိန်တည်းလုပ်ဆောင်နိုင်ပါတယ်။ Cone ကိုသီချင်းတစ်ပုဒ်တည်းပွင့်နေအောင် ဒါမှမဟုတ် album နဲ့ podcast တွေကို နားထောင်ချင်တယ်ဆိုရင် ၎င်းရဲ့ကိုယ်ပိုင် iOS 7 app နဲ့ပြုလုပ်နိုင်သလို ကိုယ့်အသံနဲ့လည်းစခိုင်းလို့ရတယ်။ ဈေးနှုန်းကတော့ ဒေါ်လာ ၃၉၉ ပါ။






## Question & Answer

-ကိုသက်



**Q** ကျွန်တော့်ရဲ့ဖုန်းက **iPhone 5S** ပါ၊ ကျွန်တော့်ဖုန်းဟာ လွတ်ကျသွားပြီး **Screen** ကွဲသွားခဲ့ပါတယ်၊ **Screen** ပြန်လဲလိုက်တဲ့အချိန်မှာ ဖုန်းရဲ့ **Finger Print** က အလုပ်မလုပ်တော့ဘူးဖြစ်နေပါတယ်၊ **Finger Print** အသုံးပြုလို့ မရတော့ဘဲ ဖုန်းရဲ့ **Home Key** တစ်မျိုးပဲ အသုံးပြုလို့ ရပါတော့တယ်၊ အဲဒါဘယ်လို လုပ်ရင် ပြန်ကောင်းနိုင်မလဲဆိုတာသိပါရစေခင်ဗျာ ဈေးကွက်ထဲမှာတော့ ဒါကိုပြန်ဝယ်ပြီးအသစ်လဲလို့ ရတယ်လို့ ပြောကြပါတယ်၊ အဲဒီလို လဲလှယ်လိုက်ရင်ပြန်ကောင်းလာနိုင်မလားဆိုတာ သိပါရစေ၊

**A** iPhone 5S တွေမှာပါဝင်တဲ့ Finger Print စနစ်ဟာအသစ်လဲလှယ်အသုံးပြုနိုင်ဖို့ ခက်ခဲပါတယ်။ ဖုန်းလွတ်ကျလို့ Screen ကွဲသွားတဲ့အချိန်မှာ Screen ကို အသစ်လဲလှယ်တပ်ဆင်အသုံးပြုတယ်ဆိုရင် Screen ကိုဖြုတ်ချိန် ခွာချိန်မှာဂရုပြုစရာတစ်ခုရှိနေပါတယ်။ အဲဒါကတော့Home Key ရဲ့အောက်ဘက်မှာFinger Print အတွက် Chip တစ်ခုသီးသန့်ပါဝင်နေပါတယ်။ အဲဒီ Chip ရဲ့ Code တွေဟာFirmware Boot တက်ချိန်မှာA7 Processor နဲ့ ချိတ်ဆက်ထားတာဖြစ်ပါတယ်။ ဒီလိုချိတ်ဆက်ထားတဲ့အတွက်အသစ်လဲဖို့တော့ မလွယ်ပါဘူး။ ဈေးကွက်ထဲမှာတော့ Home Key နဲ့ Chip နဲ့အတွဲလိုက်ပါဝင်တဲ့ အပိုပစ္စည်းတွေကို ဝယ်လို့ရနေပါတယ်။ ဒါပေမယ့် အဲဒီလို အပိုပစ္စည်းအသစ်ကိုလဲလှယ်ပြီး တပ်ဆင်အသုံးပြုလိုက်မယ်ဆိုရင်တော့ Home Key ပဲအလုပ်လုပ်ပြီး Finger Print ကအလုပ်လုပ်မှာမဟုတ်တော့ပါဘူး။ ဒါကြောင့် Screen လဲမယ်ဆိုရင်တော့ Home Key နဲ့ Chip မပျက်အောင် ဂရုစိုက်သင့်ပါတယ်။ ပျက်သွားလို့ ပစ္စည်းအသစ်ကိုလဲလှယ် တပ်ဆင်လိုက်ပြီဆိုရင်တော့ Chip ကအသစ်ဖြစ်သွားမှာဖြစ်ပြီး Chip ရဲ့ Code တွေနဲ့ A7 Processor ရဲ့ ချိတ်ဆက်ထားမှုစနစ်တွေ ပျောက်ဆုံးသွားမှာဖြစ်တဲ့အတွက် Home Key ပဲအလုပ်လုပ်ပြီး Finger Print ကအသုံးပြုလို့ရမှာမဟုတ်တော့ပါဘူး။

## Gadget

### iPhone 5 နှင့် 5S အတွက် power case



ဒေအးဖြူ

iPhone 5/5S ကိုင်ဆောင်ထားသူများအတွက် ခရီးသွားရင်း ဂိမ်းကစားခြင်းပဲဖြစ်စေ၊ အင်တာနက်အသုံးပြုရန်ဖြစ်စေ ဘက်ထရီကို အချိန်ကြာကြာ ကူညီပေးမယ့် Extra Battery Pack တစ်မျိုးဖြစ်ပါတယ်။Battery သိုလှောင်နိုင်မှုပမာဏကတော့2800 mAh ပါဝင်မှာဖြစ်ပါတယ်။ lithium polymer Battery ကိုအမျိုးအစားကိုအသုံးပြုထားပါတယ်။ charg ing time အနေဖြင့် ၂ နာရီအားသွင်းရမှာဖြစ်ပြီး standard time အနေနဲ့ နာရီ ၂၀၀ ဝန်းကျင်အထိ အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်း ၃၀,၀၀၀ ဝန်းကျင်ဖြင့် My Data ဖုန်း - ၀၉-၅၀၄၆၀၈၅၊ ၀၉-၅၁၉၆၇၂၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

### ipega



ဒေအးဖြူ

iOS နဲ့ Android သုံး Mobile အမျိုးအစားတိုင်းကို bluetooth နဲ့ ချိတ်ဆက်ပြီး အသုံးပြုနိုင်ပြီးတော့ keychain အဖြစ်နဲ့လည်း အသုံးပြုနိုင်မှာဖြစ်တယ်။ iPega နဲ့ မိမိရဲ့ ဖုန်းကို သေချာနေရာချပြီး ipega လေးကိုနှိပ်လိုက်ရုံဖြင့် Group Photo တွေမှာ ကိုယ်တိုင်ပါဝင်လာအောင်ပြုလုပ်ပေးမယ့် Gadget ဖြစ်ပါတယ်။ lithium battery ကိုအသုံးပြုနိုင်ပြီး အားအပြည့်သွင်းထားမယ်ဆိုရင် ခတ်ပုံပေါင်း ၆သောင်းလောက်ကိုရိုက်နိုင်မှာဖြစ်တယ်။ အားကုန်သွားရင်လည်း Battery ကိုဖြုတ်စရာမလိုဘဲ USB ကြိုးနဲ့ အားသွင်းပြီး အသုံးပြုနိုင်မှာဖြစ်တယ်။ iOS Version 5.0 နဲ့ အထက် ဖုန်းများမှာအသုံးပြုနိုင်မှာဖြစ်တယ်။ ကာလာအနေဖြင့်အဖြူ အပြာ အမည်းရောင်တို့ကိုစိတ်ကြိုက်ဝယ်ယူသုံးစွဲနိုင်မှာဖြစ် တယ်။ ဈေးနှုန်း ၂၅,၀၀၀ ကျပ်ဖြင့် Winstar Apple Store ဖုန်း - ၀၉-၅၁၂၇၄၃၁၊ ၀၉-၇၃၅၅၅၅၄၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## IOS APPLICATION

Software

### iTunes Movie Trailers




သီဟ

iTunes Movie Trailers ဆိုတဲ့ App ကတော့ iTunes ပေါ်ကနေရောင်းချတဲ့ Movie တွေကိုနမူနာကြည့်ရှုနိုင်မယ့် App တစ်ခုဖြစ်ပါတယ်။ ရုပ်ရှင်ကားတိုင်းအတွက် Rate သတ်မှတ်ပေးထားပြီးဇာတ်ကားအမျိုးအစားကိုလည်းခွဲခြားပေးထားပါတယ်။ ဒါ့အပြင် သရုပ်ဆောင်တွေရဲ့အမည်ကို တစ်ခါတည်းကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Download ပြုလုပ်လိုပါက iTunes Store ကနေ Downloadပြုလုပ်နိုင်မှာဖြစ်ပါတယ်။Downloadပြုလုပ်ရမယ့်ဖိုင်အရွယ်အစားကတော့3.7MB သာရှိမှာဖြစ်ပါတယ်။ iOSVersion 7.0 နဲ့အထက်မှာအသုံးပြုနိုင်မှာဖြစ်ပြီး iPhone ရော iPad မှာပါအသုံးပြုနိုင်မှာဖြစ်ပါတယ်။

Game

### Autumn Dynasty Warloards




သီဟ

အင်ပါယာတစ်ခုကိုထူထောင်ပြီး ကိုယ့်ထံသို့ လာရောက်တိုက်ခိုက်မယ့်ရန်သူများကိုခုခံနိုင်ဖို့ကာကွယ်ဆော့ကစားရမယ့် ဂိမ်းအမျိုးအစား တစ်ခုဖြစ်ပါတယ်။ ဒီအင်ပါယာနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ဆုံးဖြတ်ချက်ဟာသာမှုတည်နေတဲ့အတွက် ဆုံးဖြတ်ချက်မမှားအောင် ချမှတ်ရမယ့်အပြင် Experience တွေကိုလည်း ပိုမိုများလာအောင်ဆော့ကစားရမှာဖြစ်ပါတယ်။ iPhone, iPad1 နဲ့ iPod Touch တို့မှာ သုံးစွဲနိုင်မှာမဟုတ်ဘဲ နောက်ပိုင်း Device တွေမှာသာအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသုံးပြုခွင့်အတွက် ကန်ဒေါ်လာ ၆. ၉၉ ပေးသွင်းရမှာဖြစ်ပါတယ်။ iOS Version 4.3 နဲ့ အထက်တွေမှာ ဆော့ကစားနိုင်မယ့်ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပါတယ်။

Software

### Disney Movies Anywhere




ရဲထွန်းဝင်း

ဒီ App ကို iPhone, iPad နှစ်မျိုးစလုံးမှာ အသုံးပြုနိုင်မှာဖြစ်ပြီး Version 3.0.1 အမျိုးအစား App ဖြစ်ပါတယ်။Disney,Pixar နဲ့Marvel ကနေ ရိုက်ကူးထုတ်လွှင့်တဲ့ ဒစ်ဂျစ်တယ်ဗီဒီယိုတွေကိုဘယ်နေရာကနေမဆိုကြည့်ရှုနိုင်စေမယ့် App ပဲဖြစ်ပါတယ်။ အခမဲ့ကြည့်ရှုနိုင်တဲ့ အစီအစဉ်တွေလည်းပါဝင်မှာဖြစ်ပြီး ဗီဒီယိုတွေကို အွန်လိုင်းချိတ်ဆက် ကြည့်ရှုနိုင်သလို အွန်လိုင်းမသုံးဘဲ Offline အနေနဲ့ကြည့်ရှုနိုင်ဖို့အတွက် Download လုပ်ထားနိုင်မှာလည်းဖြစ်ပါတယ်။ မိမိနှစ်သက်တဲ့ဗီဒီယိုတွေကိုတစ်စုတစ်စည်းတည်းသိမ်းဆည်းထားနိုင်မှာလည်းဖြစ်ပါတယ်။ App ရဲ့ ဖိုင်အရွယ်အစားကတော့ 18.8 MB ရှိပြီး iOS 7.0 နဲ့အထက်မှာ ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ iTune ကနေ အခမဲ့ရယူအသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်။

Game

### My Coloring Book



ရဲထွန်းဝင်း

iPhone, iPad နှစ်မျိုးစလုံးမှာဆော့ကစားနိုင်မယ့် ဂိမ်းလေးဖြစ်ပြီး Version 3.9 အမျိုးအစားဖြစ်ပါတယ်။ကလေးတွေအတွက် ကာလာချယ်နိုင်တဲ့ ရုပ်ပုံ ၁၇၅ ခုပါဝင်ပြီး ကလေးတွေရဲ့ လက်လှုပ်ရှားမှုနဲ့မျက်စိအမြင်ကိုဖွံ့ဖြိုးစေဖို့အတွက် ဖန်တီးထားတဲ့ ဂိမ်းလေးပဲဖြစ်ပါတယ်။ ကာလာချယ်ထားတဲ့ပုံလေးတွေကို သိမ်းထားနိုင်မှာဖြစ်သလို စကရင်ရဲ့ Wallpaper အနေနဲ့လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ချယ်ထားတာကိုမကြိုက်တဲ့အခါမျိုးမှာ အလွယ်တကူဖျက်ပြီး အစကနေပြန်ချယ်နိုင်မှာ ဖြစ်ပါတယ်။ ပုံတွေကိုချဲ့ခြင်း၊ ချုံ့ခြင်းတွေပြုလုပ်နိုင်မှာဖြစ်တဲ့အတွက် အသေးငယ်ဆုံးအစိတ်အပိုင်းလေးတွေအထိ ကာလာချယ်ကစားနိုင်မှာဖြစ်ပါတယ်။ ဖိုင်အရွယ်အစား 21.6 MB ရှိပြီး iOS 5.0 နဲ့အထက်မှာ ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။iTunes ကနေ အခမဲ့ ရယူဆော့ကစားနိုင်မှာဖြစ်ပါတယ်။

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

Guide

## Windows Phone တွင် Camera Shutter Sound ပိတ်ထားခြင်း




သီဟ

Windows Phone အသုံးပြုတဲ့သူတွေအနေနဲ့ တစ်ခါတလေမှာ ကင်မရာရိုက်တဲ့အခါမှာပဲဖြစ်ဖြစ်၊ Screenshot တွေပြုလုပ်တဲ့ အခါမှာပဲဖြစ်ဖြစ် Shutter အသံတွေထွက်ပေါ်လာတာကိုကြားရမှာဖြစ်ပါတယ်။ ဒီလို Shutter အသံတွေကို မကြားချင်တာဘဲဖြစ်ဖြစ်၊ အကြောင်းအမျိုးမျိုးကြောင့် မလိုအပ်လို့ အသံကိုပိတ်ထားချင်တာပဲဖြစ်ဖြစ် အလွယ်တကူနဲ့ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

Windows Phone မှာ Shutter အသံကိုပိတ်ထားချင်တယ်ဆိုရင် App List ထဲမှာရှိတဲ့ Settings ကို Tap ပြုလုပ်လိုက်ပါ။ Settings အောက်ကိုရောက်သွားပြီဆိုရင် Ringtones+Sounds ဆိုတာကိုရွေးချယ်ရမှာဖြစ်ပါတယ်။ အဲဒီအောက်ကမှ Camera Shutter ဆိုတဲ့နေရာမှာ အမှန်ခြစ်လေးကိုဖြုတ်ထားရမှာဖြစ်ပါတယ်။ ဒါဆိုရင် Camera ရိုက်ကူးတဲ့အခါမှာပဲဖြစ်ဖြစ်၊ Screenshot ပြုလုပ်တဲ့အခါမှာပဲဖြစ်ဖြစ်ကြားရတဲ့ Shutter အသံကို ပိတ်ပေးလိုက်ပြီဖြစ်ပါတယ်။

WINDOWS APPLICATION

Software

## PicsArt

သီဟ



PicsArt ဆိုတဲ့ App ကတော့ Windows Phone ပေါ်ကနေ ရိုက်ကူးတဲ့ဓာတ်ပုံတွေကိုပိုမိုကောင်းမွန်စွာနဲ့ ရိုက်ကူးပြီး Effect တွေအများအပြားကိုထည့်သွင်းအသုံးပြုနိုင်မယ့် Application တစ်ခုဖြစ်ပါတယ်။ဒ့ါအပြင် Fram များစွာကိုလည်း နှစ်သက်စွာရွေးချယ်ပြီး ထည့်သွင်းနိုင်အောင်စီစဉ်ပေးထားပါတယ်။ Social Net-working Site တွေနဲ့ချိတ်ဆက်ပြီး ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကိုလည်းဝေမျှနိုင်မှာဖြစ်ပါတယ်။ Download ပြုလုပ်လိုသူများအနေနဲ့ Market Place ကနေ Download လုပ်ယူနိုင်မှာဖြစ်ပြီး Download ပြုလုပ်ရမယ့်ဖိုင်အရွယ်အစားကတော့ 17MB ရှိမှာဖြစ်ပါတယ်။

Game

## Spider Monkey




သီဟ

Spider Monkey ဆိုတဲ့ ဂိမ်းကတော့ Windows Phone အသုံးပြုတဲ့သူတွေဆော့ကစားနိုင်မယ့် ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဂိမ်းဆော့ကစားပုံကတော့ ကိုယ့်ရဲ့သူငယ်ချင်းနဲ့ငှက်ပျောသီးတွေကိုစုဆောင်းပြီး ကယ်ဆယ်ဖို့အတွက် သစ်ပင်တစ်ပင်ကနေတစ်ပင်ကို ခုန်ကူးပြီး အချိန်ကြာမြင့်စွာသွားလာနိုင်အောင် ဆော့ကစားရမယ့် ဂိမ်းအမျိုးအစားတစ်ခုဖြစ်ပါတယ်။ ရွှေကွင်းလေးများစွာကို သွားနေရင်းစုဆောင်းထားရမှာဖြစ်ပါတယ်။ ရွှေကွင်းလေးတွေဟာ Level တစ်ခုချင်းစီအတွက် အရေးပါမှာဖြစ်ပါတယ်။ Download ပြုလုပ်လိုပါက Market Place ကနေ Download လုပ်ယူနိုင်မှာဖြစ်ပြီး Download ပြုလုပ်ရမယ့်ဖိုင်အရွယ်အစားကတော့ 3MB သာရှိမှာဖြစ်ပါတယ်။

Tablet Review

# Lenovo A5000




### အားသာချက်

Tablet တစ်ခု အနေနဲ့အသုံးပြုနိုင်သလို SIM Card ကိုထည့်သွင်းအသုံးပြုနိုင်တဲ့အတွက် တန်ဖိုးသက်သာပြီး ဖုန်းအဖြစ်ပါ အသုံးပြုနိုင်အောင် စီစဉ်ပေးထားတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ SIM Card ကို Dual SIM အထောက်အပံ့ပေးထားတဲ့အတွက် GSM ရော CDMA 800MHz ကိုပါထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကင်မရာကလည်း မက်မောလောက်စရာ Megapixel ကိုအသုံးပြုထားပေးပါတယ်။

### အားနည်းချက်

တန်ဖိုးမျှတတဲ့ Tablet အမျိုးအစားတစ်ခုဖြစ်တာကြောင့် ထူးခြားတဲ့ နည်းပညာသစ်တွေ ဒီ Tablet မှာပါဝင်ခြင်းမရှိပါဘူး။ ဒါပေမဲ့ အခြား Tablet များနဲ့ယှဉ်ရင်တော့ဈေးနှုန်းအနည်းငယ်မြင့်မားနေပါတယ်။ ဈေးနှုန်းမြင့်မားပေမယ့် ပေးရတဲ့တန်ဖိုးနဲ့ညီမျှတဲ့စွမ်းဆောင်ရည်ကိုလည်းရရှိနိုင်မှာဖြစ်ပါတယ်။

### အသေးစိတ်ဖော်ပြချက်

Quad Core Processor Snapdragon 8265Q ကိုအသုံးပြုထားပြီး Process ရဲ့ Speed ကတော့ 1.2 GHz ရှိမှာဖြစ်ပါတယ်။ RAM ကို 1GB အသုံးပြုပေးထားပြီး အချက်အလက်တွေသိမ်းဆည်းဖို့အတွက် 1GB ပမာဏရှိတဲ့ Storage ပါဝင်မှာဖြစ်ပါတယ်။ MicrosSD Card ကို 64GB အထိအထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။ Tablet ကို အသုံးပြုနိုင်ဖို့အတွက် အသုံးပြုထားတဲ့ System ကတော့ Android 4.1 ဖြစ်တဲ့ Jelly Bean Version ကိုအသုံးပြုထားပါတယ်။ Capacitive Touchscreen ကိုအသုံးပြုထားပြီး Multi Touch ကို 5 Points အထိအထောက်အပံ့ပေးတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။ Resolution ကတော့ 1024x600 resolution ရှိမှာဖြစ်ပါတယ်။ Dual Camera ကိုအသုံးပြုထားပြီး Front Camera ကတော့ 0.3 Megapixel ရှိမှာဖြစ်ကာ Rear Camera ကတော့ 8.0 Megapixels ရှိမှာဖြစ်ပါတယ်။ ဘက်ထရီကလည်း Lithium Battery 3650 mAh ကိုအသုံးပြုပေးထားပါတယ်။ ကိုယ်ထည်အနေနဲ့ပါးလွှာတဲ့ ဒီဇိုင်းပုံစံရှိတာကြောင့်ကိုင်ဆောင်ရတာ သက်သောင့်သက်သာဖြစ်စေမယ့် Tablet တစ်မျိုးဖြစ်ပါတယ်။

### သုံးသပ်ချက်

Lenovo A500 ဟာ အနက်ရောင်မကျမီးခိုးရောင်စပ်ကြားမှာရှိပြီး သပ်ရပ်လှပသလို ဆွဲဆောင်မှုရှိတဲ့ပုံစံမျိုးရှိတာကိုလည်းတွေ့ရမှာဖြစ်ပါတယ်။အရွယ်အစားကလည်း ၇ လက်မသာ ရှိတဲ့အတွက် သွားလေရာမှာအလွယ်တကူနဲ့သယ်ယူပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။အသုံးပြုထားတဲ့ Hardware တွေကလည်းပေးရတဲ့ တန်ဖိုးနဲ့ညီမျှတဲ့အတွက်သုံးစွဲသူတွေစိတ်ကျေနပ်စေမယ့် Tablet တစ်လုံးဖြစ်စေမှာပါ။

### ဒီဇိုင်း

Lenovo A5000 ဟာသပ်ရပ်ပြီး ဆွဲဆောင်မှုရှိတဲ့ ဒီဇိုင်း ပုံစံနဲ့ဖွဲ့စည်းထားသလို အချိုးအစားကျနေတဲ့အတွက် သုံးစွဲမယ့်သူတွေကို ဖွဲဆောင်စေနိုင်တဲ့ပုံစံမျိုး ရှိနေပါတယ်။ ၇ လက်မအရွယ်ဖြစ်တာကြောင့် သွားလေရာမှာအလွယ်တကူ သယ်ယူသုံးစွဲနိုင်မယ့် ဒီဇိုင်းပုံစံမျိုးလည်းရှိပါတယ်။

### ဆက်သွယ်ဝယ်ယူနိုင်မည့် လိပ်စာ

T-Land IT, Digital & Mobile ဖုန်း - ၃၉၈၃၄၃

### တန်ဖိုး

ကျပ် ၂၃၄,၀၀၀


"နေ့စဉ်ပြောင်းလဲနေသော အထူးဈေးနှုန်းများဖြင့်....."
COMPASS®
Find Your mind
အမြိုမြို့အနယ်နယ်မှ တစ်ဆင့်ပြန်လည်ရောင်းချလိုသည့်
လက်လီဆိုင်ကြီးများအတွက် အချိုသာဆုံးဈေးနှုန်းများဖြင့်
လက်ကားရောင်းချပေးပါသည်။
Mobile Distribution Group Co.,Ltd
No (679), 31 street, bet: 86 & 87 street
Mandalay.
Hot Line
02-61811
02-68482
09-43255555
09-33199997
09-49226767
09-402698899
Ascend G730
GSM, WCDMA, CDMA 800, CDMA 450 Handset အမျိုးမျိုး၊
Huawei Handset အမျိုးမျိုး၊ အထိုင်စက် အမျိုးမျိုး၊
Huawei Original Accessories အမျိုးမျိုး၊ ငွေဖြည့်ကတ်အမျိုးမျိုး၊
Memory Cards, Screen Guard, Power Bank, Bluetooth၊
ဖုန်းနှင့်ဆက်စပ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် လက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်။
MAKE It POSSIBLE
Like
Find us on Facebook
www.facebook.com/CompassMobile


DO DO KO KO
Computer & Electronics Sales Centre
SAMSUNG
14"
DOS
AMD E1
ကမ္ဘာ့ No.1 Apple နှင့်အပြိုင်ရင်ဘောင်တန်းနေသော
မိမိတို့အိမ်သုံး TV နှင့် လက်ကိုင်ဖုန်းများ
Brand တူပစ္စည်းများနှင့်တွဲဖက်
အသုံးပြုနိုင်သည့် ဈေးနှုန်းအချိုဆုံး
Samsung Laptop များ
500GB SATA HDD
1.48GHz , 2GB DDR3
329,000/-
17" LCD Monitor
45,000/-
Hp DESKJET 1510
All In One Color Printer
Print , Scan & Copy
Brand New
49,000/-
All in One ( Pc Attach Desktop )
Panasonic
- Celeron D2.6GHz
- 512MB
- 40 GB
- 64 VGA
- DVD Combo
- 15" TFT
75,000/-
NEC
- Core 2 Duo 2.0GHz
- 1GB DDRII
- 80 GB SATA
- 256 VGA
- DVD Rom
- 17" TFT
125,000/-
Present - ( Keyboard + Mouse )
ဈေးနှုန်းအချိုသာဆုံး NEC, IBM,Hp,Fujitsu Desktop
- Celeron 2.66 GHz
- 512 MB
- HDD 40 GB
- CD Rom
29,000/-
ဈေးနှုန်းအချိုသာဆုံး Hp, Dell Desktop
- Pentium 2.8 GHz
- 512 MB
- HDD 80 GB
- CD Rom
49,000/-
TOSHIBA SS1700 MY
Special Discount
* Core 2 Solo 1.06GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* LAN, Wifi
* 12.1" TFT
89,000/-
Toshiba T - 20
* Pentium M 1.6 GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* LAN, Wifi
* 15" TFT
99,000/-
Panasonic CF-W7
* Core 2 Duo 1.2GHz U7600
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Rom
* LAN , Wifi
* 12.1" TFT
149,000/-
NEC VY-20A/ED-4
* Core 2 Duo 2.0GHz(T7250)
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD RW
* LAN
* 15.4" TFT(Wide)
159,000/-
DELL D-820
* Core 2 Duo 1.66GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Rom
* LAN, Wifi
* 15.4" TFT(Wide)
159,000/-
Fujitsu FMV-A8260
* Core 2 Duo 2.1GHz (T8100)
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* LAN, Wifi
* 15.4" TFT (Wide)
165,000/-
TOSHIBA K -31
* Core 2 Duo 2.66GHz
* 2GB DDRII
* HDD 160GB
* 256MB VGA
* DVD R/W
* LAN, Wifi
* 15.4" TFT (Wide)
199,000/-
Fujitsu FMV-S8390
* Core 2 Duo 2.53GHz P8700
* 2GB DDRIII
* HDD 160GB
* 256MB VGA
* DVD RW
* LAN, Wifi
* 14" TFT
215,000/-

# LG Optimus L7 II

## Network

ဒါကတော့ LG ကနေပြီး အသစ်ဝင်ရောက်လာခဲ့တဲ့ ဖုန်းအမျိုးအစား တစ်ခုဖြစ်ပါတယ်။ ပထမထွက်ခဲ့တဲ့ Optimus L7 ရဲ့ မျိုးဆက်သစ်အမျိုးအစားတစ်ခုဖြစ်ပြီး L7 ကိုနည်းပညာပိုင်း Hardware ပိုင်းအဆင့်မြှင့်တင်ပေးထားတဲ့ဖုန်းအမျိုးအစားတစ်ခုပါ။ သိသိသာသာအဆင့်မြှင့်တင်ပြောင်းလဲမှုတွေကိုကြည့်မယ်ဆိုရင်တော့ ဖုန်းတစ်ခုလုံးရဲ့လုပ်ဆောင်ချက်အတွက် ထည့်သွင်းထားတဲ့ CPU စနစ်ပိုင်းမှာသိသိသာသာပြောင်းလဲမြှင့်တင်မှုတွေရှိနေသလိုအခြားစနစ်တွေဖြစ်တဲ့ကင်မရာစနစ်ပိုင်း နဲ့ GPU စနစ်၊ Operating System တွေမှာ အဆင့်မြင့်မားလာတာကိုတွေ့ရမှာဖြစ်ပါတယ်။ GSM စနစ်သုံး ဖုန်းအမျိုးအစား တစ်ခုဖြစ်ပြီး 2G, 3G ကွန်ရက်စနစ်မျိုးစလုံးမှာအသုံးပြုနိုင်မယ့်ဖုန်းပါ။ အင်တာနက်စနစ်အတွက်လည်းအဆင်ပြေနိုင်မှာဖြစ်ပြီး WiFi စနစ်နဲ့ အခြား Bluetooth ချိတ်ဆက်မှုစနစ်တွေကိုလည်း စုံစုံလင်လင်မြင်တွေ့ရမှာဖြစ်ပြီး ဈေးနှုန်းသင့်တင့်တဲ့ဖုန်းအမျိုးအစားတစ်ခုလည်းဖြစ်ပါတယ်။

## CPU & GPU

ပထမထွက်ခဲ့တဲ့L7 ဟာရှိရှိ 1 GHz Cortex-A5 CPU နဲ့Adreno 200 GPU ကိုအသုံးပြုထားတာဖြစ်ပြီး ခု အသစ်ထွက်လာတဲ့L7 II ကတော့ **Dual-core 1 GHz Cortex-A5 CPU** နဲ့ Adreno 203 GPU **တို့အသုံးပြုထားတာဖြစ်တဲ့အတွက်ပထမထွက်ခဲ့တဲ့**L7 ထက်ပိုမိုမြင့်မားနေတာတွေ့ရမှာပါ။ Dual-core CPU ရဲ့ ချောမွေ့တဲ့ စွမ်းဆောင်ရည်ကို ခံစားနိုင်မှာဖြစ်သလိုအဆင့်မြှင့်တင်ထားတဲ့ ဂရပ်ဖစ် GPU ရဲ့ စွမ်းဆောင်ရည်ကလည်း ရုပ်ပုံတွေရဲ့မြင်ကွင်းရုပ်ထွက်စနစ်ပိုင်းကို L7 ထက်ပိုမိုအားဖြည့်ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်။

## Sensor & Chipset

ဖုန်းကိုအသုံးပြုတဲ့အချိန်မှာဖုန်းကနေ အလိုအလျောက်သိရှိနိုင်ခြင်းစနစ်တွေအတွက် ထည့်သွင်းပေးထားတဲ့ Sensor စနစ်ပိုင်းတွေကိုကြည့်မယ်ဆိုရင်တော့Screen ကိုအလိုအလျောက် Rotate လှည့်ပေးနိုင်စေဖို့အတွက် Accelerometer Sensor စနစ်၊ ဖုန်းပြောချိန်မှာဖုန်းရဲ့ Touch Screen ကိုအလိုအလျောက်ပိတ်ထားပေးနိုင်မယ့် Proximity Sensor စနစ်နဲ့ တည်ရပ်ညွှန်းထောင့်တွေအတွက် Compass Sensor စနစ်တွေကိုထည့်သွင်းပေးထားတာတွေ့ရပါတယ်။ Sensor စနစ်ပိုင်းမှာတော့ ပထမထွက်ခဲ့တဲ့L7 နဲ့တူတူပဲဖြစ်ပါတယ်။ Chipset ကတော့ Qualcomm MSM8225 Snapdragon Chipset ကိုအသုံးပြုထားတာပါ။

## Camera

ကင်မရာကတော့ 8 MegaPixel ရှိတဲ့ ကင်မရာကိုတပ်ဆင်အသုံးပြုထားတာဖြစ်တဲ့အတွက်ကင်မရာစနစ်ပိုင်းမှာလည်းရှေ့ကထွက်ခဲ့တဲ့ L7 ထက်ပိုပြီးကောင်းမွန်မြင့်မားနေတာတွေ့ရမှာပါ။ Pilxe Resolution ကတော့ 3264x2448 ထိရရှိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသုံးပြုထားတဲ့ကင်မရာဟာMegapixel မြင့်မားပေမယ့်ကင်မရာစနစ်ပိုင်းတွေမှာတော့ ထူးထူးခြားခြား ထပ်မံဖြည့်စွက်ထားတာမျိုး မရှိပါဘူး။ Megapixel မြင့်မားတဲ့ ကင်မရာကိုအသုံးပြုထားတာကြောင့် Resolution ကောင်းမွန်တဲ့ ဓာတ်ပုံတွေကိုတော့ ရရှိနိုင်မှာဖြစ်ပါတယ်။



LG Show Room ဖုန်း - ၀၉-၄၃၀၈ ၀၅၃၈

## OS

OS ကတော့ Android OS ကိုအသုံးပြုထားတာဖြစ်ပြီး Version ကတော့4.1.2 ဖြစ်တဲ့အတွက် ပထမထွက်ခဲ့တဲ့ L7 ထက် OS Version မြင့်မားပါတယ်။

## Dimension & Weight

ဖုန်းရဲ့ အရွယ်အစား ကတော့ အမြင့်က 12.15 စင်တီမီတာရှိပြီးဘေးတိုက်အကျယ်ကတော့ 6.66 စင်တီမီတာရှိပါတယ်။ ဖုန်းရဲ့အထူကတော့ 0.97 စင်တီမီတာရှိပါတယ်။ အလေးချိန်ကတော့ 118g ပါ။

## Screen

Screen Size ကတော့4.3 Inch ရှိပါတယ်။ ScreenPixel ကတော့ 480x800 pixels ဖြစ်ပါတယ်။ Screen အမျိုးအစားကတော့ IPS LCD အမျိုးအစား Capacitive Touch Screen ဖြစ်ပါတယ်။

## Multimedia

SNS integration, Active noise cancellation with dedicated mic, MP4, WMV player, MP3, WAV, WMA, Document viewer, Organizer, Google Search, Maps, Gmail, YouTube, Google Talk, Voice memo/dial/commands အစရှိတဲ့စနစ်တွေကို အသုံးပြုနိုင်မယ်လို့ဆိုပါတယ်။

## Memory

Internal Memory 4GB ပါဝင်ပြီး 768MB RAM ပါဝင်ပါတယ်။ ဖုန်းတွင်းမှတ်ဉာဏ်စနစ်ပိုင်းမှာအနည်းငယ်နည်းတယ်လို့ထင်ရပေမယ့်လည်း မှတ်ဉာဏ်ထပ်တိုးသုံးဖို့အတွက် Micro SD Card 32GB ထိထပ်တိုးအသုံးပြုနိုင်မှာဖြစ်တဲ့ အတွက်အဆင်ပြေနိုင်မှာပါ။

-ကိုသက်



INTERNET Journal

# Education

Vol. 15, No. 11 • Thursday • March 13, 2014



## လာမည့်နှစ်များတွင် အွန်လိုင်းပညာရေး ပိုမိုထွန်းကားလာရန် မျှော်လင့်

သန္တာ
ရန်ကုန်၊ မတ် ၅

မြန်မာနိုင်ငံတွင် အွန်လိုင်းပညာရေး ထွန်းကားလာမည်ဟု ယုံကြည်ကြောင်း အွန်လိုင်းပညာရှင်များနှင့် ပညာရေး အေဂျင်စီများမှ သုံးသပ်ပြောကြားချက်များအရသိရှိရသည်။ အွန်လိုင်းမှပညာသင်ကြားနိုင်မှုသည် ကမ္ဘာတွင် ပိုမိုထွန်းကားလျက်ရှိပြီး ဘွဲ့သင်တန်းများ၊ ဘွဲ့လွန်သင်တန်းများကို အွန်လိုင်းမှ သင်ကြားပြီးဘွဲ့တံဆိပ်များ၊ သင်တန်းဆင်းလက်မှတ်များနှင့်အတတ်ပညာများကို ရယူနိုင်နေပြီဖြစ်သည်။ အင်တာနက်ထွန်းကားလာသည်နှင့်နည်းတူ အစိုးရပညာရေးလောကတွင်လည်း အွန်လိုင်းမှ အဝေးသင်ပညာရေးကိုလည်း စတင်အကောင်အထည်ဖော်နေပြီး တက်ရောက်နေသူများပင်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် လာမည့်အနာဂတ်နှစ်များတွင် အွန်လိုင်းမှ ပညာသင်ကြားနိုင်မှုသည် ပိုမိုထွန်းကားလာနိုင်ကြောင်းကို ပညာရှင်များက သုံးသပ်ထားကြခြင်းဖြစ်သည်။

"ဒီလိုထွန်းကားလာမှုလည်း ပညာရေးကဏ္ဍမှာပြောင်းလဲမှုတွေက မြန်မြန်ဆန်ဆန်ဖြစ်လာမှာ။ အွန်လိုင်းပညာရေးနဲ့ပတ်သက်ပြီးတော့လည်း Oxford ကနေလုပ်ထားတဲ့သုတေသနတွေကလည်းရှိတယ်။ ဘယ်လိုမျိုးတွေလဲဆိုတော့ အွန်လိုင်းကနေMasterဘွဲ့ ယူသွားတာနဲ့စာသင်ခန်းထဲမှာMaster ဘွဲ့ရယူသွားတဲ့နှစ်ခုရဲ့ ပညာရေး Quality ကိုဘယ်ဟာကပိုကောင်းတယ်ဆိုတဲ့သုတေသနအဖြေကိုသွားကြည့်တဲ့အခါကျတော့နှစ်ခုစလုံးကအတူတူပဲဆိုတာကိုသွားတွေ့တယ်။ နောက်ထပ် အဖြေအနေနဲ့ကတော့ အွန်လိုင်းကိုလည်းသုံးမယ်၊ စာသင်ခန်းကိုလည်းသုံးမယ်ဆိုရင်ပိုကောင်းတယ်ဆိုတာကိုလည်းသွားတွေ့ရတယ်" ဟုJupiter Online Education မှကိုအောင်ကျော်မျိုးကပြောကြားသည်။

အွန်လိုင်းပညာရေးထွန်းကားရန် အတွက် ပညာရေးဝက်ဘ်ဆိုက်များ ထူထောင်နိုင်သော အဖွဲ့အစည်းအများအပြားလိုအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် ကျောင်းသင်ခန်းစာများကလည်းပြန်လည်လေ့ကျင့်နိုင်ရန်အတွက် ပြည်တွင်းဝက်ဘ်ဆိုက်များလည်း ပေါ်ထွက်နေပြီဖြစ်သည့်အပြင် ပြည်ပပညာရေးလေ့လာလိုသူများအတွက်လည်း ပြည်တွင်း၌နိုင်ငံတကာအသိအမှတ်ပြုကျောင်းများဖွင့်လှစ်လျက်ရှိပြီး အခိုပ်ဒီကျောင်းများမှတစ်ဆင့်လည်း အွန်လိုင်းမှတစ်ဆင့်သင်ကြားမှုများကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။ ပြည်ပတက္ကသိုလ်များတွင်လည်း အွန်လိုင်းပညာရေးစနစ်ကိုတွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိနေပြီးသင်ကြားမှုတိုင်းတွင်လည်း ပါဝင်နေကြောင်းသိရသည်။

"ပြည်ပမှာပညာသွားသင်မယ်ဆိုရင် ဒီအွန်လိုင်းပညာရေးစနစ်က ရင်းနှီးကျွမ်းဝင်မှုကိုရမှာ။ အဲဒါက အဓိကလိုဖြစ်နေတယ်။ ပြည်ပမှာ ပညာသွားသင်မယ်ဆိုရင်လည်း ဒါတွေကမဖြစ်မနေကြုံရမယ့် သင်ကြားမှုအခြေအနေတွေပါ" ဟုမလေးရှားပညာရေးအေဂျင်စီ Jenko မှဒေါ်နီနီမြင့်ကပြောသည်။

အွန်လိုင်းပညာရေးထွန်းကားလာပါကလည်း ပြည်တွင်းရှိကျောင်းသားကျောင်းသူများအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်သည်။ အလုပ်ခွင်တစ်ဖက်နှင့်အချိန်မပေးနိုင်သော ပညာရှာမှီးလိုသူများအတွက်လည်း အဆင်ပြေစေနိုင်မှာဖြစ်သလို နေရာဒေသကွာဟချက်ကိုလည်း အတတ်နိုင်ဆုံး ကျဉ်းမြောင်းစေနိုင်မှာဖြစ်ကြောင်း ပညာရှင်များကသုံးသပ်ကြသည်။

"အချိန်ကုန်သက်သာပြီး အင်တာနက်ရှိတဲ့နေရာတိုင်းကနေ ပညာသင်ယူခွင့်လည်း ရှိလာတာပေါ့။ နောက်တစ်ခုက အလုပ်တစ်ဖက်နဲ့ပညာသင်ယူလိုသူတွေအတွက်လည်း ပိုပြီးအဆင်ပြေစေတယ်။ တချို့တွေဆိုဝါသနာပါတဲ့ပညာရပ်ကို အသက်အရွယ်အရဖြစ်ဖြစ်၊ လုပ်ငန်းခွင်ထဲရောက်နေလို့ပဲဖြစ်ဖြစ် ကျောင်းကိုသွားမတက်နိုင်တဲ့အခြေအနေမျိုးတွေလည်း ရှိတတ်ပါတယ်။ အဲဒီလိုလူမျိုးတွေအတွက် အွန်လိုင်းကနေ ပညာသင်ယူလို့ရတာက အဆင်ပြေပါတယ်။ ပိုပြီးသိသိသာသာအဆင်ပြေလာမယ့်အချက်က နယ်ဒေသတွေမှာနေထိုင်သူတွေအတွက်ပါ။ သူတို့မှာက သင်ကြားလိုတဲ့ပညာရပ်တစ်ခုခုရှိပေမယ့် ကျောင်း၊ သင်တန်းစတာတွေက ရန်ကုန်၊ မန္တလေးလိုမြို့ကြီးတွေမှာ အဓိက အခြေစိုက်ဖွင့်ထားကြတာဆိုတော့သူတို့အတွက် တကူးတကဖြစ်မိပြီး

စာ (၃၅)သို့



## ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားတက္ကသိုလ်များ ပညာရေးဆိုင် ရာပူးပေါင်းမှုများပြုလုပ်မည်

အေးဖြူ
ရန်ကုန်၊ မတ် ၇

ရန်ကုန်တက္ကသိုလ်နှင့်ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်သုံးခုဖြစ်သည့် Chonnam University, Hangang University နှင့်Korea Research Institute of Bio science and Biotechnology တို့ ပူးပေါင်း၍ ပညာရေးဆိုင်ရာ ဆောင်ရွက်မှုအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ကြောင်း အဆင့်မြင့်ပညာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်ထွန်း၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာအောင်ကျော်၊ ရုက္ခဗေဒဌာန ဌာနမှူးပါမောက္ခဒေါက်တာသက်သက်မေ၊ ပါမောက္ခဒေါ်ဝန်းဝန်းအေးနှင့် မနုဿဗေဒဌာနမှူး ဒေါက်တာသန်းလွင်တို့နှင့်အတူ လက်မှတ်ရေးထိုးရန် ကိုရီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ သွားရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် အနေဖြင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဂျပန်၊ ထိုင်း၊ ဂျာမနီ၊ ကိုရီးယား စသည့် နိုင်ငံများမှ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ပြီး ကိုရီးယားတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းမှာ တက္ကသိုလ်များတွင် သုတေသနများ အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ ပညာသင်ဆုထောက်ပံ့ခြင်းနှင့်သင်ကြားရေး ဆရာများ ဖလှယ်ခြင်းတို့ အတွက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။



BRITISH COUNCIL

Education UK
Innovative. Individual. Inspirational.



# Celebrating a successful future

## Join us at the Education UK Exhibition 2014

Free entry | Myanmar Ballroom (Level 2) Traders Hotel Yangon | 22 March 2014 09.00 – 18.00

Visit our exhibition and meet representatives from over 20 UK colleges, universities, professional bodies and UK education course providers from Singapore. Seek expert advice on UCAS application, information on available scholarships, and find out which institution is right for you!

**Participating UK institutions and UK course providers:**

- ACCA
- Anglia Ruskin University
- Birmingham City University
- BMC International College
- Cambridge Tutors College
- University of Central Lancashire
- English UK
- University of Glasgow
- International Study Centres UK
- Liverpool John Moores University
- Middlesex University
- Northumbria University
- University of Nottingham
- Nottingham Trent University
- University of Northampton
- Pearson Qualifications International
- University of Portsmouth
- University of South Wales
- University of Sunderland
- UCAS
- University of Warwick
- University of Westminster
- University of Wolverhampton
- York St John University

Pre-register online now and **win iPad Mini and other attractive prizes** at
www.myanmar-network.net or www.britishcouncil.org.mm/events
Enquiries: +95 (0) 1 254658, 256290-1 Ext: 3443, 3311
*education.enquiries@mm.britishcouncil.org*

www.educationuk.org

Sponsored by KBZ BANK

# Contact Regent today for your World-Class Education

မြန်မာကျောင်းသူ ၊ ကျောင်းသားများ အဓိက ရွေးချယ်တက်ရောက်ကြသည့် UK နှင့် USA ရှိ ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များ

Undergraduate နှင့် Postgraduate Pathway Program များတွင်
Scholarship ချီးမြှင့်မည့် ဘာသာရပ်များ

INTO the global education partners

MORE THAN £1.5 million AWARDED IN SCHOLARSHIPS EACH YEAR

- Law
- Finance
- Business
- Economics
- Architecture
- Management
- Humanities
- Computing
- Engineering
- Art and Design
- Social Sciences
- Health Sciences
- Biomedical Sciences
- Events Management
- Tourism Management
- Hospitality Management
- International Medicine
- International Graduate Medicine

USA: Colorado State University; OSU Oregon State University; USF University of South Florida; Marshall University

UK: University of Exeter; Manchester 1824 The University of Manchester; City University London; UEA University of East Anglia; Newcastle University; St George's University of London; Queen's University Belfast; GCU Glasgow Caledonian University; Manchester Metropolitan University; University of Gloucestershire

## Seminar Presentation
23-03-2014 (Sun)
10:00 (am) - 12:00 (pm)
Scholarship Interview at 2:00 pm
Regent Office



Scholarships Up To 100% Available

မြန်မာကျောင်းသား၊ မိဘများအားထားရာ

Regent Consultancy Services Co. Ltd

အမှတ် B-(13+23)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၀၀၀၅၄၊ ၀၉၅၀-၁၉၈၇၀၊ ၀၉၇၃-၂၀၅၃၃၃ office@regent-myanmar.com

Contact Regent today for your World-Class Education

# A Leading Hotel Management Institute in the World

HTMi

- Switzerland နိုင်ငံတွင် Hotel & Tourism ပညာရပ်ကို Work Placement / Internship များနှင့်တကွ သင်ယူနိုင်မည့် အခွင့်အရေး
- Switzerland နိုင်ငံတွင် (၆)လ စာတွေ့၊ (၆)လ လက်တွေ့ ကို ကျောင်းလခ၏ ထက်ဝက်ခန့်ဖြင့် သင်ယူနိုင်မည့် အခွင့်အရေး

Scholarships sfr 5,000

ရွေးချယ်တက်ရောက်နိုင်မည့် ဘာသာရပ်များ

- Certificate in International Hotel and Tourism Operations
- Diploma in International Hotel and Tourism Management
- Higher Diploma in International Hotel and Tourism Management
- BSc(Hons) International Hotel and Tourism Management
- Advanced Diploma in European Baking and Pastry Arts
- Postgraduate Diploma in European Baking and Pastry Arts
- Postgraduate Diploma in International Hotel and Tourism Management
- Postgraduate Diploma in International Hotel Events Management
- MA in Hotel Business Management
- MSc Hospitality and Tourism Management
- MBA Hospitality Management
- Executive MBA in Hotel Management
- Diploma in Training for Trainers in Hotel Management



Preparing students to organise and manage events in the hospitality industry.




## Seminar Presentation
Date - 24 March 2014 (Mon)
Time - 3:00 (pm) - 5:00 (pm)
Venue - PARKROYAL HOTEL
Padamyar Room (3)

Regent Consultancy Services Co. Ltd

အမှတ် B-(13+23)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၀၀၀၅၄၊ ၀၉၅၀-၁၉၈၇၀၊ ၀၉၇၃-၂၀၅၃၃၃ office@regent-myanmar.com

တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းများကိုအခြေပြုလေ့လာမှုများပြုလုပ်ပေးနေသည့်ဝက်ဘ်ဆိုက်တစ်ခုတည်ထောင်ထားသူ

# Jupiter Online Education Services ၏ Chief Executive Officer ကိုအောင်ကျော်မျိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

မိမိသင်ကြားထားသမျှကို ပြန်လည်လေ့လာဆန်းစစ်လိုသော တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများအတွက် အဓိကထား တည်ထောင်ထားတဲ့ www.mmcloudschooling.com နဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေအပြင် Jupiter Education Online Services အနေနဲ့ ရှေ့ဆက်ပြီးဘယ်လိုလုပ်ငန်းတွေ လုပ်ဆောင်သွားမလဲ ဆိုတာတွေကိုမေးမြန်းဖြစ်ခဲ့ပါတယ်။

**ဝက်ဘ်ဆိုက်ကို စတင်တည်ထောင်ဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်တလေးကိုပြောပြပေးပါ။**

စတည်ထောင်ဖြစ်တဲ့ ရည်ရွယ်ချက်ကိုပြောရမယ်ဆိုရင် အစ်ကိုပထမဦးဆုံးစဉ်းစားမိတာက ဒီနိုင်ငံမှာက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံကနေပြီးတော့ အပြောင်းအလဲတွေလုပ်ကြတယ်။ အဲလိုလုပ်ကြတဲ့အပေါ်မှာ မြန်မြန်ဆန်ဆန်နဲ့ပြောင်းလဲ နိုင်ဖို့ဆိုတာက အိုင်စီတီကိုအသုံးချမှုရမယ်လို့မြင်မိတယ်။ ဒီတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ အဲလိုတာဝန်တွေကို ကိုယ်နိုင်သလောက် ဝင်ထမ်းချင်စိတ်ပေါက်လာခဲ့တယ်။ အစ်ကို့အနေနဲ့ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားတယ်။ ဒီလိုနဲ့ပဲ တက္ကသိုလ်ဝင်တန်းကျောင်းသားတွေအတွက် ဝက်ဘ်ဆိုက်လေးတစ်ခုလုပ်ဖြစ်ခဲ့ပါတယ်။ အစ်ကိုတို့ ဝက်ဘ်ဆိုက်က စာအုပ်ဆိုင်တွေမှာတွေ့ရတဲ့ အထူးထုတ်သင်ရိုးကုန်ပုံစံမျိုး မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက ကလေးတွေအရိုးစွဲလာတာတစ်ခုရှိတယ်။ အဲဒါက ကျက်ရင်ရမယ် ဆိုတာမျိုး။ အခု အစ်ကို့ဝက်ဘ်ဆိုက်ကအဲလိုပုံစံမျိုး မဟုတ်ဘူး။ ကလေးတွေကိုအသစ်ပြောချင်တာ ပိတ်မိနေတဲ့ ဘောင်လေးအတွင်းကနေပြီးတော့ ခုန်ထွက်စေချင်တာ။ ကျောင်းသားတွေအတွက် အဲလိုရည်ရွယ်ပြီးတော့ပညာရှင် အငြိမ်းစားပါမောက္ခဆရာကြီးတွေနဲ့ တိုင်ပင်တယ်။ သူတို့ဆီကနေ အကြံဉာဏ်တွေတောင်းတယ်။ သူတို့အတွေ့အကြုံတွေနဲ့ထုဆစ်ပေးထားတဲ့ အထူးဆောင်းပါးတွေ တောင်းတယ်။ အဲလိုမျိုးဆွေးနွေးတိုင်ပင်မှုတွေ အထပ်ထပ်ပြုလုပ်ပြီးမှ ဒီဝက်ဘ်ဆိုက်ကိုတည်ထောင်ဖြစ်တာပါ။

**ဝက်ဘ်ဆိုက်ကိုစတင်တည်ထောင်ထားတာ ဘယ်လောက်ကြာပြီလဲ။**

လွန်ခဲ့တဲ့၃ လလောက်ကစပြီး လွှင့်တင်ခဲ့တာပါ။ အခုလောလောဆယ်မှာတော့Beta Versionအနေနဲ့ နှစ်နှစ်လောက်တင်ထားမယ်။ Pilot Project လိုမျိုးလုပ်ထားတယ်။ လောလောဆယ်တော့ ကျောင်းသားတွေအနေနဲ့လေ့ကျင့်ခန်းတွေကို အခမဲ့ဝင်ပြီး ပြုလုပ်နိုင်မယ်။

**အစ်ကို့ဝက်ဘ်ဆိုက်က ဝက်ဘ်ဆိုက်တနေသင်ကြားတဲ့ ပုံစံလား၊ ဒါမှမဟုတ် လေ့လာတဲ့ ပုံစံလား။**

အစ်ကိုတို့က ဝက်ဘ်ဆိုက် ကနေသင်ကြားတဲ့ပုံစံမျိုးဆိုတာထက် ကလေးတွေကြိုက်တဲ့နေရာက စာသင်ခဲ့၊ ပြီးရင် ကိုယ်ဘယ်လောက်တတ်သလဲဆိုတာကို ဒီဝက်ဘ်ဆိုက်မှာလေ့ကျင့်ခန်းတွေလုပ်ရင်း ဆန်းစစ်ကြည့်။ ဖြေပြီးတာနဲ့ကလစ်တစ်ချက်နှိပ်လိုက်သူ့အမှတ်ထွက်လာလိမ့်မယ်။ ကိုယ့်စိတ်ကြိုက်အကြိမ်ကြိမ်ပြန်ဖြေလို့ရတယ်။ သူက Multiple Choice ၁၅ ပုဒ်ဖြေတယ်ဆိုပေမယ့်အစ်ကိုတို့က အပုဒ်၁၀၀လောက် ထည့်ပေးထားတာ။ တစ်ခေါက်နဲ့တစ်ခေါက်မတူအောင်လို့ပေါ့။ များများလေ့ကျင့်လေ၊ များများ တတ်လေပဲ။ နောက်ပိုင်း အမြင်ကျယ်တဲ့ဝန်ကြီးတွေခေတ်အင်တာနက်ကွန်နက်ရှင်တွေကောင်းလာခဲ့မယ်ဆိုရင် ဝက်ဘ်ဆိုက်ကနေသင်ကြားပေးတဲ့ ပုံစံမျိုးတွေ လုပ်ပေးသွားမှာပါ။ ဘယ်လိုမျိုးလဲဆိုတော့ ဓာတုဗေဒ ဆိုရင် ဓာတုဗေဒစမ်းသပ်မှုတစ်ခုကိုဆရာတစ်ယောက်ကနေ လုပ်ပြမယ်။ Iron II Sulphide က ဘယ်လိုအရောင်ထွက်တယ်ဆိုတာမျိုးကို အစ်ကိုတို့ Video Clip အနေနဲ့ရိုက်ထားမယ်။ ဇီဝဗေဒဆိုရင် ဖားခွဲတာတို့ ဘာတို့ကို ဒီလိုဗီဒီယိုဖိုင်လေးတွေနဲ့ တင်ပြီးသင်ကြားတဲ့ပုံစံမျိုးလေးတွေလုပ်သွားပေးဖို့ရှိပါတယ်။

**အခုလောလောဆယ်မှာ ဝိဇ္ဇာဘာသာရပ်အတွက်မတွေ့ဘူး၊ သူတို့အတွက်ရောစီစဉ်ပေးသွားဖို့ရှိလား။**

ဝိဇ္ဇာသမားတွေအတွက်က အစ်ကိုတို့နောက်ပိုင်းမှာလုပ်ပေးသွားမှာပါ။ အဲဒီအတွက်လည်း Categories တွေထည့်ထားတယ်။ အခုလောလောဆယ်မှာHideလုပ်ထားတဲ့အတွက် User Interface မှာမမြင်ရသေးတာ။ သူတို့အတွက်ဆရာတွေဆီက Article တွေပေးဖို့ကမ်းလှမ်းထားပါတယ်။ မရသေးလို့Hide လုပ်ထားတာပါ။

**အခုဝက်ဘ်ဆိုက်အပြင် အစ်ကိုတို့အနေနဲ့အခြားသော အွန်လိုင်းပညာရေးလုပ်ဆောင်မှုတွေ ထပ်ပြီးတော့လုပ်သွားဖို့ရှိလား။**

ရှိပါတယ်။ အခြားProjectတွေ အများကြီးရှိပါသေးတယ်။ အစ်ကိုတို့ Jupiter Online Education Services ဆိုတဲ့ခေါင်းစဉ်အောက်မှာ တက္ကသိုလ်ဝင်တန်းကျောင်းသားတွေကို Target ထားတဲ့ဝန်ဆောင်မှုကို ပထမဦးဆုံးလုပ်ဆောင်တာပါ။ နောက်ပိုင်းမှာ ဒီထက်ပိုပြီးလုပ်ပေးသွားဖို့လည်းရှိပါတယ်။ ပညာရေးနဲ့ပတ်သက်တဲ့ဝန်ဆောင်မှုတွေကိုပဲဆက်ပြီးတော့ လုပ်သွားမှာပါ။



**ဝက်ဘ်ဆိုက်ကိုဝင်လေ့လာပြီး လေ့ကျင့်ခန်းတွေလုပ်တဲ့တလေးတွေအတွက် သူတို့အနေနဲ့ ဘာအကျိုးကျေးဇူးတွေရရှိသွားနိုင်သလဲ။**

Aritcle တွေဝင်ဖတ်ရင် ဗဟုသုတတွေအများကြီးရမယ်၊ လေ့ကျင့်ခန်းတွေဝင်လုပ်ရင် စာမေးပွဲဖြေဖို့အတွက် အတွေ့အကြုံကောင်းတွေရသွားမယ်။ နိုင်ငံတကာမှာ ငါတို့နဲ့ သက်တူရွယ်တူကလေးတွေက IGCSE/SAT တွေကိုဘယ်လိုလေ့လာပြီးဘယ်လိုဖြေနေကြသလဲဆိုတာ၊ ငါတို့လည်းသူတို့နဲ့အတူတူပဲ ဒီလိုမျိုးလေ့လာပြီး ဒီလိုမျိုးတွေဖြေလို့ရတယ်ဆို တဲ့ အတွေးမျိုး အသိမျိုးဝင်သွားမယ်။ Quality Education တစ်ခုကို သူတို့ခံစားသွားရလိမ့်မယ်။ နောက်ပြီး ဒီဝက်ဘ်ဆိုက်က ၁၀ တန်းဖြေပြီးသွားမှဝင်ဖတ်လည်းအကျိုးရှိတဲ့ ဆိုက်တစ်ခုဖြစ်ပါတယ်။ ၁၀ တန်းနဲ့မသက်ဆိုင်တဲ့သူဝင်ဖတ်လည်း အကျိုးရှိတဲ့ဆိုက်တစ်ခုပါ။ အဓိကကတော့ကလေးတွေရဲ့စွမ်းရည်ကိုမြှင့်တင်ပေးတာမျိုးပါ။

**ဝက်ဘ်ဆိုက်မှာ ကျောင်းသားတွေမေးတာကို ပြန်လည်ဖြေကြားပေးနိုင်မယ့် Q & A Section မျိုးတွေရောရှိလား။**

အဲဒီယဉ်ကျေးမှုကိုတော့တွန်းကားအောင်တော့လုပ်ရမှာပေါ့။ အချိန်ရှိတယ်။ ဒီ Forum မှာ Moderator ကဘယ်သူမြန်မာစာကို ဘယ်သူ Moderate လုပ်မှာလဲ။ အဲလိုမျိုးတွေတော့ရှိတာပေါ့။ အစ်ကိုလည်းဒီလိုမျိုးလေးတွေ လုပ်ပေးသွားဖို့ရှိပါတယ်။ ဒီလို ယဉ်ကျေးမှုကိုတွန်းကားအောင်တော့ ကလေးတွေကိုစည်းရုံးပြီး တဖြည်းဖြည်းချင်းတော့လုပ်ယူရမှာပါ။

**တလေးတွေဒီလိုဝင်ဖြေတဲ့အခါ စာမေးပွဲကိုထိခိုက်နိုင် သလား၊ နောက်ပြီးအမှတ်ပေးစည်းမျဉ်းနဲ့ရောညီပါ့မလား။**

ဒါကတော့ အမှတ်ခြစ်တဲ့ဆရာ၊ ဆရာမတွေရဲ့ Capacity နဲ့ပဲဆိုင်ပါတယ်။ အမှတ်ပေးစည်းမျဉ်းဆိုတာကိုစံနမူနာထားပြီး ဆရာက လိုက်သင်နေရင်တော့ သွားပြီ။ ဘာသာရပ်အလိုက်အခြေခံလိုက်နာရမယ့် စည်းကမ်းလေးတွေရှိတယ်။ ဥပမာသင်္ချာဘာသာရပ်မှာ (is equal to,=) နဲ့ (is congruent to= မတူဘူး အတိအကျခွဲသုံးရမယ်။ ဒါဟာကျောင်းသားရော ဆရာပါလိုက်နာရမှာ၊ အမှတ်ပေးစည်းမျဉ်းမှာပါလို့ လိုက်သင်ရတာမျိုးမဟုတ်ဘူး။ Textbook Base ကနေ Syllabus Base ကိုသွားရမှာ Textbook Base ကိုသွားတယ်ဆိုရင် Textbook နဲ့လွဲတာနဲ့ မျှော်လင့်ချက်နည်းပြီ။ အစ်ကိုတို့က Syllabus Base ကိုသွားတာဆိုတော့ Concept နားလည်တယ်၊ Idea လည်းရှိတယ်၊ English လည်းကောင်းတယ်ဆိုရင် ဘယ်လိုသဘောတရားမျိုးမဆို လွတ်လွတ်လပ်လပ်ဖြေဆိုနိုင်သွားနိုင်ပြီပေါ့။ အဲလိုဖြေရဲတဲ့ကျောင်းသားတွေများလာရင် ခြစ်ရဲပေးရဲတဲ့ ဆရာတွေနဲ့ လိုက်ဖက်ညီမှာ။ ဘာပဲဖြစ်ဖြစ် အမှတ်ခြစ်တုန်းပြဿနာတစ်စုံတစ်ရာပေါ်လာခဲ့ရင်စာစစ်မှူးချုပ်နဲ့ ဆွေးနွေးအဖြေရှာရတော့မယ်။ ငြင်းခုန်မှုတွေ၊ ပွတ်တိုက်မှုတွေများလာမယ်။ အဲလိုဆွေးနွေးလိုက် ငြင်းခုန်လိုက်၊ အဖြေရှာလိုက် ဖြစ်စဉ်တွေဟာ ကျန်းမာသန်စွမ်းတဲ့ ပညာရေးရဲ့သဘောသဘာဝပါပဲ။ ဝက်ဘ်ဆိုက်နဲ့ပတ်သက်ပြီးတော့လည်း Complain တက်လာနိုင်ပါတယ်။ အဲဒီအတွက် အစ်ကိုရဲ့ဖုန်းနံပါတ်တွေလည်း ဝက်ဘ်ဆိုက်မှာ တင်ပေးထားပါတယ်။

**ဒီ Beta Version နှစ်နှစ်ပြီးရင်ရော ဘယ်လိုမျိုးတွေဆက်ပြီး စီစဉ်ထားလဲ။**

ဒီအပိုင်းကိုပြောရမယ်ဆိုရင် အပိုင်းနှစ်ပိုင်းရှိတယ်။ အစ်ကိုဆိုက်ရဲ့ Knowledge Bank ပိုင်းမှာရှိတဲ့ဆရာကြီးတွေရေးပေး

စ(၂၇)သို့

ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း
Guide to Using Android for Phone & Tablet
မျိုးသူရ
ဖုန်းနှင့်တက်ဘလက်အသုံးပြုနည်း
Android ဖုန်းဖြင့် အင်တာနက်သုံးနည်းများ
Download, Setting, Game Install ပြုလုပ်နည်း၊ ကွန်ပျူတာဖြင့် ချိတ်ဆက်၍ Data ဖိုင် ကူးနည်း။ GPS စနစ်သုံးနည်း၊ Network အမျိုးမျိုးနှင့် ဖုန်း၊ တက်ဘလက်တို့မှ USB Interface အကြောင်း၊ အင်တာနက်၊ WiFi၊ WANN-Cellular တို့ချိတ်ဆက်နည်း၊ Web Browser ဖြင့် အင်တာနက်သုံးနည်း Google မြေပုံ၊ Camera , File Manager, Application လမ်းညွှန်၊
WiFi Hotspot, Sharing, Viber, Bluetooth, Zapya, Tingo, Facebook သုံးနည်းများ။
မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀၅၈၈၂

AKI SCHOOL OF ENGINEERING
အင်ဂျင်နီယာသင်တန်းကျောင်း
Application of Knowledge and Idea
City & Guilds (UK)
အသုံးချအင်ဂျင်နီယာ အဆင့်မြင့် ဒီပလိုမာသင်တန်းများ
Applied Diploma/ Applied Advanced Diploma
▸ Electrical & Electronics
▸ Electronics (Ec)
▸ Electrical Power (EP)
▸ Mechanical & Electrical
▸ Electrical Installation
▸ Air-Con & Refrigeration
▸ Civil (Construction)
▸ Mechatronics (MC)
▸ Mechanical (ME)
» ဒီပလိုမာရရှိပြီးသူများ အင်ဂျင်နီယာလုပ်ငန်းများတွင် ကျွမ်းကျင်အတတ် ပညာရှင်၊ ကြီးကြပ်ရေးမှူးစသည့်ရာထူးများ ဖြင့်အလုပ်ရရှိနိုင်ပါသည်။
» အခြေခံပညာအထက်တန်း အဆင့်ရှိသူများ ၆လ (သို့) တစ်နှစ် တက်ရောက်ပြီး ဒီပလိုမာ ရရှိနိုင်သည်။
ဒီပလိုမာအကြိုသင်တန်းများ
Engineering Foundation Course
10% Discount
မတ်လ ၂၄ စမည်၊
ကျောင်းအပ်လက်ခံပြီ၊
• ရုံးချိန်လွတ်တန်းခွဲများစီစဉ်ထားရှိသည်။
• အလုပ်အကိုင်ရရှိရန်ကူညီပေးပါသည်။
• အဆောင်များစီစဉ်ထားရှိပါသည်။
• သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် သင်ကြားပေးပါသည်။
၀၉ ၂၅၄၀ ၂၃၄၄
တိုက်(၂၃)၊ အခန်း (C-5)၊ လှည်းတန်းမီးပွိုင့်အနီး၊ လှည်းတန်းလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၁၉ ၉၆၀၅၊

# The University of Melbourne Australia's No.1 Ranked University*

* UK Times HE Rankings 2013-14

## Trinity College, the Guaranteed Pathway for High-achieving Students

Mr Ben Waymire, Senior Admissions Manager will hold
**INTERVIEW AND INFORMATION SEMINARS** on the following days:



### Friday 14 March 2014

**GRACE EDU SERVICES**

4 – 6pm

190 / First Floor, 28th Street, Upper Blk
Pabedan Tsp, Yangon

**Tel:** 09 5137 2357 / 09 5140 802

### Saturday 15 March 2014

**AUSTRALIAN VISA & STUDENT SERVICES**

10am – 12noon

127(A), 1st Floor, West Shwe Gon Daing Road
Bahan Township, Yangon

**Tel:** 09 5147227, 09 45000 6944 / 6955

### Monday 17 March 2014

**REGENT EDUCATION GROUP**

4 – 5.30pm

No. B (13+23), Shwe Keinayee Estate
Narnattaw Street,
Kamayut Township, Yangon

**Tel:** 09 51504 369 / 095 95041515

**Hnin Pwint Oo**
Trinity College 2011
Now studying final year
Bachelor Biomedicine
The University of Melbourne

**Please call to confirm your attendance**

THE UNIVERSITY OF MELBOURNE

TRINITY COLLEGE
FOUNDATION STUDIES

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# Education




**Q** ***B.Pharm နဲ့ကျောင်းပြီးထားပါတယ်။ Pharmacy နဲ့ ပတ်သတ်ပြီး စင်ကာပူ၊ အင်္ဂလန်မှာ ပညာဆက်လက်သင်ယူလိုပါတယ်။***

**A** စင်ကာပူ အစိုးရတက္ကသိုလ်တွေမှာပဲ Pharmacy ဘာသာရပ်ရှိပြီး ကျောင်းဝင်ခွင့် အရမ်းခဲယဉ်းပါတယ်။ စင်ကာပူ ပုဂ္ဂလိကကျောင်းများမှာတော့ Pharmacy ပရိုဂရမ်ပါဝင်တဲ့ ကျောင်းမရှိပါ။ ယူကေရှိ Univeristy of Central Lancashire မှာတော့ ဘွဲ့ကြို၊ ဘွဲ့လွန် Pharmacy ရှိပါတယ်။ မြန်မာနိုင်ငံမှ B.Pharm ဖြင့် ဘွဲ့ရပြီး IELTS 6.0 ရှိပါက MSc Industrial Pharmaceutics (သို့) MSc Pharmaceutical Biotechnology စတဲ့ ဘာသာရပ် လျှောက်ထားကြည့်နိုင်ပါတယ်။ ထူးချွန်ပါက တစ်စိတ်တစ်ပိုင်း ပညာသင်ထောက်ပံ့ကြေးရရှိနိုင်ပြီး သက်ဆိုင်ရာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကြီးများတွင် သွားရောက်လေ့လာသင်ယူရသော Industrial visit အစီအစဉ်ပါဝင်ပါတယ်။

**Q** ***အမေရိကားမှာ ဘွဲ့လွန်ဆေးပညာဘာသာရပ်သင်ယူလိုပါတယ်။ Clinical ပိုင်း မဟုတ်တဲ့ ဘွဲ့လွန် ပရိုဂရမ်မျိုးတို့ပိုစိတ်ဝင်စားပြီး GRE/GMAT ဖြေဆိုရန် လိုအပ်သလားဆိုတာလည်း သိချင်ပါတယ်။***

**A** မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာကျောင်းသားတွေအနေနဲ့ အမေရိကန်ရှိတက္ကသိုလ်များတွင် Master ပရိုဂရမ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်မဟုတ်ဘဲ Pre Master မှတစ်ဆင့် သွားရောက်ရလေ့ရှိပါတယ်။ Pre-Master မှာ ၈ လ ခန့်ကြာမြင့်မည် ဖြစ်ပြီး GRE/GMAT မလိုဘဲ လျှောက်ထားနိုင်ပါတယ်။ မြန်မာနိုင်ငံမှ MBBS ဘွဲ့ရရှိထားပြီး IELTS 5.5 ရှိပါက လျှောက်ထားနိုင်သော ဘာသာရပ်အချို့တွေကတော့ MBA (Health System Management), Master of Public Health (Health Education) နဲ့ Master of Public Health (Environmental Health) တို့ဖြစ်ပါတယ်။

**CROWN Education မှ ကူညီဖြေကြားသည်။**


**is INFINITE SKILL**
*Computer Training Center*

(6.3.2014) မှ (20-3-2014) အတွင်း လာရောက်အပ်နှံပါက **20% off**

- Computer Basic Course
- Desktop Publishing Course (DTP)
- Advanced Excel Course
- Graphic Design Course
- Graphic Design Course (Advanced)
- Web Design Course
- Peachtree Accounting
- Peachtree Accounting (Advanced)
- MYOB II, III
- Computer for Kids
- Practical Network Plus Course
- Practical A+ Hardware Course
- Programming Course
- Auto CAD (Intermediate)
- Revit (Architecture) Course
- Auto CAD (Advanced)
- 3ds Max + V-ray
- Adobe Flash CS5
- Video Editing
- Internet & E-mail

တစ်ဦးချင်း သီးသန့် သင်ကြားပေးသော သင်တန်းဖြစ်ပါသည်။

**English Language**

- Basic English (4 Skills) လစဉ်ကြေး – 15000 Kyats
- Intermediate English (4Skills) လစဉ်ကြေး – 15000 Kyats
- Business Communicative English လစဉ်ကြေး – 20000 Kyats

2 Month

one to one class နှင့် Group Special Class များကိုလည်း စီစဉ်သင်ကြားပေးပါသည်။

အတန်းတစ်ခုတွင် ကျောင်းသားဦးရေ (၁၀) ဦးသာ လက်ခံသွားပါမည်။

English Class အတွက်ကို 29.3.2014 ရက်နေ့တွင် စတင်ဖွင့်လှစ်သွားပါမည်။

တအုပ်ဖိုး 5000 ကျပ်သွင်းရုံဖြင့် ပညာဒါန အစီအစဉ်တွင် တက်ရောက်နိုင်ပါသည်။

အမှတ် (၆၆/၆၈)၊ ယူနိုက်တက်ပွဲ့ရှင်းမျက်မှန်ဆိုင်အပေါ်ထပ်၊ (၄) လွှာ (B)၊ ရန်ကုန်-အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
လမ်းညွှန် – စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းမှတ်တိုင်အနီး
Ph: 09 421085820, 09 250664692



# Raffles

Register by 15 March to enjoy an **early bird discount!**



**Design**
- Fashion Design
- Fashion Marketing
- Graphic Design
- Interior Design
- Multimedia Design
- Product Design

**Business**
- Management
- Marketing
- Banking & Finance
- Tourism & Hospitality
- Events Management



**FIND US AT:** Room-809, Level -8, La Pyayt Wun Plaza, Signal Pagoda Road. Dagon Tsp, Yangon, Myanmar.
**PHONE:** +951-382 531, 370 836 (Ext: 809) | FAX: +951-382531
**www.raffles-iao.com**

**SUCCESS BY DESIGN**

Australia • Cambodia • China • India • Indonesia • Malaysia • Mongolia • Philippines • Saudi Arabia • Singapore • Sri Lanka • Thailand

**Raffles** International*College*

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# English for Hotel and Catering Industry

## (Unit- 26 Payment Quaries- ငွေပေးချေခြင်း စောဒကမေးခွန်းများ)

ဒီသင်ခန်းစာကတော့ အရင်အပတ်ရဲ့ အဆက် ငွေပေးချေခြင်းများနှင့် သက်ဆိုင်သည့် စကားပြောဆိုပုံများ ဖြစ်ပါတယ်။ ဟိုတယ်လုပ်ငန်းတစ်ခုမှာ လုပ်ငန်းဆောင်ရွက်ချက်တိုင်းက အဆင်ပြေချောမွေ့တတ်တယ် မဟုတ်ပါ။ လူအမျိုးမျိုးနဲ့ ဆက်ဆံရတဲ့အတွက် အခက်အခဲအမျိုးမျိုးရင်ဆိုင်ရတတ်ပါတယ်။ ဒါ့ကြောင့်လည်း အမှားအယွင်းများလည်း ရှိတတ်ပါတယ်။ မည်သို့ပင်ဆိုစေ မှားသည်ဆိုသည်မှာ ကောင်းသောလက္ခဏာ မဟုတ်သည့်အတွက် မရှောင်ရှားနိုင်သော်လည်း တတ်နိုင်သမျှ အမှားနည်းအောင် ဆောင်ရွက်ရပါတယ်။ ဧည့်သည်မှ စောဒကတက်မေးလာတဲ့ မေးခွန်းတွေကို ဖြေရှင်းဆောင်ရွက်ပုံများကို လေ့လာကြည့်ကြပါစို့။

### I think there's a mistake (တစ်ခုခုတော့ မှားနေပြီထင်တယ်)

**Dialogue 1**

Guest: Could we have the bill please?

Staff: Thank you madam.

Guest: Excuse me, I think there's a mistake. There are a lot of items here but I didn't have much wine or any extra dishes. This looks too much.

Staff: I'm sorry madam, this isn't your bill. It's table 17's. One moment, I'll get the right bill for you. Here we are. I'm sorry about that.

Guest: Uh, that's better. Here's my visa card.

**Dialogue 2**

Guest 1: Hello, I'm in room 532 and I'd like to settle my bill.

Staff: 5-3-2, huh, here we are Mr.Badouvas. Are you paying by American Express?

Guest 1: Yes, but just a moment. What are all these items? How much is the mini-bar bill?

Staff: 40 euros.

Guest 1: 40 euros? Alex, how many drinks did you have?

Guest 2: Uh, just a few... and some snacks.

Guest 1: Look at the phone calls. We didn't make many calls. This amount is ridiculous.

Staff: One moment. I'll just check for you. No, you didn't make many calls. But there was one very expensive call to Athens on Tuesday evening. Tuesday evening. Alex?

### လေ့လာထားရမည့် expressions များ

Could we have the bill please? ကျွန်တော်တို့ ငွေတောင်းခံလွှာ ရနိုင်မလား။

I think there's a mistake. တစ်ခုခုတော့ မှားနေပြီထင်တယ်။

I'm sorry madam, this isn't your bill. တောင်းပန်ပါတယ်ခင်ဗျာ။ ဒါအစ်မကြီးရဲ့ ငွေတောင်းခံလွှာ မဟုတ်ပါဘူး။

I'll get the right bill. ဘီလ်အမှန်ပြန်ယူပေးပါ့မယ်။

I'd like to settle my bill. ငွေရှင်းချင်လို့ပါ

**လေ့လာထားရမည့် ဝေါဟာရများ**

Account - ငွေစာရင်း
amount - ပမာဏ
appear - ပေါ်လာသည်။ ထင်ရသည်။ ဟန်ရှိသည်။
balance - စာရင်းလက်ကျန်၊ လက်ကျန်ငွေ
charge (s) - အဖိုးအခ
click - နှိပ်သည်
credit - အကြွေး၊ ပေးချေရန် ဆိုင်းငံ့ငွေ။
debit - ပေးချေရန်ငွေ၊ ပေးငွေ၊ မြီစားစာရင်း။
deposit - ဘဏ်အပ်ငွေ၊ အာမခံငွေ၊ ကြိုတင်ပေးငွေ။
extra - အပို
grey - မီးခိုးရောင်
issue (v) - ထုတ်ပေးသည်။ ထုတ်ပြန်သည်။
ridiculous - ရယ်စရာကောင်းသော၊ အဓိပ္ပာယ်မရှိသော။
service charge - ဝန်ဆောင်ခ

**လေ့လာထားရမည့် ဝါကျတည်ဆောက်ပုံများ**
**(Quantifiers) အများကြီးဟူသည့် ပမာဏပြစကားလုံးများ**
**much, many, a lot of**

I don't have **much** money.
How **much** time do you have?
***** much ကို ရေတွက်၍ မရသောနာမ်များကို ပမာဏပြရာတွင် သုံးသည်၊**

There aren't many free tables left.
How **many** rooms are booked tonight?
***** many ကို ရေတွက်၍ရသော နာမ်များကို ပမာဏပြရာတွင် သုံးသည်၊**
We have **a lot of** guests from Scandinavia.
He isn't paid **a lot of** money in his job.
Are there **a lot of** guests in the hotel?
***** a lot of ကို ရေတွက်၍ ရသောနာမ် / ရေတွက်၍ မရသောနာမ် နှစ်မျိုးစလုံးနှင့် တွဲသုံးနိုင်သည်၊**

---

ယေဘုယျမှတ်ထားရန်
much --> + uncountable nouns ......... |
| + a lot of
many --> + countable nouns ......... |

---

**လေ့ကျင့်ခန်း**
**၁၊ အောက်ပါဝါကျတို့ကို much, many or a lot of သုံး၍ ဖြည့်ပါ၊**

1. There aren't .................people in tonight.
2. There's .................preparation to do.
3. How .................single rooms do you have?
4. Is there .................work to do this morning?
5. There are .................beds to change.
6. We don't have .................time.
7. There's .................information on our website.
8. How .................money do you have?

**၂၊ ဝါကျအမှား ၁၀ ခုရှာ၍ much, many, a lot of သုံး၍ အမှန်ပြန်ရေးပါ၊**

1. There aren't ~~much~~ people in the restaurant tonight. ........ many/ a lot of
2. How many is a double room for the weekend?
3. We haven't had many guests from the US this year.
4. We don't have much rooms left at the weekend.
5. Do they need many equipment for the conference? '
6. Chef has put much pasta dishes on the menu today.
7. She takes a lot of money in tips in her job.
8. There isn't many wine left in the bottle.
9. Much staff take their holidays in low season.
10. We don't have much people from South America staying.
11. There aren't much different wines on the wine list.
12. We don't have many time to service all the rooms.

**** staff ကို native speakers တချို့က many နဲ့လည်း သုံးလေ့ရှိတယ်လို့ ဆွေးနွေးတာ ဖတ်ဖူးတယ်။

**Answers**

၁။ 1.many, 2. much, 3. many, 4. much, 5. many, 6. much, 7. much, 8. much

၂။ 1.Many 2.much, 3. √ , 4. many, 5.much 6. many, 7. √ , 8. much, 9. much, 10. many, 11. many, 12. much

ဇာနည် (MyWay!)

အထက်ပါသင်ခန်းစာများကို Myanmar Network မှ ကူညီပံ့ပိုးပေးထားပါသည်။ နေ့စဉ်အခမဲ့အင်္ဂလိပ်စာသင်ခန်းစာများ လေ့လာလိုပါက www.myanmar-network.net တွင်သွားရောက်လေ့လာနိုင်သည်။

Java ကို အထူးပြု လေ့လာလိုသူများအတွက်
မြန်မာလူငယ်များ Programming နည်းပညာများကို စနစ်တကျ နားလည်တတ်ကျွမ်းပြီး လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချနိုင်စေရန် ရည်ရွယ်၍ Gusto မှ JAVA/JEE သင်တန်းများကို Level နှစ်ဆင့်ခွဲခြား၍ သင်ကြားပေးလျက်ရှိပါသည်၊
Software Solution with Java
# ဤသင်တန်းတွင် Java ၏ အဓိကကျသော Core Programming Techniques နှင့် Concepts များကို လေ့လာရမည် ဖြစ်သည်၊
# ထို့အပြင် သင်တန်းသားများ၏ Programming နှင့် စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်၊
Web Java ( JEE)
# ဤသင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet ပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက် နိုင်ရန်အတွက် သင်ကြားပေးမည်ဖြစ်သည်၊
# သင်တန်းပြီးဆုံးပါက Web Application များကို ကိုယ်တိုင်တည်ဆောက်နိုင်မည် ဖြစ်ပြီး Web Developer တစ်ယောက် အနေဖြင့် တိုက်ရိုက် ဝင်ရောက်လုပ်ကိုင်နိုင်စေမည်ဖြစ်သည်၊
Gusto IT Professional Institute
# 289 (A), Pyay Road (Near MyayNiGone Bus-Stop) Sanchaung Township, Yangon.
Tel : 09- 73031302, 09- 8628806, 01- 503715

## အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ဝင်ခွင့်၊ အင်္ဂလန်ပညာရေးစနစ်များအကြောင်း International Study Center (UK & Europe) မှလာရောက်ရှင်းလင်းပြောကြားမည်

ရန်ကုန် မတ် ၆

အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ကြီးများတွင် လေ့လာသင်ယူလိုသည့်ကျောင်းသူကျောင်းသားများအတွက်အင်္ဂလန်ပညာရေးနှင့်ပတ်သက်သည့် များယွင်းစွာယူဆနေသည့်အချက်များစွာရှိသဖြင့် အဆိုပါ အကြောင်းအရာများကို Mr.Chris Kelso, Deputy Director, International Study Center UK & Europe မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက်၊ နံနက် ၁၀ နာရီမှမွန်းလွဲ၁နာရီအထိCROWN Education တွင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အစီအစဉ်တွင် အင်္ဂလန်ပညာရေးစနစ်နှင့်ပတ်သက်၍ GCE "A" ပြင်ဆင်ခြင်း အားနည်းချက်၊ အားသာချက်၊ iGCSE ပြင်ဆင်ခြင်း အားနည်းချက် အားသာချက်များ၊ ကောလိပ်ပညာရေးလမ်းကြောင်းနှင့်တက္ကသိုလ်ပညာရေးလမ်းကြောင်းများကို မသိနားမလည်စွာမှားယွင်းရွေးချယ်ခြင်းစသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍မြန်မာကျောင်းသူကျောင်းသားများ မှန်ကန်စွာရွေးချယ်တတ်စေရန် ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ကြောင်းသိရသည်။

CROWNEducation နှင့်ချိတ်ဆက်ထားသော Study Group (UK) ပညာရေးအဖွဲ့အစည်းကြီးတွင် ယူကေထိပ်တန်း စာရင်းဝင်တက္ကသိုလ်များဖြစ်သည့် Lancaster University, University of Surrey, University of Leicester, University of Sussex, Royal Holloway University of London, University of Leeds တို့အပြင် အခြားတက္ကသိုလ်များလည်း ပါဝင်ပြီး အဆိုပါတက္ကသိုလ်များဝင်ခွင့်အတွက်ပါ ဆွေးနွေးနိုင်ကြောင်း သိရသည်။

ထို့အပြင် အင်္ဂလန်တွင် ကျောင်းပြီးပါကအလုပ်အကိုင်ရရှိလိုသောကျောင်းသားကျောင်းသူများအတွက် ဒုတိယနှစ် သင်ယူပြီး အင်္ဂလန်နာမည်ကျော်ကုမ္ပဏီကြီးများတွင်လစာအချိန်ပြည့်တစ်နှစ် လုပ်ငန်းခွင် လုပ်ကိုင်နိုင်သော Sandwich Year ပရိုဂရမ်များအကြောင်းကို ရှင်းလင်းမည်ဖြစ်ပြီး နောက်ခံပညာရေးထူးချွန်သူများအနေဖြင့်ပညာသင်ထောက်ပံ့ကြေးပေါင်၃,၀၀၀အထိလျှောက်ထားနိုင်ကြောင်းသိရသည်။

"အထူးသဖြင့် တချို့ဘာသာရပ်နဲ့ ပညာရေးလမ်းကြောင်းတွေမှာ ဒီကကျောင်းသူ ကျောင်းသားတွေ ထင်မြင်ယူဆနေတာနဲ့ တော်တော်လေး ကွဲလွဲချက်တွေရှိနေတာတွေရှိပါတယ်။ GCE "A" အဆင့်ဆိုတာမဖြစ်မနေဖြေဆိုဖို့မလိုအပ်သလို ဒီမှာသင်ယူထားတဲ့ ပညာရေးတွေနဲ့ တက္ကသိုလ်ကြီးတွေမှာ နောက်ဆုံးနှစ်က ဝင်ခွင့်မရနိုင်တာတွေ အများအပြားရှိပါတယ်။ ဒီအကြောင်းတွေကို တိတိကျကျသိနိုင်ဖို့ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်" ဟု CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်း ကပြောသည်။

ဆွေးနွေးပွဲသို့တက်ရောက်လိုသူများသည် CROWN Education အမှတ် (၂၇၀) ပထမထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ ဖုန်း- ၀၉-၇၃၂၇၃၂၇၇ နှင့် ၀၉-၅၅၀၀၅၆၃၀၀ သို့ စာရင်းပေး တက်ရောက်နိုင်သည်။

## ဘူမိဗေဒဘာသာရပ်ကိုကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်သင်ကြားနိုင်

သန္တာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈



မလေးရှားနိုင်ငံ Curtin University တွင်နိုင်ငံတကာအရည်အသွေးမီ ဘူမိဗေဒဘာသာရပ် (Applied Geology) ကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဘွဲ့ဒီဂရီပြီးဆုံးသည်အထိ သင်ယူနိုင်ကြောင်း သိရသည်။

Curtin University ဘူမိဗေဒဘာသာရပ်သည် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများအတွက် ဘူမိဗေဒတူးဖော်ရေးပညာရပ်နှင့်ရေနံဘူမိဗေဒ ပညာရပ်အား အဓိကထားပြီး သီအိုရီပိုင်း ဆိုင်ရာနောက်ခံအခြေအနေနှင့် လက်တွေ့အသုံးချမှုများကိုပါ ပူးတွဲသင်ကြားပေးသည်။ ထို့အပြင် ကမ္ဘာမြေ၏ ဖြစ်စဉ်များကို ဖွံ့ဖြိုးတိုးတက်စေရန် သိပ္ပံပညာနှင့် ပတ်သက်သောအဓိကဘာသာရပ်များနှင့် ဘာသာခွဲများကို ကျယ်ပြန့်စွာ နားလည်သဘောပေါက်စေရန် လက်တွေ့ခန်းခွဲခန်းနှင့် ကွင်းဆင်းလေ့လာရေး စွမ်းရည်သုံးသပ်ချက်များ တိုးတက်လာစေရန်နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဖြစ်စဉ်များတွင် ဘူမိဗေဒ၏အခန်းကဏ္ဍအဓိကအရေးပါပုံကို သိမြင်စေလိုသောရည်ရွယ်ချက်များဖြင့် အခြေခံကာသင်ကြားပို့ချလျက်ရှိသည်။

Curtin University တွင်၎င်းဘာသာရပ်ကို Foundation အပါအဝင် (၄) နှစ်သင်ကြားရမည်ဖြစ်ပြီး ပညာရေးဆိုင်ရာ ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ (၁၀) တန်းအောင်မြင်ပြီးသော ကျောင်းသားများသည် တစ်ဘာသာလျှင် ပျမ်းမျှ အမှတ် ၆၀ နှင့် အထက် ရှိရမည်။ (အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒတွင် ၆၀ မှတ် အနည်းဆုံး ရရှိထားရမည်။) အင်္ဂလိပ်စာဝင်ခွင့်သတ်မှတ်ချက်မှာ IELTS Band Core ရမှတ် (5.5), TOEFL Paper Based ရမှတ် (520) နှင့် Internet Based ရမှတ် (70) ရှိရမည်။ GCE 'O' Level တွင် အင်္ဂလိပ်စာ Grade 'D' နှင့်အထက်ရှိရမည်။

မြန်မာအစိုးရ တက္ကသိုလ်များတွင် တက်ရောက်ဆဲ ဘူမိဗေဒ ကျောင်းသားများသည် Curtin University Sarawak တွင် ဆက်လက်သင်ယူတက်ရောက်လိုပါက ဘာသာရပ်ကင်းလွတ်ခွင့်နှင့်ပညာသင်နှစ် ကင်းလွတ်ခွင့် များဖြင့် လျှောက်ထားနိုင်ပြီးအသေးစိတ်သိရှိလျှောက်ထားလိုပါက Myanmar Search International (MSI) နိုင်ငံခြား ပညာရေးဝန်ဆောင်မှု ဖုန်း-၀၁-၃၈၉၉၀၅ ၀၉-၅၀၁၃၉၀၅ ကို ဆက်သွယ်၍သော်လည်းကောင်း www.overseaeducation-msi.com သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



Internet Journal
Vol.15, No.11 | Thursday, March 13, 2014

## လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအရာရှိသင်တန်းဖွင့်လှစ်မည်

အေးဖြူ
ရန်ကုန်၊ မတ် ၅

WIN OSHE Safety Training & Consultancy, Myanmar မှ 4th Bath လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအရာရှိ (Occupational Safety and Health Specialist Course) သင်တန်းကို မတ်လ ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် Introduction to Safety Management, OSHA Standards, Hazard Communication Program, Personal Protective Equipment, Energy Control Program, Introduction to Ergonomics, Fall Protection Program, Electrical Safety Basics, Emergency Actions Plan, Typical Duties of OSH Specialist, Myanmar Legal related to OSH ဘာသာရပ်များကို သင်ကြားရမှာဖြစ်ပြီး သင်တန်းကာလအနေဖြင့် ၅ ရက် ကြာမြင့်မည်ဖြစ်သည်။ သင်တန်းဆင်း လက်မှတ်များကို OSH Academy, USA မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် WIN OSHE Safety Training & Consultancy အမှတ် ၉၅၊ ၄ လွှာ၊ စံရိပ်ငြိမ် အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၆၀၉၁၉၀၉၊ ၀၉-၄၂၈၃၁၂၅၇၃ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်သည်။

## Trinity College သို့တက်ရောက်မည့်ကျောင်းသူ၊ ကျောင်းသားများအတွက်ဝင်ခွင့်ဆိုင်ရာများ ဆွေးနွေးပွဲပြုလုပ်မည်

ရန်ကုန်၊ မတ် ၆

Trinity College သို့ တက်ရောက်မည့် ကျောင်းသူ ကျောင်းသားများအတွက် ဝင်ခွင့်ဆိုင်ရာများ ဆွေးနွေးပွဲ ကို ၂၀၁၄ ခုနှစ် မတ်လ ၂၁ ရက်တွင် နံနက်တောလမ်းရှိ Regent ရုံးခန်း၌ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဆွေးနွေးပွဲတွင် Trinity College ၏ Senior Marketing and Admission Manager ဖြစ်သော Mr Ben Waymire သည် ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်တစ်ခုဖြစ်သော The University of Melbourne သို့တက်ရောက်လိုသော နိုင်ငံတကာမှ ကျောင်းသူကျောင်းသားများ The University of Melbourne ၏ တစ်ခုတည်းသော Foundation ဖြစ်သည့် Trinity College Foundation မှ တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။ Trinity College Foundation Studies (TCFS) တွင် စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသူကျောင်းသားပေါင်း အများဆုံး ၁၅ ယောက်သာထားရှိပြီး University of Melbourne တွင်သာမက ဩစတြေးလျနိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်များသို့ဝင်ခွင့်ရရန် တစ်ဦးချင်းစီ၏ လိုအပ်သော အရည်အချင်းများကိုဖြည့်ဆည်းပေးသော နေရာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့တက်ရောက်လိုသူများသည် မိမိ၏ ပညာရေးဆိုင်ရာစာရွက်စာတမ်းများ (မူရင်း၊ မိတ္တူ) နှင့်တကွ လာရောက်ဆွေးနွေး နိုင်မည်ဖြစ်သည်။ လူဦးရေကန့်သတ်ချက်ရှိသောကြောင့် ဆွေးနွေးလိုသူများ Trinity College ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services Co.,Ltd အမှတ် B (13+23)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၀၀၅၄၊ ၀၉-၅၀၁၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃ သို့ ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်သည်။

## University of Huddersfield မှကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship Program များကိုတစ်ဦးချင်းတိုင်ပင်ဆွေးနွေးပေးမည်

ရန်ကုန်၊ မတ် ၆

University of Huddersfield မှ ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship Program များကို (One to One Counselling) တစ်ဦးချင်း တိုင်ပင်ဆွေးနွေးပေးမည့်အစီအစဉ်ကို ၂၀၁၄ ခုနှစ် မတ်လ ၁၃ ရက်၊ နံနက် ၂ နာရီခွဲတွင် Regent Consultancy Services Co.,Ltd ရုံးခန်းတွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် University of Huddersfield ၏ ကျောင်းတာဝန်ခံ Ms.Catherine Oram မှ International Advanced Diploma အောင်မြင်ပြီးသူများအနေဖြင့် University of Huddersfield တွင် တက်ရောက်နိုင်ရန်ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship Program များကို တစ်ဦးချင်း တိုင်ပင်ဆွေးနွေးပေးမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲတက်ရောက်လိုသူများအနေဖြင့် Regent Consultancy Services Co.,Ltd ဖုန်း- ၀၁- ၅၀၀၀၅၄၊ ၀၉-၅၀၁၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃) သို့ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

## UK နိုင်ငံထိပ်တန်းတက္ကသိုလ်များ၏ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship Program များအကြောင်းတစ်ဦးချင်းတိုင်ပင်ဆွေးနွေးပေးမည်

ရန်ကုန်၊ မတ် ၆

UK နိုင်ငံ၏ ထိပ်တန်း တက္ကသိုလ်များသို့တက်ရောက်လိုသော မြန်မာကျောင်းသူ ကျောင်းသားများအတွက် ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် Scholarship Program များနှင့်ပတ်သက်၍ တစ်ဦးချင်းတိုင်ပင် ဆွေးနွေးပေးမည့်အစီအစဉ်ကို ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက် ညနေ ၃ နာရီတွင် Regent Consultancy Services Co.,Ltd ၌ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် UK နိုင်ငံ၏ ထိပ်တန်း တက္ကသိုလ်များဖြစ်သော Lancaster University, University of Leicester, Royal Holloway University of London, University of Surrey, University of Sussex, Keele University, Kingston University London, Leeds Metropolitan University, University of Huddersfield, University of Lincoln, Liverpool John Moores University, Heriot-Watt University, University of Strathcylde, Trinity College Dublin, University College Dublin စသည့် တက္ကသိုလ်များသို့ တက်ရောက်လိုသော မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် အထက်ပါကျောင်းများ၏ တာဝန်ခံ Mr. Chris Kelso မှ ပညာရေးလမ်းကြောင်းများနှင့်ပတ်သက်၍ တစ်ဦးချင်း အသေးစိတ်ဆွေးနွေးပေးမည်ဖြစ်ကြောင်းသိရသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသူများ Regent Consultancy Services Co.,Ltd ဖုန်း-၀၁-၅၀၀၀၅၄၊ ၀၉-၅၀၁၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃ သို့ကြိုတင်စာရင်းပေးသွင်းနိုင်သည်။






INTERNET journal
# Electronics
Vol. 15, No. 11 • Thursday • March 13, 2014




Honda Civic Type-R


Hyundai PassoCorto


Maserati Alfieri

# 2014 Geneva Motor Show

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့မှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ကားပြပွဲကို ယခုနှစ် မတ်လ ၆ ရက်မှ ၁၆ ရက်နေ့အထိကျင်းပနေပြီး အဆိုပါပြပွဲမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၄) ကြိမ်မြောက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါကားပြပွဲကို ကမ္ဘာ့တစ်ဝန်းက ကားထုတ်လုပ်ရေးချုပ်တဲ့ကုမ္ပဏီပေါင်းများစွာဝင်ရောက်ပြသပြီး လာရောက်ကြည့်ရှုသူအရေအတွက် ၇ သောင်းကျော်အထိ လာရောက်လိမ့်မယ်လို့ ပြပွဲစီစဉ်သူတွေက မျှော်မှန်းထားပါတယ်။

ဒီပြပွဲမှာစိတ်ကူးပုံဖော်ထားတဲ့ကား (concept car) တွေထဲမှာ Maserati Alfieri, Honda Civic Type R, Hyundai Passdorto, Mazda Hazumi နဲ့ Volkswagon T-ROC တို့က ထိပ်တန်းစာရင်းဝင်ကားဝါ ဖြစ်ကြောင်း autocar.co.uk က ရွေးချယ်ဖော်ပြထားပါတယ်။ ထူးခြားတဲ့လျှပ်စစ်ကားကတော့ ဘက်ထရီနည်းပညာသစ်ကိုထည့်သွင်းထားတဲ့ Quant e-Sport-limousine ဖြစ်ပြီး လျှပ်စစ်မော်တာ ၄ လုံးပါဝင်ပါတယ်။ အမြင့်ဆုံးမောင်းနှင်နှုန်းကတော့ တစ်နာရီကို မိုင်ပေါင်း ၂၃၆ မိုင်နှုန်းဖြစ်ပါတယ်။ အသုံးပြုထားတဲ့ဘက်ထရီနည်းပညာကတော့ Nano Flow Cell နည်းပညာဖြစ်ပြီး လက်ရှိသုံးစွဲနေတဲ့ Lithium-ion နည်းပညာထက် စွမ်းဆောင်ရည်ငါးဆပိုပါတယ်။


# Subscribe Today!

အိမ်အရောက်ပို့ မှာယူရန် - 09 730 53320, 09 732 08907

ကြော်ငြာရှင်များဆက်သွယ်ရန် - 09 730 78429, 01 513515~9

ဖြန့်ချိရေးကိုယ်စားလှယ်များဆက်သွယ်ရန် - 09 730 53320



Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# Changhong Splite Type Air Con




အေးမြူ
ရန်ကုန်၊ မတ် ၆

မှုပြင်းသောနွေရာသီမှာလေအေးပေးစက်တပ်ဆင်လိုသူများအတွက် changhong မှ ၂၀၁၄ ခုနှစ်အတွက် အသစ်ထုတ်လုပ်လိုက်တဲ့ (SHAPE Evaporator (Blue Fin) စနစ်ပါရှိသည့်မော်ဒယ်သစ်အမျိုးအစား Splite Type Air Con ဖြစ်ပါတယ်။ Efficiency (+15%) အအေးနှုန်းမြန်ဆန်ခြင်းကြောင့်လျှပ်စစ်စွမ်းအင်သုံးစွဲမှု၁၅ ရာခိုင်နှုန်းသက်သာစေမှာဖြစ်ပါတယ်။ သာမန်လေအေးပေးစက်များထက် ကြေးညှိတက်ခြင်းကို နှစ်ဆပိုမိုကာကွယ်နိုင်ခြင်းကြောင့် ရာသီဥတုဒဏ်ကိုပိုမိုခံနိုင်ပြီး စက်သက်တမ်းကိုမြှင့်တင်ပေးနိုင်သော (Gold Fin) Outdoor Condenser ဖြင့်တည်ဆောက်ထားပါတယ်။ Turbo Operation ပါရှိသောကြောင့် အခန်းတွင်းအပူချိန်ကိုမြန်ဆန်စွာလျှော့ချပြီး အေးမြမှုကိုအလျင်အမြန်ပေးစွမ်းနိုင်မှာဖြစ်တယ်လို့သိရပါတယ်။ ထူးခြားချက်အနေဖြင့် အခန်းတွင်းရှိညစ်ညမ်းလေထုစုပ်ယူခြင်း၊ လေထုသန့်စင်ခြင်း၊ ပိုးမွှားများကိုဖယ်ရှားသန့်စင်ပေးသည့် 3 in 1 Anti bacteria Filter ပါရှိခြင်းကြောင့် ကျန်းမာသန့်ရှင်းသောလေထုကိုရရှိစေနိုင်မှာဖြစ်ပါတယ်။ မြင်းကောင်ရေတစ်ကောင်အားကို ၂၁၀,၀၀၀ ကျပ်၊ တစ်ကောင်ခွဲအားကို ၂၄၅,၀၀၀ ကျပ်၊ နှစ်ကောင်အားကို ၃၁၀,၀၀၀ ကျပ်ဖြင့်ဝယ်ယူရရှိနိုင်ပြီး အခမဲ့တပ်ဆင်ပေးမှာဖြစ်ပါတယ်။ ဆက်သွယ်ဝယ်ယူလိုပါက Multi Generation Electronic Wholesales Center ဖုန်း ၀၉-၇၃၂၄၀၁၂၃ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

# Power Style အရေးပေါ်သုံးဓာတ်မီးငယ်




အောင်အောင်
ရန်ကုန်၊ မတ် ၃

အလင်းအားစူးရှပြင်းထန်ပြီး အချိန်ကြာရှည်သုံးနိုင်တဲ့ အဖြူရောင်အလင်းရောင်ကိုသာထုတ်လွှတ်ပေးသော CREE အမျိုးအစား LED မီးလုံးကိုသုံးထားတဲ့ ဘက်စုံသုံးဓာတ်မီးငယ်တစ်မျိုး တော်ဝင်စင်တာဒုတိယထပ်ကဆိုင်အမှတ်၃၀၇၅ မှာဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ အလင်းအား 180 Lumens ရှိတာမို့ စူးရှတဲ့အလင်းရောင်ရနိုင်မှာဖြစ်ပါတယ်။ ဓာတ်ခဲစားသက်သာတဲ့ Energy Saving အမျိုးအစားဖြစ်ပြီး အရေးပေါ်သုံး၊ အကြမ်းသုံးနိုင်တဲ့ ရေလုံ Body Aluminium နဲ့ဖြစ်ပါတယ်။ အားသွင်းဓာတ်ခဲနဲ့အသုံးပြုနိုင်သလို AAA အရွယ်ဓာတ်ခဲသုံးလုံးနဲ့လည်း ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အားသွင်းဓာတ်ခဲကြောင့်ဖြစ်တတ်တဲ့ ပေါက်ကွဲမှုမျိုးမဖြစ်အောင်လည်း ကာကွယ်ပေးထားတယ်လို့ဆိုပါတယ်။ မီးလုံးက နာရီ ၁၀၀,၀၀၀ အထိအသုံးပြုနိုင်ပြီး အားသွင်းဓာတ်ခဲကလည်း 1800 mAh ရှိတဲ့ကြာရှည်ခံဓာတ်ခဲဖြစ်ပါတယ်။ မီးအလင်း၊ အမှိန်ကို ချိန်ညှိနိုင်သလို အလင်းအစူး၊ အဖျော့ကိုလည်း မှန်ဘီလူးပါဝင်တဲ့အတွက်ထိန်းချုပ်နိုင်ပါတယ်။ ဓာတ်ခဲအားသွင်းစက်ပူတွဲပါဝင်သလို အားအနည်းအများကိုပြသပေးမယ့် LED မီးလုံးလည်း ပါဝင်ပါတယ်။ တန်ဖိုး ၁၇,၅၀၀ ကျပ်ဝန်းကျင်ဖြင့် ဖုန်း ၈၆၀၀၁၁၁၊ ၈၆၀၀၀၀၉ (Ext: 3075) သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

# ရေနွေးငွေ့ဖြင့် ပိုးသတ်သည့်စနစ်ပါဝင်သော SALAV ကြမ်းတိုက်ဖုန်စုပ်စက်

ကောင်းမြတ်ထွန်း
မန္တလေး၊ မတ် ၅

မန်းအီလက်ထရောနစ်ဈေးကွက်ထဲသို့ ရေနွေးငွေ့ဖြင့်ပိုးသတ်သည့်စနစ်ပါဝင်သော SALAV ကြမ်းတိုက်ဖုန်စုပ်စက်တစ်မျိုး ဝင်ရောက်လာပါတယ်။ ယခင်က ကြမ်းတိုက်ဖုန်စုပ်စက်စနစ်မျှသာပါရှိခဲ့ရာမှ ယခုအခါ ရေနွေးငွေ့ဖြင့် ပိုးသတ်သည့်စနစ်ပါ ပါဝင်လာတာဖြစ်ပါတယ်။ ကြမ်းပြင်များသာမကဘဲ မွေးပွကော်ဇောအခင်းများ၊ ဖယောင်းပုဆိုးများကိုပါ ဖုန်စုပ်နိုင်မှာဖြစ်ပြီး စက်မှာ ရေဖြည့်ထားပြီး ၄၅ စက္ကန့်အကြာမှာ ရေနွေးငွေ့စတင်ထုတ်လွှတ်မှာဖြစ်ပါတယ်။ ဖုန်စုပ်ကြမ်းတိုက်ရင်းဖြင့် ဘက်တီးရီးယားပိုးမွှားများကို ပိုးသတ်ပေးစေနိုင်မှာဖြစ်ပါတယ်။ ကြမ်းပြင်များသာမက ကျောက်ပြားနံရံများ၊ ဖော်မီကာအလှနံရံများ၊ မျက်နှာကြက်များကိုလည်း ကြမ်းတိုက်ဖုန်စုပ်ပေးနိုင်မှာဖြစ်တယ်လို့သိရပါတယ်။ မျိုးသိန်းအီလက်ထရောနစ် (မန္တလေး) ၈၃x၂၉ လမ်းထောင့် ဖုန်း ၀၂-၃၅၃၃၂၊ ၆၁၆၆၆၊ ၂၂၁၇၇ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



# Galaxy Tab 3 Lite




အောင်အောင်
ရန်ကုန်၊ မတ် ၃

Samsung ကထုတ်လုပ်ထားပြီး ဖုန်းပြောဖို့မဟုတ်ဘဲ Wi-Fi သုံး၊ အင်တာနက်သုံးဖို့အဓိကထားတဲ့ Tablet ဖြစ်တဲ့ Galaxy Tab 3 Lite ကို တာမွေအဝိုင်းထိပ်က Mobile King ဖုန်းဆိုင်မှာဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ မျက်နှာပြင်အကျယ် ၇ လက်မရှိပြီး Resolution 1024x600 ထိရနိုင်ပါတယ်။ Android 4.2.2 ကိုသုံးထားပြီး CPU 1.2 Dual Core နဲ့ဖြစ်ပါတယ်။ RAM က 1 GB ဖြစ်ပြီး Internal memory 8GB ပါဝင်ပါတယ်။ Internal memory ထပ်တိုးဖို့လိုအပ်ရင် Micro SD ကတ်ဖြင့် 64GB ထိထပ်တိုးအသုံးပြုနိုင်ပါတယ်။ 2 Megapixel ရှိတဲ့ နောက်ကင်မရာတစ်လုံးပါဝင်ပါတယ်။ Internet သုံးမယ်၊ Game ဆော့မယ်၊ ဖုန်းနဲ့မပတ်သက်ချင်သူတွေအတွက် အထူးသင့်တော်တဲ့ပုံစံဖြစ်ပါတယ်။ Wireless စနစ်တွေဖြစ်တဲ့ Wi-Fi နဲ့ Bluetooth စနစ်တွေကို Version အမြင့်ပိုင်းတွေထည့်သွင်းပေးထားပါတယ်။ ၇ လက်မမျက်နှာပြင်အကျယ်နဲ့ဖြစ်တာကြောင့် စာဖတ်တဲ့အခါမှာလည်း အထူးကောင်းမွန်ပါတယ်။ Android Version Software နဲ့ Application တွေကိုလည်း အပြီးထည့်သွင်းပေးမှာဖြစ်ပါတယ်။ Touch စနစ်ပိုင်းကောင်းမွန်ပါတယ်။ 3600 mAh ရှိတဲ့ဓာတ်ခဲနဲ့ဖြစ်ပါတယ်။ တန်ဖိုးကျပ်တစ်သိန်းငါးသောင်းဝန်းကျင်ဖြင့်ဖုန်း ၅၄၂၀၂၀ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

# Cybershot DSC - WX80




ဂေဂေ
ရန်ကုန်၊ မတ် ၆

အပျော်တမ်းအနေဖြင့် ဓာတ်ပုံရိုက်ကူးခြင်းအပြင် Movie ကို Full HD အရည်အသွေးဖြင့် ရိုက်ကူးနိုင်မယ့် Sony အမှတ်တံဆိပ် DSC-WX80 မော်ဒယ် Cybershot Camera တစ်မျိုး ပြည်တွင်းဈေးကွက်အတွင်းဝင်ရောက်လာပါတယ်။ ကင်မရာအရည်အသွေး 16.2 Megapixels နှင့် Optical Zoom 8X ပါရှိမှာဖြစ်ပြီး Full HD (1920x1080) Resolution ကိုအထောက်အပံ့ပေးထားပါတယ်။ Exmor R CMOS Sensor, Zeiss Lens, Superior Auto Mode, Picture Effect, Beauty Effect, 360 intelligent, sweep Panorama အစရှိတဲ့ နည်းပညာအစုံအလင်ပါဝင်မှာဖြစ်ပါတယ်။ ပုံရိပ်ပေါင်း ၁၀ ပုံဆက်တိုက်ရိုက်ကူးနိုင်မည့် Burst shooting Mode အသစ်ပါဝင်မှာဖြစ်ပါတယ်။ BIONZ image processor ထည့်သွင်းအသုံးပြုထားပါတယ်။ အလိုအလျောက်ထိန်းချုပ်နိုင်တဲ့ Optical Image stabilization စနစ်ပါဝင်မှာဖြစ်ပါတယ်။ HD TV များနှင့်လည်း ချိတ်ဆက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Wi-Fi စနစ်ကို built-in ထည့်သွင်းပေးထားပါတယ်။ ဈေးနှုန်းမှာ ၁၉၉,၀၀၀ ကျပ်ဖြစ်ပြီး အာမခံတစ်နှစ်ပေးထားပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Sony showroom ဖုန်း ၀၁-၃၉၈၅၆၆ ၅၄၆၀၀၆ (လိုင်းခွဲ -၁၄၄) သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာဖြစ်ပါတယ်။

## Tech Point

# MHL 3.0 Technology

ရဲထွန်းဝင်း




MHL စနစ်သုံးမိုဘိုင်းဖုန်းနဲ့တီဗွီတွေချိတ်ဆက်အသုံးပြုနိုင်တဲ့နည်းပညာအကြောင်းကို ယခင်ကရေးသားဖော်ပြဖူးပါတယ်။ အခုအဆင့်မြှင့်တင်လိုက်တဲ့ MHL 3.0 နည်းပညာက တီဗွီတွေအတွက် ဘယ်လောက်ထိထောက်ပံ့လုပ်ဆောင်ပေးသလဲဆိုတာကို ထပ်မံရေးသားလိုက်ရပါတယ်။ ယခင် MHL 2.0 နည်းပညာက ဗီဒီယိုအရည်အသွေးကို 1080p၊ 3D ရုပ်ရှင်နဲ့အသံပိုင်းကို 7.1-channel surround sound ထိထောက်ပံ့ပေးပြီး ချိတ်ဆက်ထားတဲ့ Device တွေရဲ့ဘက်ထရီကို 5V နှုန်းနဲ့ 900mA အားသွင်းပေးနိုင်ပါတယ်။ အခုအသစ်ထပ်မံထွက်ရှိလာတဲ့ MHL 3.0 နည်းပညာကတော့ ဗီဒီယိုအရည်အသွေးကို 4K (Ultra-HD) 2160p အထက်ကို လိုင်းနှစ်လိုင်း (Bi-directional Channel) အနေနဲ့ထောက်ပံ့ပေးတဲ့အပြင် နောက်ဆုံးပေါ်ကာကွယ်ခြင်းနည်းပညာတစ်ခုဖြစ်တဲ့ HDCP 2.2 Content Protection စနစ်လည်း ထောက်ပံ့ပါဝင်ပါတယ်။ အသံပိုင်းအတွက် Dolby TrueHD နဲ့ DTS-HD အရည်အသွေး 7.1-channel Surround Sound ထိကိုထောက်ပံ့ပေးပါတယ်။ ဘက်ထရီကို ၁၀ ဝပ်ထိအားသွင်းပေးနိုင်ပြီး တီဗွီနဲ့ချိတ်ဆက်ထားတဲ့ Device တွေရဲ့ touchscreen ကီးဘုတ်စတာတွေကနေ တီဗွီကိုထိန်းချုပ်အသုံးပြုနိုင်တဲ့ RCP (Remote Control Protocol) စနစ်လည်းပါဝင်ပါတယ်။ MHL 3.0 စနစ်သုံးထုတ်ကုန်တွေကို MHL 1 နဲ့ MHL 2 ဗားရှင်းထုတ်ကုန်တွေနဲ့လည်း ချိတ်ဆက်သုံးနိုင်အောင်ပြုလုပ်ပေးထားပါတယ်။ လက်ရှိမှာ စမတ်ဖုန်း၊ တက်ဘလက်၊ Blu-ray Player၊ HD တီဗွီ မော်နီတာနဲ့ Audio receiver တွေမှာ ဒီနည်းပညာကို ထည့်သွင်းအသုံးပြုလာပြီး MHL အဖွဲ့အစည်းရဲ့ ထုတ်ပြန်ချက်အရ အီလက်ထရွန်းနစ်ထုတ်ကုန် ၃၃၀ မီလီယံလောက်မှာ MHL နည်းပညာကိုအသုံးပြုထားတယ်လို့သိရပါတယ်။

## Sonicgear (Evo 5 Speaker)



GOGO
ရန်ကုန်၊ မတ် ၆

စင်ကာပူနိုင်ငံထုတ် Sonicgear အမှတ်တံဆိပ် Evo 5 Speaker တစ်မျိုး ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ 3 ways audio system စနစ်ကိုအသုံးပြုထားပြီး Woofer အသံအရည်အသွေးအပြည့်အဝ ခံစားနားဆင်နိုင်မှာဖြစ်ပါတယ်။ ကိုယ်ထည်ကိုသစ်သားပတ်ထားသည့်ပုံစံဖြင့် ပြုလုပ်ထားပြီး ဒီဇိုင်းပုံစံကဆန်းသစ်နေမှာဖြစ်ပါတယ်။ Bass, Trable နှင့် Master အသံကို လိုအပ်သလိုချိန်ညှိနိုင်ပြီး Display Screen ဖြင့်ဖော်ပြပေးမှာဖြစ်ပါတယ်။ PC, Laptop, LCD TV, MP3, MP4, Mobile Devices များသာမက မည်သည့် Audio Devices များနှင့်မဆို ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။RMS-26 Watt အထိရှိပြီး အသံကိုကြည်လင်ပြတ်သားစွာနားဆင်နိုင်မှာဖြစ်ပါတယ်။ အာမခံအနေဖြင့် ၁ နှစ်ပေးထားပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Technovision ဖုန်း ၀၉-၇၃၀၇၇၁၁၀ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

## CCTV Camera



အောင်အောင်
ရန်ကုန်၊ မတ် ၃

အိမ်သုံး၊ ရုံးသုံး စိတ်ကြိုက်သုံးနိုင်တဲ့ ဘက်စုံသုံး လုံခြုံရေးကင်မရာ (CCTV) တွေကို လူသုံးများလျက်ရှိနေတဲ့အချိန်မှာ Asia Best Link ဆိုင်မှာ Digital စနစ်သုံး ကင်မရာမော်ဒယ်သစ်တစ်မျိုးဝင်ရောက်လာပါတယ်။ Dianshi အမျိုးအစား မော်ဒယ် C-112 ဖြစ်ပါတယ်။In-door, outdoor ဘက်စုံသုံးနိုင်ပြီး ရာသီဥတုဒဏ်ခံနိုင်ပါတယ်။ မိုးထဲရေထဲပစ်ထားနိုင်တဲ့ ရေလုံစနစ် Water-proof ဖြစ်ပါတယ်။နေ့ ညမရွေး သုံးနိုင်အောင် Infrared မီးပါတပ်ဆင်ပေးထားပါတယ်။ ရုပ်ထွက်ကြည်လင်ကောင်းမွန်တဲ့အမျိုးအစားဖြစ်ပြီး 800 TV Line ရှိပါတယ်။ မှန်ဘီလူးအရွယ်အစား 3.6 မီလီမီတာရှိပါတယ်။ DC 12V နဲ့အသုံးပြုရတာဖြစ်ပြီး နံရံကပ်ချိတ်နဲ့ Stand ပူးတွဲပါဝင်ပြီးဖြစ်ပါတယ်။ အလင်းရောင်စူးရှတဲ့နေရာမျိုးမှာ ကင်မရာမှန်ဘီလူးကို အလင်းရောင်ကြောင့် အနှောင့်အယှက်ဖြစ်ပြီး ပုံရိပ်ပျက်ပြားတာကို ကာကွယ်ပေးဖို့Body Hood ပါဝင်ပါတယ်။High Definition နဲ့ဖြစ်တာမို့TV နဲ့ရော Monitor နဲ့ပါကြည်ကြည်လင်လင် ပုံရိပ်ရစေပါတယ်။ တန်ဖိုးကျပ်လေးသောင်းကျော်ဖြင့် ဖုန်း ၃၉၉၁၂၉ ၀၉-၅၁၀၉၄၄၂ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

## Universal AC/DC Adaptor for Laptop



ကိုအောင်
ရန်ကုန်၊ဖေဖော်ဝါရီ ၂၆

AC/DC Laptop Adaptor တစ်မျိုးဈေးကွက်အတွင်းဝင်ရောက်လာပါတယ်။ Adaptor တွင် ခေါင်းပြောင်း ၈ ခုပါဝင်ပါတယ်။ခေါင်းပြောင်းများပါဝင်တဲ့အတွက် ခရီးသွားရင်းသော်လည်းကောင်း၊ အလုပ်လုပ်ချိန်အတွင်းအားကုန်သွား၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် အားသွင်းရန်အခက်အခဲရှိသူများအဆင်ပြေစေမယ့် AC/DCAdaptor အမျိုးအစားဖြစ်ပါတယ်။ Voltage အနိမ့်အမြင့်ချိန်ရန် LCD မီးလုံးများပါဝင်သလို ၎င်းမီးသီးပေါ်၌ Output 12V, 15V, 16V, 18V, 19V, 20V, 24V ဆိုပြီး ချိန်ပြီးအသုံးပြုနိုင်ရန်စာသားလေးများနှင့်ခလုတ်များလည်း ပါဝင်ပါတယ်။ ဈေးနှုန်း ၁၅,၀၀၀ ကျပ်ဖြင့် Ko Beno IT ,Mobile , Game Sale & Service ဖုန်း ၂၅၆၄၁၇ ၃၈၀၅၃၆ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

## Electronic Luggage Scale WH - A 15



အေးဖြူ
ရန်ကုန်၊ မတ် ၆

အရွယ်အစားသေးသေးနဲ့ အလေးချိန်ကို 100g-40kg အထိ ချိန်တွယ်လို့ရနိုင်မယ့် portable electronic scale ဖြစ်ပါတယ်။ Unit အနေနဲ့kg,lb နှစ်မျိုးစလုံး ကိုလိုအပ်သလိုပြောင်းလဲချိန်ယူအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကိုယ်တိုင်းထားတဲ့အလေးချိန်ကိုလည်း ပျောက်မသွားအောင် Lock ချထားနိုင်သလို အလေးချိန်ကိုလိုအပ်သလို နှုတ်ယူထားနိုင်တဲ့စနစ်လည်းပါဝင်တာကြောင့် အသုံးပြုသူများအနေဖြင့် များစွာအဆင်ပြေစေမှာဖြစ်ပါတယ်။ နေ့ရောညပါအသုံးပြုနိုင်ဖို့အတွက် Black light system ပါဝင်တဲ့အတွက် လုပ်ငန်းခွင်မှာအလေးချိန်နဲ့အလုပ်လုပ်နေသူများအနေဖြင့်များစွာအသုံးဝင်သလို အမြဲခရီးသွားလာနေသူများအနေဖြင့်လည်း Luggage ရဲ့အလေးချိန်ကိုသိရှိနိုင်ရန် အသုံးပြုသင့်တဲ့ portable scale ဖြစ်ပါတယ်။ဈေးနှုန်း ၅,၅၀၀ ကျပ်ဖြင့်Fax computer ဖုန်း ၃၈၉၃၅၇၊ ၀၉-၉၁၀၃၉၂၀၆ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## 700 X Zoom USB Water proof Endoscope



အေးဖြူ
ရန်ကုန်၊ မတ် ၅

သေးငယ်သောအရာဝတ္ထုများကိုအဆ ၇၀၀ အထိချဲ့ကြည့်နိုင်မယ့်ပစ္စည်းဖြစ်ပါတယ်။ Water proof ဖြစ်ပြီး၊ LED မီးလုံးများပါဝင်တာကြောင့် အလင်းရောင်မရှိတဲ့နေရာများကိုပါကြည့်နိုင်မှာဖြစ်ပါတယ်။ အရေပြားပေါ်ရှိ ပိုးမွှားများ၊ အမွေးအမှင်များ၊ ပုံမှန်မမြင်နိုင်သော အရေပြားပေါ်မှအပေါက်များ၊ စိန်ကျောက်၊ တံဆိပ်ခေါင်း၊ ဒင်္ဂါးပြား၊ ငွေစက္ကူများကို အနီးကပ်အဆ ၇၀၀ ချဲ့ပြီး မိမိကွန်ပျူတာပေါ်တွင်ကြည့်နိုင်မှာဖြစ်ပါတယ်။ Photo အနေဖြင့်ရော Video အနေဖြင့်ပါ သိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်း ၁၈၀,၀၀၀ ကျပ်ဖြင့် My Data ဖုန်း ၀၉-၇၃၁၀၅၀၁၀၊ ၀၉-၅၁၉၆၇၂၄ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## MHL Adapter



GOGO
ရန်ကုန်၊ မတ် ၆

Mobile Phone နှင့် HDTV များကို screen ကြီးကြီး ကြည့်ရှုလိုသူများ အသုံးတည့်စေမယ့် ELECOM အမှတ်တံဆိပ် MPA-MHL AD03BK မော်ဒယ်MHL Adapter တစ်မျိုးဝင်ရောက်လာပါတယ်။ Galaxy Series များအသုံးပြုရန် USB Cable ခေါင်းအပိုတစ်ခုပါဝင်မှာဖြစ်သလို အခြား mobile phone များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ Adapter ကို HDMI Cable နှင့် ချိတ်ဆက်ပြီး မိမိ Mobile Phone ထဲမှ Music & Video များကို TV (သို့) Monitor တွင် ပြန်လည်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ဈေးနှုန်းမှာ ၃၄,၂၀၀ ကျပ်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း ၀၁-၂၂၁၇၉၂ ၂၂၇၅၉၃ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



## Mini Speaker

ဝေဝေ
ရန်ကုန် ဖေဖော်ဝါရီ ၂၇

Smartphone,iPhone, iPod, Tablet များဖြင့်ချိတ်ဆက်အသုံးပြုနိုင်မယ့် ELECOM အမှတ်တံဆိပ် ASP-SMP100 မော်ဒယ် Mini Speaker တစ်မျိုးဝင်ရောက်လာပါတယ်။ အလွယ်တကူသယ်ဆောင်သွားနိုင်တဲ့ကြာခွက်ပုံစံဖြင့် အလှဆင်ထားတဲ့ဒီဇိုင်းပုံစံဖြစ်ပါတယ်။ အရွယ်အစားသေးငယ်ပြီး ကြည်လင်ပြတ်သားတဲ့ အသံအရည်အသွေးကိုအပြည့်အဝခံစားနားဆင်နိုင်မှာဖြစ်ပါတယ်။ အားသွင်းပြီး အသုံးပြုရမှာဖြစ်တဲ့အတွက် မိမိဖုန်းရဲ့ဘက်ထရီကုန်ခန်းမှုသက်သာစေမှာဖြစ်ပါတယ်။ အားသွင်းချိန် ၂ နာရီလိုအပ်ပြီး ၆နာရီကြာပြန်လည်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းက ၇,၈၀၀ ကျပ်ဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Cyber Plus ဖုန်း ၀၁- ၂၂၇၅၉၃၊ ၂၂၁၇၉၂ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



## Car MP3 Player

ကိုအောင်
ရန်ကုန် မတ် ၆

SD Card စိုက်ပြီးကားမောင်းနေစဉ်အတွင်း Music အသုံးပြုနိုင်သော Car MP3 Player တစ်မျိုးဈေးကွက်အတွင်းဝင်ရောက်လာပါတယ်။ ကားစီးကရက်မီးညှိတဲ့နေရာကနေ ချိတ်ဆက်အသုံးပြုရမှာဖြစ်ပါတယ်။ Wireless transmission အမျိုးအစားဖြစ်ပါတယ်။ သီချင်းအပုဒ်များကိုကျော်၍အသုံးပြုနိုင်ရန်LED Screenပါဝင်ပါတယ်။ဈေးနှုန်း ၁၃,၀၀၀ ကျပ်ဖြင့် Ko Beno IT, Mobile, Game Sale & Service ဖုန်း ၂၅၆၄၁၇ နှင့် ၃၈၀၅၃၆ သို့ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါတယ်။



## Bosch Iron



အေးဖြူ
ရန်ကုန် မတ် ၅

Bosch အမှတ်တံဆိပ် မီးပူဖြစ်ပါတယ်။ရေစိုနေတဲ့အထည်တွေကို အသုံးပြုမိတဲ့အခါ အလိုအလျောက်ရပ်ပေးတဲ့ Anti-drip system လည်းထည့်သွင်းပေးထားပါတယ်။ ပလပ်တပ်ပြီးတာနဲ့မြန်မြန်ဆန်ဆန်အပူရရှိနိုင်မှာဖြစ်ပါတယ်။ ရေငွေ့ထုတ်လွှတ်မှုက တစ်မိနစ်ကို 15g ကနေ 25g အထိထုတ်ပေးနိုင်ပြီး သေသပ်တဲ့အကျီပုံစံရရှိအောင်အသုံးပြုထားပါတယ်။ ရေထည့်အသုံးပြုနိုင်ပြီး ရေထည့်အသုံးပြုတဲ့အခါ ရေထဲမှာပါတဲ့ထုံးဓာတ်ကို အဆင့် ၃ ဆင့်နဲ့ဖယ်ရှားပေးတဲ့စနစ်လည်း ပါဝင်မှာဖြစ်ပါတယ်။ဒေါင်လိုက်ရေနွေးငွေ့မှုတ်ထုတ်တဲ့ လုပ်ဆောင်ချက်ကြောင့် ချည်ထည်တွေကိုခေါက်ရာတွေပျောက်အောင် တိုက်ပေးနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်း ၃၈,၈၀၀ ကျပ်ဖြင့် emart ဖုန်း- ၂၅၆၅၀၁ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## CCTV DVR (4ch- 8ch- 16ch)

ကိုအောင်
ရန်ကုန် မတ် ၃




CCTV ကင်မရာများဖြင့်တွဲဖက်အသုံးပြုနိုင်သော DVR တစ်မျိုးဖြစ်ပါတယ်။4ch-8ch-16ch ဆိုပြီး(၃)မျိုးဝယ်ယူရရှိနိုင်ပါတယ်။ CCTV ကင်မရာများကိုမိမိ၏ ရုံးခန်း၊ ဆိုင်ခန်း၊ အိမ်ခန်း စသည့်နေရာများတွင် ကင်မရာတစ်လုံးထက်ပို၍ အသုံးပြုမည်ဆိုပါက DVR စက်များအသုံးပြုရမည်ဖြစ်ပြီး DVR စက်ဖြင့်အသုံးပြုထားပါက ကင်မရာလေးလုံးလျှင်လေးကွက်ကြည့်နိုင်ပြီး ရှစ်လုံးလျှင်ရှစ်ကွက်၊ ၁၆လုံးလျှင် ၁၆ကွက်ကို TV တစ်လုံးတည်းမှာပဲမြင်တွေ့နိုင်မှာဖြစ်ပါတယ်။ Video ရိုက်ကူးမှုများကိုသိမ်းဆည်းထားမည်ဆိုပါက External HD ထည့်သွင်းအသုံး ပြုရမှာဖြစ်ပါတယ်။ DVR တွင် HDMI ပေါက်ပါဝင်ပါတယ်။ DVR နှင့်တွဲဖက်အသုံးပြုရမယ့် CCTV ကင်မရာရဲ့ ဈေးနှုန်းကတော့ ၂၂,၀၀၀ ကျပ်ဖြစ်ပြီး DVR စက်များရဲ့ဈေးနှုန်းတွေကတော့ 4ch ၄၅,၀၀၀ ကျပ်၊ 8ch ၆၀,၀၀၀ ကျပ်၊ 16ch ၇၅,၀၀၀ ကျပ်ဖြစ်ပါတယ်။Ko Beno IT Mobile Game Sale & Service ဖုန်း ၃၈၀၅၃၆ ၂၅၆၄၁၇ သို့ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါတယ်။






# Huawei အမှတ်တံဆိပ် 3G HSPA Router များဖော်ဒယ်သစ်ဖြင့် ထပ်မံဝင်ရောက်လာ



ရန်ကုန်၊ မတ် ၆

Huawei အမှတ်တံဆိပ် 3G HSPA Router များမော်ဒယ်သစ်ဖြင့် ထပ်မံဝင်ရောက်လာပါတယ်။ ဖုန်းနှင့်အင်တာနက်တစ်ပြိုင်နက်တည်း အသုံးပြုနိုင်သည့် 3G HSPA Router များကို GSM/WCDMA လိုင်းမိသော မည်သည့်နေရာဒေသတွင်မဆိုသယ်ဆောင်အသုံးပြုနိုင်ပြီး Signal နည်းသောဒေသများအတွက် 3G Outdoor Antenna တပ်ဆင်အသုံးပြုနိုင်တာကြောင့် အင်တာနက်နှင့်ဖုန်းလိုင်းကို အပြည့်အဝအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အဓိကထူးခြားချက်ကတော့ Wireless LAN 802.11b/g/n (300M), WPS အသုံးပြုနိုင်ပြီး RJ 45 : 4 LAN Port ပါရှိပါတယ်။ မိမိတို့၏ Network လုံခြုံရေးအတွက် WPA/WPA2-PSK Security Key ပါဝင်သည့်အပြင် DHCP Server, DNS relay, Firewall Function များလည်းပါဝင်ပါတယ်။ GSM/WCDMA နှစ်မျိုးအသုံးပြုနိုင်ပါတယ်။ RJ-11 Port ပါရှိသည့်အတွက် ကြိုးဖုန်းတစ်လုံးကဲ့သို့ အသုံးပြုနိုင်သည့်အပြင် PABX System များနှင့်ပါ တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အာမခံ (၁)နှစ်ပေးထားပြီး ဆိပ်ကမ်းသာလမ်းအောက်ဘလောက်ရှိ Neo Tech ကွန်ပျူတာဆိုင်တွင် ဝယ်ယူရရှိနိုင်ပါတယ်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၃၁၆၅၁၆၀ သို့ဆက်သွယ်စုံစမ်းပြီး လက်လီ/လက်ကားဝယ်ယူရရှိနိုင်ပါတယ်။

# LG Brandshop များတွင် တစ်ပတ်တစ်ကြိမ် Mini-Concert များကိုပြုလုပ်သွားမည်

ကောင်းမြတ်ထွန်း၊ ဝေဝေ

မန္တလေး၊ မတ် ၅

တောင်ကိုရီးယားနိုင်ငံအခြေစိုက် LG မှ မြန်မာနိုင်ငံရှိသုံးစွဲသူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် LG Brandshop များတွင် Mini-Concert များ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ Mini-Concert ပွဲများကို မတ်လ ၇ ရက်နေ့မှစတင်ပြီး တစ်ပတ်တစ်ခါ သောကြာနေ့တိုင်း LG Showroom များတွင် လာရောက်ကြည့်ရှုလေ့လာသူများကို တေးသံသာများဖြင့်ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး LG Electronics မှ ထုတ်လုပ်ထားသည့်ပစ္စည်းများကိုလည်း ဝယ်ယူကြည့်ရှုအားပေးနိုင်မည်ဟုသိရသည်။ "ကျွန်တော်တို့ LG Electronics အနေဖြင့် LG ကို နှစ်ခြိုက်အားပေးတဲ့ မိသားစုများကို ကျေးဇူးတုံ့ပြန်သောအနေနဲ့ LG Brandshop တွေမှာ သောကြာနေ့တိုင်းကို Mini-Concert လုပ်ပေးသွားမှာပါ" ဟု LG Myanmar မှသိရသည်။

ထို့နောက် လာရောက်ကြည့်ရှုသူများအတွက် စားသောက်ဖွယ်ရာများကိုလည်း စီစဉ်ထားရှိပေးထားမည်ဖြစ်ကာ LG ချစ်သူများအတွက် LG Logo တံဆိပ်ပါ Shirt အကျႌများကိုပါ အရွယ်အစားအလိုက်မေတ္တာလက်ဆောင်အဖြစ်ပေးအပ်သွားမည်ဟုသိရသည်။ အစီအစဉ်အပြီးတွင်လည်း LG မှ LG ကြော်ငြာပါ Taxi များဖြင့် လာရောက်အားပေးသူများကို နေအိမ်သို့အခမဲ့ပြန်လည်ပို့ဆောင်ပေးသွားမည်ဟုသိရသည်။

အဆိုပါ Mini-Concert အစီအစဉ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ကျင်းပပြုလုပ်သွားမည်ဟုသိရသည်။ Biggest Sale အစီအစဉ်ကို ဧပြီလ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်လျက်ရှိရာ လာရောက်ဝယ်သူများအနေဖြင့် ကျပ် ၂ သိန်းဖိုးနှင့်အထက်ဝယ်ယူပြီး Warranty Card ဖြင့် ကံစမ်းနိုင်မည်ဖြစ်ကြောင်းသိရသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း ၀၉-၂၅၀၀၇၉၈၇၆ သို့ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

# "အ" အကွရာအပ်နံရန် တစ်ထောင်ကျော်ကျန်ရှိ

ရန်ကုန်၊ မတ် ၇

'အ' အကွရာများအားအပ်နှံရန် လက်ကျန်ယာဉ်စီးရေ တစ်ထောင်ကျော်ကျန်ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းများအရသိရသည်။

'အ' အကွရာအရှိစာရင်းမှာ (၈၆၁၈)ဖြစ်ပြီး ၂၈. ၂. ၂၀၁၄ ရက်နေ့အထိ အပ်နှံပြီးစီးရေမှာ (၆၈၂၆)စီးဖြစ်ကြောင်း၊ လက်ကျန်မှာ (၁၇၉၂)ဖြစ်ကြောင်း သိရသည်။ ယာဉ်ဒိုယာဉ်ဟောင်းအပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းတွင်'အ' အကွရာယာဉ်များအပ်နှံဆောင်ရွက်ခြင်းကို ၂၉. ၁၀. ၂၀၁၃ ရက်မှစတင်ကာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး၊ တိုင်းဒေသကြီးရုံးများတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လက်ရှိမော်တော်ယာဉ်နံပါတ်များ လက်ခံဆောင်ရွက်ပေးမှုအနေဖြင့် ၄. ၃. ၂၀၁၄ ရက်နေ့တွင် ကနဦးရောက်ရှိနံပါတ် 6G-2540, DD-7005 ဖြစ်ကြောင်းသိရသည်။

အဆိုပါနေ့တွင် ကနဦးမှတ်ပုံတင်ပေးခြင်းစာရင်းအရ လူစီး ၆၆ စီး၊ ကုန်တင်ယာဉ် ၇ စီး၊ ခရီးသည်တင်ယာဉ် ၆ စီး၊ စုစုပေါင်း ၇၉ စီးဖြစ်ကြောင်း သိရသည်။ က. ည. န အနေဖြင့် လက်ရှိတွင်လစဉ်သတ်မှတ်မြို့နယ်များ၌ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ မတ်လအတွင်းဆောင်ရွက်ရာတွင်ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုပါဝင်ကြောင်းတွေ့ရသည်။ မှတ်ပုံတင်မယ့်မော်တော်ဆိုင်ကယ်များအား အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည့်အစီအစဉ်ကိုလည်း ၁၇. ၂. ၂၀၁၄ ရက်မှ ၄. ၇. ၂၀၁၄ ရက်နေ့အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာထားသည်။

# Nikon မှ တန်ဖိုးပရိုမိုးရှင်းအစီအစဉ်ဖြင့် ကင်မရာများကို အထူး Discount များဖြင့်ရောင်းချပေးမည်

ဝေဝေ

ရန်ကုန်၊ မတ် ၅

Nikon မှ တန်ဖိုးပရိုမိုးရှင်းအစီအစဉ်ဖြင့် ကင်မရာများကို အထူး Discount များဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်းကို ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်တွင် ပြုလုပ်သည့် "I Am TAGU PROMOTION" စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားမှ Nikon မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

အဆိုပါ ပရိုမိုးရှင်းအစီအစဉ်တွင် D7000 Kit, D3300 Kit, D3200 Kit ဝယ်ယူသူများကို 8GB Micro SD Card + Nikon DSLR Bag တစ်ခုမေတ္တာလက်ဆောင်ပေးမည့်အပြင် S3500, S2700, S70 ဝယ်ယူအားပေးသူများကို 8GB SD Card + GP Battery Pack တစ်ခုပေးသွားမည်ဖြစ်သည်။ ပရိုမိုးရှင်းအစီအစဉ်ကို မတ်လ ၅ ရက်နေ့မှစတင်၍ မေလ ၃၁ ရက်အထိသာရောင်းချပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် Special Style Photo & Electronics Nikon Authorized Distribution For Myanmar ဖုန်း- ၀၁-၂၀၀၁၃၈၊ ၃၉၇၆၁၇ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်သလို Nikon ကင်မရာအရောင်းဆိုင်များတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်သည်။

# Beats Dr-Dre Just Beats နှင့် Tour ကို ဈေးလျှော့ရောင်းချမည်

ကိုအောင်

ရန်ကုန်၊ မတ် ၆

Beat By Dr-Dre အမှတ်တံဆိပ် Make in Singapore နားကြပ်များကို အလုံးရေအကန့်အသတ်ဖြင့် ရောင်းချပေးသွားမယ်လို့သိရပါတယ်။ Just Beats ကိုယခင်က ၈၀,၀၀၀ ကျပ်ဖြင့်ရောင်းချပေးခဲ့ရာမှ ယခုအခါတွင် ၄၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ Tour earphone ကိုယခင်က ၈၀,၀၀၀ ကျပ်ဖြင့်ရောင်းချပေးခဲ့ရာမှ ယခုအခါတွင် ၄၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း ရောင်းချပေးသွားမယ်လို့သိရပါတယ်။ Ko Beno IT, Mobile, Game Sale & Service ဖုန်း ၂၅၆၄၁၇ နှင့် ၃၈၀၅၃၆ သို့ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါတယ်။






Internet Journal
Vol.15, No.11 | Thursday, March 13, 2014



| | | | |
|---|---|---|---|
| Developer | : Eidos Montreal | Gameplay | : 8 |
| Publishers | : Square Enix | Story | : 7.5 |
| Genre | : Stealth, Adventure | Graphics | : 8.5 |
| Platforms | : PC, PS3, Xbox360, PS4, XboxONE | Presentation | : 9 |
| Release Date | : Feb25th, 2014 | Final Score | : 8 out of 10 |

# THIEF™

၂၀၀၄ ခုနှစ်မှာ အသစ်ထွက်ရှိလာတဲ့ Thief ဂိမ်းသစ်ဟာ မျိုးဆက်သစ် video game console တွေအတွက်ရော မျိုးဆက်သစ်ဂိမ်းဝါသနာရှင်များအတွက်တော့ စီးရီးသစ်ပုံစံဖြစ်နေပေမယ့် classics ဂိမ်းတွေကစားသူတွေ ဂိမ်းကစားတာကြာပြီဖြစ်တဲ့ ဝါသနာရှင်တွေအတွက်ကတော့ ၁၉၉၈ ခုနှစ် ပထမဆုံး Thief : The Dark Project ထွက်ရှိကတည်းက စတင်ရင်းနှီးခဲ့တဲ့ video game franchise တစ်ခုဖြစ်တာကိုတွေ့ရမှာပါ။ First Person Viewpoint ကမြင်ရတဲ့ဂိမ်းတွေဆိုလုံးနီးပါးက Shooter ဂိမ်းတွေအဖြစ်သာမြင်တွေ့ရတဲ့ခေတ်မှာ Thief ဟာ First Person Adventure ဂိမ်းအမျိုးအစားအဖြစ် ၁၉၉၈ ခုနှစ်ကာလက ကစားသမားတွေကိုဆွဲဆောင်နိုင်ခဲ့ပြီးတော့ ၂၀၀၄ ခုနှစ်မှာ တတိယမြောက်ဂိမ်း Thief : Deadly Shadows ဟာ PC နှင့် Xbox တို့မှာထွက်ရှိပြီး နောက်ပိုင်းမှာတော့ ဆယ်နှစ်အကြာမှာ Thief ဂိမ်းသစ်ပြန်လည်ထွက်ရှိလာပါတယ်။ Developer Eidos Montreal ကရေးသားထားတဲ့ Thief 2014 ဂိမ်းသစ်မှာတော့ အရင်ဂိမ်းတွေက အဓိကဇာတ်ကောင် Master Thief Garrett နေရာကနေပဲ ပြန်လည်ဝင်ရောက်ကစားရမှာဖြစ်ပေမယ့် အရင်ဂိမ်းတွေနဲ့ဆက်စပ်မှုမရှိဘဲ ဇာတ်လမ်းသစ်တစ်ခုဖြစ်တဲ့အတွက် အရင် Thief Series ပရိသတ်တွေ ရော Thief ဂိမ်းတွေကို ပထမဆုံးအကြိမ်ကစားမယ့် gamer တွေပါ ဇာတ်လမ်းနားလည်ရခက်တာမျိုးမရှိဘဲ ကစားနိုင်မှာဖြစ်ပါတယ်။

Thief ဂိမ်းရဲ့ အဓိကဇာတ်ကောင်ဖြစ်တဲ့ Garrett ဟာ ခိုးယူမှုနှင့် ဖောက်ထွင်းမှုများကျွမ်းကျင်ရာမှာ အလွန်ထူးချွန်တဲ့ Master Thief တစ်ယောက်ဖြစ်ပြီး တရားမှုနှင့်ချမ်းသာနေသူများထံမှခိုးယူကာ ဆင်းရဲသူနှင့် အနိုင်ခံလူတန်းစားတွေကို ကူညီတဲ့ Robin Hood ဆန်ဆန်ဇာတ်ကောင်တစ်ယောက်ဖြစ်ပါတယ်။ ယခုဂိမ်းသစ်ရဲ့ အဓိကဇာတ်လမ်းမှာတော့ သဘာဝလွန် Supernatural ဇာတ်လမ်းအနည်းငယ်လည်းပါဝင်ထားပြီး Garrett အနေဖြင့် ရှေးဟောင်းမှော်အင်အား ကိန်းအောင်းနေတဲ့ primal stone ကိုခိုးယူဖို့ကြိုးစားနေစဉ် ပျောက်ဆုံးသွားတဲ့အပေါင်းဖြစ်သူ Erin အားရှာဖွေရမှာဖြစ်ပြီး The City လို့ခေါ်ရှင်းရှင်းအမည်ပေးထားတဲ့မြို့ရဲ့ ဒုစရိုက်သူတစ်ယောက်နှင့် ပြည်သူပြည်သားများအပေါ် မှာရက်စက်တဲ့ အာဏာရှင်တစ်ယောက်ဖြစ်သူ The Baron နှင့် သူ့ရဲ့လက်အောက်ငယ်သားများနှင့်ရင်ဆိုင်ရမှာဖြစ်ပါတယ်။ Thief မှာ Dishonored တို့ Assassin's Creed တို့လို Stealth ပုံစံကစားရမှာဖြစ်ပေမယ့် လူ့ရဲ့အဓိက mission တွေက ရန်သူခေါင်းဆောင်တွေကိုသတ်ဖို့မဟုတ်ဘဲ လူတို့ရဲ့ အဖိုးတန်ရတနာတွေ၊ အရေးကြီးတဲ့အချက်အလက်တွေကို ခိုးယူဖို့အတွက်ဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တစ်ဂိမ်းလုံးကို လူတစ်ယောက်မှမသတ်ဘဲကစားနိုင်မယ့် Stealth အသားပေးဂိမ်းတစ်ခုဖြစ်ပြီး mission တိုင်းကို လုံးဝအမြင်မခံအောင်သွားမလား ဒါမှမဟုတ် အစောင့်တွေကိုနှုတ်ပိတ်ပြီးမှ လိုတာဆက်လုပ်မလား အစရှိတဲ့မတူညီတဲ့ ချဉ်းကပ်မှုမျိုးစုံနှင့် ကစားနိုင်မှာဖြစ်ပါတယ်။

Garrett အနေဖြင့် ပုံမှန် items အသေးအမွှားလေးတွေကလွဲလို့ ဇာတ်လမ်းတက်ဖို့လိုအပ်တဲ့ items တွေကို ခိုးယူတော့မယ်ဆိုရင်တော့ Stealth နှင့် Puzzle ဆန်တဲ့ gameplay ကိုအသုံးပြုထားပါတယ်။ အိမ်အတွင်းနေရာအနှံ့ passwords နှင့်သဲလွန်စရှာတာတွေ၊ အခြားလူများစကားပြောနေတာကိုချောင်းနားထောင်ပြီး အရေးကြီး items တွေဖွက်ထားတဲ့နေရာတွေကိုလိုက်ရှာရတာတွေပါဝင်သလို မြို့အတွင်းမှလူများတောင်းဆိုတဲ့ items တွေကိုလည်း side missions တွေအဖြစ် ရှာဖွေခိုးယူနိုင်ဦးမှာဖြစ်ပါတယ်။ ရန်သူတွေကသင့်ကိုတွေ့သွားပြီဆိုရင်တော့ တန်းတိုက်တိုက်ခိုက်ရတဲ့ combat ပိုင်းအပြင် အဝေးပစ်လေးနှင့်မြားလည်းပါဝင်ပြီး arrow upgrade အနေဖြင့် water arrow နှင့် smoke arrow လိုမျိုး မီးတွေငြိမ်းဖို့ ရန်သူတွေမမြင်အောင်ထွက်ပြေးဖို့ upgrade တွေလည်းထည့်သွင်းထားသလို character upgrade တွေအဖြစ် ခြေသံငြိမ်အောင် သို့မဟုတ် items တွေလုယူရင်လက်ပိုမြန်အောင် အဆင့်တင်နိုင်ဦးမှာပါ။ တွယ်တက်ဖို့ရတဲ့နေရာတွေ၊ hidden item တွေကိုဖော်ပြပေးတဲ့ Focus Mode ပါဝင်ပေမယ့် သဘာဝကျအောင် မြေပုံက Waypoint ဖျောက်တာတို့ Focus Mode ကို disable လုပ်တာတို့ကို Option Menu မှာဝင်ပြင်ပြီး ပုံမှန်ထက်ခက်အောင်လည်း ကစားနိုင်ဦးမှာပါ။

Developer Eidos Montreal နှင့် Publisher Square Enix တို့ရဲ့ Thief ဂိမ်းသစ်ဟာ Action Gameplay ထက် Stealth Gameplay ပိုင်းကို ပိုအသားပေးထားတဲ့ဂိမ်းသစ်တစ်ခုဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းနှင့် ပုံစံကွဲပြားတဲ့ ဇာတ်ကောင်တွေပါဝင်ထားသလို Graphics ပိုင်းရော Gameplay ပိုင်းပါကောင်းမွန်တဲ့ ဂိမ်းတစ်ခုဖြစ်တာတွေ့ရပါတယ်။

နေအောင်လတ်
(mmgamers.com)

International

## Fujifilm X - E2



Megapixel - 16.0
Zoom - Lens type
Sensor - CMOS
LCD Display - 3.0 inch
Battery - Lithium

လုပ်ဆောင်ချက်အထူးကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ Fuji X - E2 ကင်မရာဖြစ်ပါတယ်။ ဒီကင်မရာကို မိသားစုအသုံးပြုရန်အတွက်သာမက လုပ်ငန်းခွင်အသုံးချနိုင်ပြီး အိုတ်ဆောင် Professional ကင်မရာတစ်လုံးအနေနဲ့လည်း စွမ်းဆောင်ပေးနိုင်တဲ့ကင်မရာပါ။ ဈေးနှုန်းအသင့်အတင့်ရှိပြီး အသုံးပြုသူများကို စိတ်ကျေနပ်မှုအပြည့်အဝပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

## Canon power shot D - 30



Megapixel - 12.1
Zoom - 5X Optical
Sensor - DIGIC - 5
LCD Display - 3.0 inch
Battery - Lithium

ဘော်ဒီအရွယ်အစားသေးငယ်ပြီး မိသားစုအပျော်တမ်းအသုံးပြုရန်အထူးသင့်တော်တဲ့ Canon power shot D - 30 ဖြစ်ပါတယ်။ Water proof ကင်မရာဖြစ်တာကြောင့် ရေစိုဒဏ်ကိုကာကွယ်ပေးနိုင်ပြီး ရေအောက်မှာပါ ဓာတ်ပုံ ဗီဒီယိုရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ကင်မရာမှာ GPS စနစ်ပါဝင်ပြီး လုပ်ဆောင်ချက်များကို Auto စနစ်များနဲ့ လွယ်ကူစွာအသုံးချနိုင်မှာဖြစ်ပါတယ်။

# SONY W-810



Editor Choice

မြည်တွင်းဈေးကွက်ထဲကိုမကြာသေးခင်ကမှ အသစ်ရောက်ရှိလာတာဖြစ်ပြီး Mega Zoom အထူးမြင့်မားတဲ့ Sony အမှတ်တံဆိပ် W-810 Auto Compact ကင်မရာဖြစ်ပါတယ်။ လုပ်ဆောင်ချက်အသင့်တင့်ကောင်းမွန်ပြီး နည်းပညာစုံလင်စွာပါဝင်တဲ့အပြင် စွမ်းဆောင်ရည်အထူးမြင့်မားတဲ့ ကင်မရာဖြစ်တာကြောင့် မိသားစုအပျော်တမ်းအသုံးပြုရန် အထူးသင့်တော်ပါတယ်။ ခရီးဆောင် Auto Compact ကင်မရာတစ်လုံးအနေနဲ့ အသုံးပြုမယ်ဆိုရင်လည်း ပုံထွက်အရည်အသွေးကိုအထူးစိတ်ချနိုင်တာကြောင့် စိတ်ကျေနပ်မှုကိုရရှိစေနိုင်မှာပါ။ လုပ်ဆောင်ချက်များကိုကလေး လူကြီးမရွေး လွယ်ကူစွာအသုံးချနိုင်မှာဖြစ်ပြီး Sony W-810 ကိုဈေးနှုန်းအသင့်တင့်နဲ့ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### အားသာချက်

ကင်မရာပါဝင်တဲ့ ပုံရိပ်ကြည်လင်ပြတ်သားမှုအတွက်စွမ်းဆောင်ပေးတဲ့ Megapixel ဟာ အထူးကောင်းမွန်တာကိုတွေ့ရပါတယ်။ 20.0 Megapixel ရှိတာကြောင့်ပါ။ အခြား Auto Compact ကင်မရာများထက် အားသာမှုများစွာရှိတဲ့ Megapixel ဖြစ်ပါတယ်။ ကင်မရာရဲ့ Sensor ကိုတော့ CCD ကိုအသုံးပြုထားတာတွေ့ရပါတယ်။ Zoom ဆွဲအားဟာလည်း အသင့်အတင့်ကောင်းမွန်ပါတယ်။ 6X Optical Zoom ဆွဲနိုင်တာကိုတွေ့ရပါတယ်။ ဒါကြောင့် Mega Zoom ကိုအထူးစိတ်ချနိုင်ပြီး အသုံးပြုသူများကို စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးတဲ့အခါမှာလည်း Auto စနစ်များနဲ့ လွယ်ကူစွာအသုံးပြုနိုင်ပြီး ပုံထွက်အရည်အသွေးကိုအထူး စိတ်ချနိုင်မှာဖြစ်တဲ့အပြင် အကောင်းဆုံးပုံရိပ်များကိုထုတ်လုပ်ပေးနိုင်တဲ့ကင်မရာဖြစ်ပါတယ်။ LCD Screen မှာ ၂.၇ လက်မအရွယ်အစားရှိပါတယ်။ အပျော်တမ်းလုပ်ဆောင်ချက်များကို စုံလင်စွာထည့်သွင်းပေးထားပြီး ကင်မရာမှာ Built-in Image Stabilizer ပါဝင်တာကြောင့် လက်တုန်ခါမှုကိုအသင့်အတင့်ကာကွယ်ပေးမှာဖြစ်ပါတယ်။ နောက်ပြီးကင်မရာမှာ Special Effect များစွာနဲ့ Exposure Modes များစွာတို့ကိုအပျော်တမ်း အသုံးပြုလိုသူများအကြိုက် ထည့်သွင်းဖန်တီးပေးထားပါတယ်။

### အားနည်းချက်

ဒီကင်မရာရဲ့ အဓိကအားနည်းချက်ကတော့နောက်ဆုံးပေါ်နည်းပညာများဖြစ်တဲ့ Wi-Fi စနစ်နဲ့ 3D စနစ်တို့ကိုထည့်သွင်းပေးထားခြင်းမရှိပါဘူး။ ဒါ့အပြင် GPS စနစ်လည်း ပါဝင်ခြင်းမရှိပါဘူး။ ဒီကင်မရာရဲ့ နောက်အားနည်းချက်တစ်ခုကတော့ Movie ကို HD အရည်အသွေးထုတ်လုပ်ပေးနိုင်မှာမဟုတ်ပါဘူး။ ဒါတွေကတော့ ဒီကင်မရာရဲ့ အဓိကအားနည်းချက်များဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒီကင်မရာမှာ အားနည်းချက်အချို့ရှိပေမယ့် ပုံထွက်အရည်အသွေးကိုထိခိုက်မှုမရှိပါဘူး။ ပုံထွက်အရည်အသွေးကိုတော့ အပျော်တမ်းအသုံးပြုသူများအနေနဲ့ စိတ်ကျေနပ်မှုအပြည့်အဝရရှိနိုင်ကြမှာပါ။ ဒါ့ကြောင့်ဒီကင်မရာကို မိသားစုအသုံးပြုဖို့ရွေးချယ်သင့်တဲ့ ကင်မရာတစ်လုံးဖြစ်တယ်လို့ သုံးသပ်ရတာပါ။ ဈေးနှုန်းမှာ ၁၃၀,၀၀၀ ကျပ်ဝန်းကျင်နဲ့ Royal Digital မှာဝယ်ယူရရှိနိုင်ပါတယ်။

INFORMATIONMATRIX
INNOVATING FOR THE FUTURE
HOT LINE: 01 512 887
www.informationmatrix.com
hr@informationmatrix.com

Information Matrix is a pioneer IT solutions provider in Myanmar for government ministries, large and small business organizations and educational institutions. We provide our clients with a comprehensive array of internet-based and solutions. At Information Matrix, we are continually upgrading ourselves with new technology available out there so we are readily available for all our clients with clear answers and solutions.

php Microsoft .net Cf Joomla! Microsoft SQL Server MySQL



CHALLENGING JOB OPPORTUNITIES!

Microsoft .NET Programmer (M/F) 2 Post
- Strong C# ASP knowledge is required
- Having MVC knowledge is desirable
- Work closely with other developers, partners and clients.
- Solve problems with efficient and easily maintainable code.
- Follow existing coding standards and documentation styles.
- Work from and create requirements documents, design documents and schedules.
- Provide progress updates for various tasks assigned.
- Having experience in j Query, Bootstrap and Foundation knowledge is desirable
- Able to travel around country as needed

Android Programmer (M/F) 2 Post
- Participate in innovation, design and architecture of the apps
- Thorough understanding of computing fundamentals and object orientated programming (Java programming experience)
- Strong understanding of Android development and design patterns.
- Healthy respect for clean, simple and tested code.
- Demonstrated ability to work collaboratively as part of a multidisciplinary team.
- Work from and create requirements documents, design documents and schedules.

Interested applicants are welcomed to submit curriculum vitae that provides the qualifications, experiences with recent color passport sized photo, NRC copy and labor registration card to the address below.

Closing Date 25.3.2014

CONTACT: No (497), Diamond Condo E, First Floor, Pyay Road, Kamaryut Township, Yangon. Ph:01 512887

Internet Journal
Vol.15, No.11 | Thursday, March 13, 2014




# Gold Crane Service Co.,Ltd

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလလယ်ဝန်းကျင်လောက်က Showroom ကိုစတင်ဖွင့်လှစ်ဖြစ်ခဲ့တာပါ။ ဂျပန်နှင့် အမေရိကန်နိုင်ငံထုတ်ကားတွေကို တင်သွင်းရောင်းချပေးပါတယ်။ Brand new ဘယ်ခေါင်းအမျိုးအစားကားအများစုကို တင်သွင်းရောင်းချဖြစ်ပါတယ်။ အိမ်စီးကားနှင့် တစ္စီတွေကိုတင်သွင်းရောင်းချပေးတဲ့အပြင် Truck, City Bus, Express, Mini Bus နှင့်လုပ်ငန်းသုံးကားတွေကိုလည်း ဝယ်လိုချင်တယ်ဆိုရင်တိုက်ရိုက်မှာယူပေးပါတယ်။ လေလံဆွဲဝယ်ယူလိုသူတွေအတွက်လည်းဝန်ဆောင်မှုပေးပါတယ်။ ကားစာချုပ်မှာယူသည့်မှစ၍ အမည်ပေါက် Owner Book ထွက်ရှိသည်အထိ အပြီးအစီးစီစဉ်ဆောင်ရွက်ပေးပါတယ်။ ကားအမျိုးအစားရွေးချယ်ရင် စျေးနှုန်းသင့်ရမယ်၊ စျေးနှုန်းသင့်ရင် ကားသန့်ရမယ်၊ ကားသန့်ရင်နိုင်နဲ့ရမယ့်အပြင် ဝယ်ယူသူစိတ်တိုင်းကျစေရမည်ဟူသောရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ အရစ်ကျစနစ်ဖြင့်လည်းရောင်းချပေးနေပြီး အရစ်ကျစနစ်ကို MOB Bank ဖြင့်ချိတ်ဆက်၍စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

Gold Crane Service Co.,Ltd ၏ ရုံးခန်းကိုတော့ အမှတ်(၄) ကိုးမေလမ်း၊ မရမ်းကုန်းမြို့နယ်တွင်ဖွင့်လှစ်ထားပြီး ကားအရောင်းစင်တာကိုတော့ အမှတ်(၈-က)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်တွင်ဖွင့်လှစ်ထားမှာဖြစ်ပါတယ်။ ဖုန်း- ၀၁၉-၆၆၇၅၁၂၊ ၆၅၆၈၁၂၊ ၀၉၇၃၂၂၄၅၉၈၉၊ ၆၅၆၆၉၀၊ ၆၅၆၆၉၁၊ ၆၆၇၀၂၀ သို့ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။



**Brand** : Toyota Hilux Brand New
**Model** : 2013, 2500cc, Diesel
**Price** : ညှိနှိုင်း



**Brand** : Toyota ESTIMA
**Model** : 1997, 2500cc, Gasoline
**Price** : ညှိနှိုင်း



**Brand** : Toyota Hilux Double Cab
**Model** : 2013, 2500cc, Diesel, 4WD
**Price** : ညှိနှိုင်း



**Brand** : Toyota Kluger
**Model** : 2002, 2400cc, Gasoline
**Price** : ညှိနှိုင်း



**Brand** : Toyota Mark II
**Model** : 2003, 2000cc, Gasoline
**Price** : ညှိနှိုင်း



**Brand** : Mitsubishi PAJERO
**Model** : 1997, 2500cc, Diesel, 4WD
**Price** : ညှိနှိုင်း



**Brand** : Nissan Latio
**Model** : 2012, 1200cc, Gasoline
**Price** : ညှိနှိုင်း



**Brand** : Toyota Mark II
**Model** : 1999, 2000cc, Gasoline
**Price** : ညှိနှိုင်း

အထက်ပါကားများကို "Gold Crane Service Co.,Ltd" တွင် ဝယ်ယူရရှိနိုင်ပါတယ်။

## Week In Choice




# Mercedes-Benz G-Class (2014)

ယခုတစ်ပတ်မော်ဒယ်ပြသပေးမှာကတော့ Mercedes-Benz အမှတ်တံဆိပ် G-Class အမျိုးအစားဖြစ်ပါတယ်။ စတင်ထုတ်လုပ်ချိန်ကတည်းက စစ်တပ်အတွင်းအသုံးပြုရန်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိနိုင်ငံပေါင်း ၆၀ နိုင်ငံရှိစစ်တပ်များတွင် အသုံးပြုဆဲဖြစ်ပါတယ်။ စစ်တပ်သုံးအမျိုးအစားလို့ဆိုတဲ့အတိုင်း ရိုးရှင်းတဲ့ဒီဇိုင်းအပြင် တကြမ်းခံနိုင်စွမ်းမြင့်မားပါတယ်။ G-Class ရဲ့ သူမတူတဲ့ဒီဇိုင်းကိုဆက်လက်ထိန်းသိမ်းတဲ့အနေနဲ့ လက်ရှိအထိမ်းမှတ်ထုတ်လုပ်ထားပြီး ဒီဇိုင်းသက်တမ်းအနေနဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကြာမြင့်ခဲ့ပါပြီ။ ဒီဇိုင်းတစ်ခုရဲ့ သက်တမ်းကြာမြင့်လာမှုနဲ့အတူ G-Class ရဲ့ပုံစံဟာ Life Style များအပေါ် သက်ရောက်လာခဲ့ပြီး ခန့်ညားထည်ဝါမှုအသွင်ကို ဆောင်ကြဉ်းလာခဲ့ပါတယ်။

ယခုတစ်ပတ်မော်ဒယ်ပြသပေးမှာကတော့ G-Class ရဲ့ 63 AMG အမျိုးအစားဖြစ်ပါတယ်။ Station Wagon အမျိုးအစားဖြစ်ပါတယ်။ Bi Turbo V8 Engine ကိုအသုံးပြုထားပြီး Engine Power 5461cc ရှိပါတယ်။ မြင်းကောင်ရေ 554hp ရှိပြီး အင်ဂျင်ရုန်းကန်အား 760Nm torque ရှိပါတယ်။ Transmission 7 speed Automatic အမျိုးအစားဖြစ်ပါတယ်။ 0 to 100km ကို ၅.၄ စက္ကန့်အတွင်းရောက်ရှိနိုင်ပြီး Top Speed အနေနဲ့ 210km အထိမြန်နှုန်းမြင့်မောင်းနှင်နိုင်မှာပါ။ 100km ကို ဆီစားနှုန်း 13.8Liters အသုံးပြုမှာဖြစ်ပါတယ်။ လမ်းကြမ်းမောင်းနှင်နိုင်တဲ့ Feature များစွာပါဝင်ပါတယ်။ ၃၄ ဒီဂရီစောင်းနေသည့် မြေပြင်တွင် မောင်းနှင်နိုင်သလို ရေနက်မှာပြင်အမြင့် ၆၀ စင်တီမီတာမှာလည်း မောင်းနှင်နိုင်ပါတယ်။ Command Controller, Ambient Lighting, Differential Lock, Xenon Headlamp, LED daytime စတာတွေပါဝင်လာမှာပါ။ Airbag ရှစ်လုံးပါရှိပါတယ်။ သီးသန့်မှာယူမှုအနေနဲ့လည်း Designo အရောင်၊ ထိုင်ခုံတို့ဖြင့်မှာယူနိုင်မှာဖြစ်ပါတယ်။ Mercedes-Benz G-Class G 63 AMG ရဲ့ တန်ဖိုးက အခွန်မရိုက်ခင် ဒေါ်လာနှစ်သိန်းကျော်ရှိမှာဖြစ်ပြီး ဝယ်ယူလိုပါက Mercedes-Benz showroom ဖုန်း-၆၆၆၇၀၂ သို့ဆက်သွယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

## Car Accessories

### ကား Filter ကိုအလွယ်တကူဖြုတ်နိုင်တဲ့ပစ္စည်း



ရန်ကုန် မတ် ၄

ကားအင်ဂျင်ဝိုင်ထည့်ထားတဲ့ Filter ကို အလွယ်တကူဖြုတ်နိုင်တဲ့ပစ္စည်းပါ။ မည်သည့်ကားအတွက်မဆို အသုံးပြုနိုင်ရန်အတွက် အရွယ်အစားမျိုးစုံပါဝင်တဲ့ Filter ဖြုတ်ကိရိယာအမျိုးမျိုး ပါဝင်ပါတယ်။ Filter များကိုမထိခိုက်စေဘဲဖြုတ်နိုင်ရန်အတွက် Filter အဖုံးနဲ့ကွက်တိလုပ်ထားပါတယ်။ ကြားအရွယ်အစားဖြုတ်နိုင်ရန်အတွက်ကိရိယာလည်း ပါဝင်ပါတယ်။ ဈေးနှုန်းက ၈၅,၀၀၀ ကျပ်ဝန်းကျင်ဖြင့် JTC&BANZI AUTO TOOLS ဖုန်း-၀၁-၅၁၇၂၂၀၊ ၅၁၅၄၂၅၁ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

### Pioneer Audio Player

ရန်ကုန် မတ် ၅




Pioneer အမှတ်တံဆိပ် DEH-X1650UB မော်ဒယ် Audio Player တစ်မျိုးဖြစ်ပါတယ်။ အသံအရည်အသွေးအထူးကောင်းမွန်တဲ့အမျိုးအစားတစ်ခုဖြစ်ပြီး USB, Android Phone တို့ဖြင့် ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Subwoofer Control ရရှိမှာဖြစ်ပြီး Non-Stop Mix Play Function များကိုပါအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဝယ်ယူလိုသူများအနေဖြင့် ကိုလတ် Car Audio & Video (သိမ်ဖြူတင်းနစ်ကွင်း) ဖုန်း ၀၉၄၉၃၄၆၆၈၈၊ ၀၉၄၅၀၀၀၈၉၅၃ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာဖြစ်ပါတယ်။

### Pioneer AV Multi Media



ရန်ကုန် မတ် ၅

Pioneer အမှတ်တံဆိပ် AVH-X2650BT မော်ဒယ် AV Multi Media တစ်မျိုးဖြစ်ပါတယ်။ Steering Control များဖြင့်ချိတ်ဆက်နိုင်မှာဖြစ်ပြီး ၆.၁ လက်မအရွယ်အစား LED Touch Screen ပါရှိမှာဖြစ်ပါတယ်။ Bluetooth ဖြင့်ချိတ်ဆက်ပြီး Smartphone များကိုလည်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ MirrorLink စနစ်အပြင် iPhone, iPod စတာတွေကိုလည်း ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပြီး ရုပ်ထွက်အထူးကောင်းမွန်ပါတယ်။ ဝယ်ယူလိုသူများအနေဖြင့် ကိုလတ် Car Audio & Video (သိမ်ဖြူတင်းနစ်ကွင်း) ဖုန်း - ၀၉၄၉၃၄၆၆၈၈၊ ၀၉၄၅၀၀၀၈၉၅၃ သို့ဆက်သွယ်စုံစမ်းနိုင်မှာဖြစ်ပါတယ်။

### ကား DVD စက်အပါး



ရန်ကုန် မတ် ၄

မော်တော်ကားအမျိုးအစား တော်တော်များများမှာ အသုံးပြုနိုင်တဲ့ကား DVD စက်အပါးဖြစ်ပါတယ်။ DVD အပြင် VCD, CD, MP3, MP4 များပါဖွင့်နိုင်မှာဖြစ်တယ်။ USB အပေါက်ပါတဲ့အတွက် USB နဲ့လည်း ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ရေဒီယိုအနေနဲ့လည်းအသုံးပြုနိုင်သလို ကားမှာပါတဲ့ TV တွေနဲ့လည်းချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ဈေးနှုန်း ၄၅,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဝင်းမိသားစု ဖုန်း - ၀၉-၅၁၈၈၈၆၇၊ ၀၉-၅၀၉၉၉၆၇ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



# Tech Inside

INTERNET

YOUR BUYING GUIDE

Vol.15, No.11 | Thursday, March 13, 2014

**Tech News**

## အွန်လိုင်းမှ လုပ်ငန်းလိုင်စင် လျှောက်နိုင်သော မြို့နယ် ၁၈ ခု အထိ တိုးလာ

စာ - ၄၉

**Knowledge for All**

## လူမှုပတ်ဝန်းကျင်တွင် သတိပြုရမည့် စိတ်ရှုပ်ဖွယ် နည်းပညာဆိုင်ရာ အပြုအမူများ

စာ - ၁၂

## Sudoku PRIZE

Smart Electronic Dictionary

### msi GS 70 20 D

Intel ©4th Gen CoreTM i7 (4700HQ)
2.40GHz Processor
nVIDIA Geforce GTX765M/2GB GDDR5
DDR3L 8GB,up to 1600 MHz,
Slot *2, (max 16GB)
1TB HDD (7200RPM)
17.3" Full HD (1920 x 1080) (Non-Glare-Type)
Gigabit LAN, HD Webcam Bluetooth 4.0,
HDMI 1(v1.4), USB 3.0, HDMI, mDP X2 port
9 Cells Battery
Price - 1,411,000 Ks

Available @ Royal Smart Co.,Ltd

Model : Su Myat Noe Kyaw | Make up : Ankar Kyaw (Ko Mer) | Photo : Kyaw Myo Oo (Color Right) | Organizer : Thandar

ASUS
IN SEARCH OF INCREDIBLE

2-Year Global Warranty + 1-Year Local Service Warranty

ASUS K450LC-WX101D
Intel Core i5-4200U-1.6 GHz (Turbo Boost 2.3 GHz) 3M
4GD3L/1600 | Sata 500G (5400rpm) | Nvidia GT720 (2G) DDR3
DRW | 14.0"HD Color Shine (LED) | 4Cells Polymer Battery
$669

ASUS K·SERIES
Expressive colors. Exceptional performance.



Available color :

Golden Power Technology - Your Reliable Supplier | Tel : (01) 2304848, 2304849, 2304850, 2304851

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

## Lenovo CDMA Tablet A5000



ရန်ကုန်၊ မတ် ၇

GSM & CDMA ဖုန်းကတ်နှစ်ခုစလုံး ထည့်သွင်းကာဖုန်းပြောဆိုနိုင်သလိုအင်တာနက်ပါ အသုံးပြုနိုင်သော Lenovo CDMA Tablet A5000 ကတော့ Android 4.1.2 ကို သုံးထားပြီး CPU Quad Core 1.2 GHz နဲ့ဖြစ်ပါတယ်။ RAM 1 GB ပါဝင်ပြီး ROM 16GB ရှိပါတယ်။ MicroSD ကတ်ထည့်ပြီး ထပ်တိုးအသုံးပြုနိုင်ပါတယ်။ WiFi, Bluetooth စနစ်တွေလည်း ပါဝင်ပါတယ်။ ရှေ့၊ နောက် ကင်မရာနှစ်လုံးပါဝင်ပြီး ကင်မရာမှာ LED Flash လည်း ပါဝင်တယ်။ လိုအပ်တဲ့ Software, Game နဲ့ Application အပြီးအစီး ထည့်သွင်းပေးမှာဖြစ်ပါတယ်။ Lithium Polymer Battery 3650 mAh ကို အသုံးပြုထားပါတယ်။ KMD Mobile ဖုန်း-၀၁-၂၄၁၁၉၆၊ ၁၈၅၀၇၇ သို့ဆက်သွယ်စုံစမ်း ဝယ်ယူရရှိနိုင်ပါတယ်။

-သန္တာ

## Wainford G901 Tablet



ရန်ကုန်၊ မတ် ၅

Wainford အမှတ်တံဆိပ် G901 Tablet ဖြစ်ပါတယ်။ အသစ်ထွက်ရှိလာတဲ့ အမှတ်တံဆိပ်ဖြစ်ပြီး RAM 512 အသုံးပြုထားပြီး Internal Memory 8GB ပါဝင်ပါတယ်။ Internal Memory မလောက်သေးဘူးဆိုရင် Micro SD Card ဖြင့် 32GB အထိ ထပ်တိုးပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Android Version 4.2 Jellybean ကို အသုံးပြုထားတာကြောင့် Game အနိမ့်အမြင့်များကို နှစ်သက်သလို ကစားနိုင်မှာ ဖြစ်ပါတယ်။ စကရင် အရွယ်အစား ၉ လက်မရှိတာကြောင့် Video File များ ကြည့်ရာတွင်လည်း များစွာအဆင်ပြေစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ထူးခြားချက်အနေဖြင့် Video နှစ်ခုကို တစ်ပြိုင်နက် ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်း ၇၅,၀၀၀ ကျပ်ဖြင့် Wainford ဖုန်း- ၂၂၃၈၀၄ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

-အေးဖြူ

## Armaggeddon A5 Speaker



ရန်ကုန်၊ မတ် ၆

DVD, VCD, MP4, Laptop, iPhone အပြင် အခြား Player များဖြင့် တွဲဖက်အသုံးပြုနိုင်မယ့် Armaggeddon အမှတ်တံဆိပ် A5 Speaker တစ်မျိုး ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ထူးခြားတဲ့ ဒီဇိုင်းပုံစံနဲ့ဖြစ်ပါတယ်။ ကြည်လင်ပြတ်သားတဲ့ အသံထွက်ကိုရရှိစေနိုင်ပြီး အညံ့သံကိုဖယ်ရှားပေးနိုင်တဲ့စနစ် ပါဝင်မှာဖြစ်ပါတယ်။ Total Power RMS 75 Watt ရှိပြီး Bass အသံထွက်အားပြင်းထန်တဲ့အတွက် Woofer စစ်စစ် အသုံးပြုလိုသူတွေအတွက် အဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ 4 Way Audio System နှင့် ပြုလုပ်ထားပြီး ရှေ့မျက်နှာပြင် Cover ကို အလွန်အကြမ်းခံနိုင်တဲ့ သစ်သားဖြင့် ပြုလုပ်ထားပါတယ်။ ဈေးနှုန်းမှာ ၉၆,၅၀၀ ကျပ် ဖြစ်ပြီး အာမခံတစ်နှစ်ပေးထားပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၀၉-၇၃၀၇၇၁၁၀ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

## USB Hub



ရန်ကုန်၊ မတ် ၆

ကွန်ပျူတာအသုံးပြုရာတွင် USB port မလုံလောက်သူများ အဆင်ပြေစေနိုင်မယ့် ELECOM အမှတ်တံဆိပ် U3H-A405B မော်ဒယ် USB Hub တစ်မျိုး ဝင်ရောက်လာပါတယ်။ USB Port ၄ ခုပါဝင်ပြီး ကြိုးအရှည် ၁ မီတာအရှည်ရှိမှာဖြစ်တဲ့အတွက် အဆင်ပြေစွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ USB 3.0 ရှိမှာဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ USB Hub တစ်မျိုး ဖြစ်တယ်လို့ သိရပါတယ်။ ဈေးနှုန်းမှာ ၃၃,၆၀၀ ကျပ် ဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Cyber Plus ဖုန်း ၀၉၇၃၀၅၆၄၈၃ သို့ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပါတယ်။

-ဝေဝေ

## Sony External Hard Drive



ရန်ကုန်၊ မတ် ၆

ကွန်ပျူတာထဲတွင်ရှိသည့် မိမိ၏ အရေးကြီးအချက်အလက်များကို အလွယ်တကူသိမ်းဆည်းထားနိုင်မယ့် Sony အမှတ်တံဆိပ် HD-EG5 HDD မော်ဒယ် External Hard Drive တစ်မျိုး ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ အကြမ်းခံနိုင်ပြီး စင်းရာ ခြစ်ရာမထင်တဲ့ မျက်နှာပြင်ပါရှိမှာဖြစ်သလို လှပပြေပြစ်တဲ့ ဒီဇိုင်းပုံစံရှိမှာဖြစ်ပါတယ်။ အချက်အလက်များများ သိုလှောင်နိုင်စေရန် 500GB ကို အထောက်အပံ့ပေးထားပါတယ်။ USB 2.0, USB 3.0 နှစ်မျိုးစလုံးနှင့် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ Windows 7 (32bit, 64bit), Windows8 (32bit, 64 bit) တွေနှင့်လည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အချက်အလက် လွှဲပြောင်းနိုင်တဲ့ နှုန်းအနေဖြင့် USB 3.0 တွင် 5Gbps, USB 2.0 တွင် 480 Mbps ဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါး အလေးချိန်ရှိမှာဖြစ်တဲ့အတွက် အလွယ်တကူ သယ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ Sony Showroom ဖုန်း- ၀၁-၃၉၈၅၆၆၊ ၅၄၆၀၀၆ (လိုင်းခွဲ -၁၄၄) သို့ ဆက်သွယ် စုံစမ်း ဝယ်ယူနိုင်ပါတယ်။

-ဝေဝေ

## HP Pavilion 14n 022Tx Laptop



ရန်ကုန်၊ မတ် ၅

Intel ရဲ့ နောက်ဆုံးပေါ် 4th Generation (Haswell Processor) အသုံးပြုထားတဲ့ HP Pavilion 14-no22Tx (i5) Model Laptop ဖြစ်ပါတယ်။ Ultra Processor သုံးထားတဲ့အတွက် ပေါ့ပါးလှပသေသပ်ပြီး ကျစ်လျစ်တဲ့ ဒီဇိုင်းအမျိုးအစားဖြစ်ပါတယ်။ Performance မြင့်မားတဲ့ Core (i5) 4200U (16. GHz) ကိုအသုံးပြုထားပြီး Graphic အနေဖြင့် ATI Radeon 8670M 2GB နဲ့ Memory 4GB DDR3 (1600 MHz) ပါဝင်တဲ့အတွက်ကြောင့် ဒီဇိုင်းပိုင်းဆိုင်ရာနှင့် Games တော်တော်များများကို စိတ်ကြိုက် အသုံးပြုကစားနိုင်မှာဖြစ်တယ်။ အချက်အလက်သိမ်းဆည်းရန်အတွက် 750GB ပမာဏရှိတဲ့ HDD ပါဝင်ပါတယ်။ ကြည်လင်ပြတ်သားတဲ့ရုပ်ထွက်နဲ့အသံကိုထောက်ပံ့ပေးနိုင်မယ့် HDMI Port, Data ကူးယူမှုကို ပုံမှန်ထက် ဆယ်ဆမြန်ဆန်စေမယ့် USB 3.0 နဲ့ Bluetooth 4.0 စတာတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဈေးနှုန်းအမေရိကန်ဒေါ်လာ၆၈၉ဖြင့် Royal Smart Trading Co.,Ltd ဖုန်း- ၂၄၀၁၁၀ သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

-အေးဖြူ

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

## SanDisk 128GB microSD Card



$120

SanDisk ကနေ အသစ်ထုတ်လုပ်လိုက်တဲ့ 128GB ပမာဏ အချက်အလက် သိုလှောင်နိုင်စွမ်းရှိတဲ့ microSD ကတ်ပဲ ဖြစ်ပါတယ်။ စမတ်ဖုန်း၊ တက်ဘလက်နဲ့ ဒစ်ဂျစ်တယ်ကင်မရာတွေအတွက် ထုတ်လုပ်ထားတာဖြစ်ပြီး ဒီကတ်ကို ရေ၊ သတ္တု၊ အိုက်စ်ရေနဲ့ shock-proof စတဲ့ မတော်တဆ ထိခိုက်မှုဒဏ် ခံနိုင်အောင် ပြုလုပ်ထားပါတယ်။

## Grain Audio Passive Speaker

$800



သစ်သား စင်ပုံစံနဲ့ ထုတ်လုပ်ထားတဲ့ စပီကာပဲ ဖြစ်ပါတယ်။ ပနေရာမ်ဖက်ရှင်နယ် လက်လုပ်မော်ဒယ်အမျိုးအစား စပီကာဖြစ်ပြီး 5.25 လက်မ Woofer စနစ်နဲ့ ၂၅ ဝပ် ကနေ ၇၅ ဝပ်ထိ အသံအထွက် ဖို့အားရရှိနိုင်တဲ့ Amplifier စနစ်လည်း တွဲဖက်ပါဝင်ပါတယ်။

## REVIEW...

မြင့်ဇော်

# Lenovo ThinkPad 8

**USD $ 399 | CNET**



**အားသာချက်**

Lenovo ThinkPad 8 ဟာ Windows 8.1 ကို ထည့်သုံးထားပါတယ်။ ၈. ၃ လက်မအရွယ်သာရှိတဲ့ စကရင်ရဲ့ resolution က အတော်ကိုကောင်းတယ်လို့ ဆိုရမှာပါ။ သိုလှောင်သိမ်းဆည်းမှုအတွက် စံသတ်မှတ်ချက်ဖြစ်တဲ့ 64 GB SSD ကို သုံးထားတာ တွေ့ရပါတယ်။ ပါးလွှာပေါ့ပါးတာက နှစ်လိုဖွယ်ရာဖြစ်ပါတယ်။

**အားနည်းချက်**

အခြားသော ၈ လက်မအရွယ် Windows tablet တွေထက်ပိုပြီးတော့ ဈေးများပါတယ်။ Stylus Pen မပါသလို ကီးဘုတ်လည်းမပါလာပါဘူး ။ နောက်ထပ်ထူးခြားတဲ့အားနည်းချက်ကတော့ဘက်ထရီပါ။ အခြားသော tablet တွေထက် ဘက်ထရီပိုင်းမှာ အားနည်းပါတယ်။

**အသေးစိတ်ဖော်ပြချက်**

စကရင် resolution က 1920x 1200 ဖြစ်ပြီး ၈. ၁ လက်မအရွယ် touch စကရင် ဖြစ်ပါတယ်။ 1.46 GHz Intel Atom Z3770 ကို CPU အဖြစ်သုံးပေးထားပါတယ်။ Memory ကိုတော့ 2048MB DDR2 SDRAM 800MHz ကိုသုံးထားပါတယ်။ ဂရပ်ဖစ်ကတော့ Intel HD ဂရပ်ဖစ်ဖြစ်ပြီး သိုလှောင်မှုအတွက် 64GB SSD ကိုထည့်သုံးထားတာတွေ့ရပါတယ်။ ကွန်ရက်သုံးစွဲဖို့အတွက်ကတော့ 802.11 b/g/n wireless နဲ့ Bluetooth 4.0 ကိုသုံးထားပါတယ်။

Micro-HDMI နဲ့ microSD card တို့ပါရှိပြီး USB 3.0 ကို အထောက်အပံ့ပြုပါတယ်။ ဒါပေမဲ့ Micro-USB port ကနေ သုံးစွဲရမှာ ဖြစ်ပါတယ်။ ကျောဘက်ပိုင်းကင်မရာကတော့ 8-megapixel flash ကင်မရာဖြစ်ပြီး စကရင်ဘက်ပိုင်းကင်မရာကတော့ 2-megapixel ဖြစ်ပါတယ်။ ဒီကင်မရာနှစ်ခုစလုံးက 1080p ဗီဒီယိုတွေကို ရိုက်ကူးနိုင်ပါတယ်။ ပုံထွက်ပိုင်းကလည်း မဆိုးပါဘူး။

**ဘက်ထရီ**

ThinkPad 8 ရဲ့ ဘက်ထရီကို ဗီဒီယိုဖွင့်ပြီး ဆက်တိုက်သုံးကြည့်တဲ့အခါမှာတော့ ၇ နာရီနဲ့ ၂ မိနစ်အထိ အသုံးခံတာကို တွေ့ရပါတယ်။ ဒီလိုပဲ Dell Venue 8 Pro ဗီဒီယိုဖွင့်ပြီး တိုင်းတာကြည့်တဲ့အခါမှာ ၇ နာရီနဲ့ ၃၀ မိနစ်ကြာအောင် သုံးနိုင်တာကို တွေ့ရပါတယ်။ Toshiba Encore 8 ကို သုံးစွဲကြည့်တဲ့အခါမှာတော့ ၈ နာရီနဲ့ ၅၂ မိနစ်အထိ အသုံးခံတာကိုတွေ့ရပါတယ်။ ဒါကြောင့် ThinkPad 8 က စကရင်တူတဲ့ အခြား tablet တွေနဲ့နှိုင်းယှဉ်ရင်ဘက်ထရီ ဆက်တိုက်သုံးစွဲချိန်က အနည်းငယ် နိမ့်ကျနေတာကိုတွေ့ရပါတယ်။

## SanDisk Wireless Flash Drive

တစ်ခုထက်ပိုတဲ့ မိုဘိုင်း Device တွေနဲ့ ဗီဒီယာ Steam ပြုလုပ်နိုင်မှာဖြစ်သလို အချက်အလက်ဖိုင်တွေကိုလည်း ကြိုးမဲ့အနေဖြင့် ကူးပြောင်းနိုင်မယ့် SanDisk Wireless Flash Drive ပဲ ဖြစ်ပါတယ်။ မိုဘိုင်း Device တွေအပြင် ကွန်ပျူတာဖြင့်လည်း အင်တာနက်ကော်နက်ရှင်မလိုဘဲ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ ပုံမှန် Flash Drive အရွယ်အစားရှိပြီး အားအပြည့်သွင်းထားပါကလေး နာရီဝန်းကျင်ခန့် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။



$60

## iBlazr External LED Flash

မိုဘိုင်း Device တွေရဲ့ နားကြပ်ပေါက်ဖြစ်တဲ့ 3.5mm audio port မှာ တပ်ဆင်အသုံး ပြုနိုင်တဲ့ External LED Flash ပဲ ဖြစ်ပါတယ်။ Android OS နဲ့ iOS နှစ်မျိုးစလုံးမှာ အသုံးပြုနိုင်ပါတယ်။ Flash မီးကို အကြိမ် ၁,၀၀၀ ခန့် သုံးနိုင်မှာဖြစ်ပြီး ပြန်အားသွင်းနိုင်တဲ့ rechargeable ဘက်ထရီထည့်သွင်းပေးထားပါတယ်။



$33

## RC Quadcopter JetFighter Air Force X



$68.78

လေယာဉ်စီးတာမျိုးမှာ တုန်ခါမှုလုံးဝမဖြစ်စေတဲ့ 3-Axis stabilization စနစ်ထောက်ပံ့ပါဝင်တဲ့ Air Force X လေယာဉ်ပဲဖြစ်ပါတယ်။ 2.4 GHz ကြိမ်နှုန်းဖြင့် လိုင်းအလျားကိုအသုံးပြုထားတဲ့အတွက် လေယာဉ်ပျံကို ရိမုတ်ကနေကောင်းစွာထိန်းချုပ်အသုံးပြုနိုင်စေမှာဖြစ်ပြီး အကွာအဝေး မီတာ ၁၀၀ နဲ့အထက်ကိုမောင်းနှင်နိုင်မှာပဲ ဖြစ်ပါတယ်။

## Digital Eyepiece for Telescope



$72.73

ဒစ်ဂျစ်တယ် နည်းပညာသုံးတယ်လီစကုတ်ဖြစ်ပြီး ကိုယ်ကြည့်လိုက်တဲ့ မြင်ကွင်းတွေကို ကွန်ပျူတာမှာ တိုက်ရိုက် record လုပ်သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လ၊ ကြယ်၊ ဂြိုဟ်နဲ့ ဂလက်စီက ကိုယ့်စိတ်ကြိုက် ပုံရိပ်တွေကို ကွန်ပျူတာမှာ သိမ်းဆည်းနိုင်ဖို့အတွက် အထောက်အကူ အပြည့်အဝ ရရှိနိုင်မှာဖြစ်ပါတယ်။

# GE ကုမ္ပဏီက စွမ်းအင်လျှော့ချနည်းပညာဖြင့် မြန်မာနိုင်ငံ မီးလင်းရေးစီမံကိန်းကို ဆောင်ရွက်မည်

ယုဇနကိုကို
ရန်ကုန်၊ မတ် ၆

အမေရိကန်အခြေစိုက် GE (General Electric) ကုမ္ပဏီက ၎င်းတို့၏နည်းပညာများကို အသုံးချပြီး မြန်မာနိုင်ငံတွင် အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ရန် အတွက် စီမံကိန်းတစ်ခုကို ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

GE နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမီးလင်းရေးအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီမှာ Krislite ဖြစ်သည်။ အဆိုပါစီမံကိန်းကို ဆောင်ရွက်ရာတွင် အမေရိကန်ကုမ္ပဏီဘက်မှ စွမ်းအင်လျှော့ချပြီး လျှပ်စစ်မီးသုံးစွဲနိုင်သည့် နည်းပညာများကို အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမေရိကန်ကုမ္ပဏီအနေဖြင့်ယခုကဲ့သို့ပြည်တွင်းလျှပ်စစ်ထုတ်ကုန်များကိုရောင်းချသည့် ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြီး အထက်ပါ စီမံကိန်းကိုလုပ်ဆောင်ရသည့် ရည်ရွယ်ချက်မှာမြန်မာနိုင်ငံတွင် လူတစ်ဦးချင်းတိုင်း လျှပ်စစ်မီးသုံးစွဲနိုင်သည့် အခွင့်အရေးမရရှိသေးခြင်းနှင့် မြို့ကြီးများ၏ ဆင်ခြေဖုံးရပ်ကွက်များတွင်ပင်လျှပ်စစ်မီးကို လုံလောက်စွာ မသုံးစွဲနိုင်ကြသေးခြင်းကြောင့်ဟု သိရသည်။

မြန်မာနိုင်ငံတွင် မီးလင်းရေးစီမံကိန်းအတွက် GE က စွမ်းအင်လျှော့ချပြီး မီးသုံးစွဲနိုင်သည့် နည်းပညာများကို အသုံးပြုမည့်အပြင် နှင့် ၎င်းတို့၏ လျှပ်စစ်ထုတ်ကုန်များကို ပြည်တွင်း၌ အသုံးချသွားမည်ဖြစ်ကြောင်း၎င်းတို့၏ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အပြင် အဆိုပါ အမေရိကန်ကုမ္ပဏီအနေဖြင့်ပြည်တွင်း၌လျှပ်စစ်မီးလင်းရေး စီမံကိန်းဆိုင်ရာ အခြေခံအဆောက်အဦများကိုလည်း တည်ဆောက်ပေးသွားမည့်အပြင် စွမ်းအင်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများကိုလည်းပေးသွားရန်ရှိကြောင်း သိရသည်။

လူတစ်ဦးချင်း မီးသုံးစွဲနိုင်သည့် လိုအပ်ချက်မြင့်မားနေဆဲ မြန်မာနိုင်ငံ၏ မီးလင်းရေးစီမံကိန်းအတွက် အထက်ပါ GE ကုမ္ပဏီအပြင် နယ်သာလန်နိုင်ငံအခြေစိုက် Philips ကုမ္ပဏီကလည်း ၎င်းတို့၏နည်းပညာများဖြင့် ပြည်တွင်းလျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးရန်ရှိနေသည်။

GE ကုမ္ပဏီသည် ကမ္ဘာပေါ်တွင် လျှပ်စစ်မီးကို စတင်တီထွင်ခဲ့သူ Thomas Edison တည်ထောင်ခဲ့သောကုမ္ပဏီတစ်ခုဖြစ်ပြီး လက်ရှိတာဝန်ယူနေသော အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ဆက်တိုက်ပံ့ပိုးပေးနေသော အမေရိကန်နိုင်ငံ၏ ကုမ္ပဏီတစ်ခု ဖြစ်သည်။

# Winstar Apple Store I တွင် သင်္ကြန်ပရိုမိုးရှင်း အစီအစဉ် ပြုလုပ်မည်

မိုးသူ
ရန်ကုန်၊ မတ် ၅

Winstar Apple Store I တွင် သင်္ကြန်ပရိုမိုးရှင်းအစီအစဉ်ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပရိုမိုးရှင်းအစီအစဉ်တွင် ၂၀၁၃ ခုနှစ်စက်တင်ဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ်ဧပြီလ ၁၂ ရက်အထိ ဝယ်ယူသူများ ပါဝင်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ဝယ်ယူသူများသည် ၂၀၁၃ ခုနှစ်စက်တင်ဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဧပြီလ ၁၂ ရက်အတွင်းမိမိဝယ်ယူထားသော iPhone 5S, iPhone 5C, iPad Air, iPad Mini II တို့၏ ဘောက်ချာများကို လာရောက်ပြသ၍သော်လည်းကောင်း၊ Winstar Apple Store (Facebook) သို့ ဓာတ်ပုံရိုက်ပေးပို့၍သော်လည်းကောင်း ကံစမ်းမဲကူပွန် ထုတ်ယူနိုင်မည်ဖြစ်သည်။



ဘောက်ချာတစ်စောင်လျှင် ကံစမ်းမဲကူပွန် တစ်စောင်ရရှိနိုင်မည် ဖြစ်သည်။ iPhone 5S, iPhone 5C, iPad Air နှင့် iPad Mini II ဝယ်ယူသူများအတွက် Member Card, Beats Solo နှင့် Beats Studio တို့ကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်ပြီး Member ဝန်ဆောင်မှု ရယူထားသူများအတွက်လည်း Power Bank နှင့် iPad Dock တို့ကိုကံစမ်းမဲ ဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

IMCS LTD
Institute of Management & Computer Studies
ပြည်တွင်းပြည်ပတွင်Professional အဖြစ်လက်တွေ့လုပ်ငန်းခွင်သို့တိုက်ရိုက်ဝင်ရောက်နိုင်မည့်တစ်ခုတည်းသော Service+ Engineering သင်တန်း

Service+ Engineering
Microsoft | Learning
Microsoft မှအသိအမှတ်ပြုမည့် MCP လက်မှတ်ရရှိမည်။

| Syllabus | Support Lab | Exam Type | Certification |
|---|---|---|---|
| Professional A+ | Desktop,Laptop,Basic Electric | Multiple Choice | Service+ Engineering |
| CompTIA Network | Cisco Router,PIX,ASA firewall | Project Exam | |
| Wan Server Configuration | Online IP Server | Scenario Exam | |
| Wireless Technology | CiscoAeronet,Grip-Omini, | Project Base | Microsoft CERTIFIED |
| CCTV&IP Cam | HDD Camera,DVR,IP Cam | Wan Configuration | |

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ITပညာရှင်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသော ကျောင်းသူကျောင်းသားများ၊ IT ဆိုင်ရာနိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရယူလိုသူများအတွက် ICT နယ်ပယ်တွင် ပညာရှင်အဖြစ် စတင်ဝင်ရောက်ရန်အတွက် အဓိကလိုအပ်သော Theory များနှင့် Praticalများကို လက်တွေ့လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်သောသင်တန်း ဖြစ်ပါသည်။
A+,N+ တို့ကို CompTIA ၏ နိုင်ငံတကာသင်ရိုးဖြင့်သင်ကြားကာServer 2012 ဘာသာရပ်ကိုထပ်မံသင်ယူရမည်ဖြစ်ပြီးExamအောင်ပါကMicrosoft မှအသိအမှတ်ပြုသည့် MCP လက်မှတ်ရရှိမည်ဖြစ်သည်။အဆိုပါသင်တန်းပြီးဆုံးပါကနိုင်ငံခြား ကုမ္ပဏီများ ပြည်တွင်းကုမ္ပဏီများတွင် မိမိကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ဖြင့် IT ပညာရှင်နယ်ပယ်တွင်Professional အဖြစ် စတင်ဝင်ရောက်လုပ်ကိုင်နိုင်မည့် တစ်ခုတည်းသော လုပ်ငန်းခွင် လက်တွေ့အသုံးချ သင်တန်းဖြစ်ပါသည်။ သင်တန်းမှာ ၁၀၀% Lab Base ဖြစ်သောကြောင့် လက်တွေ့အနေဖြင့် Touch ScreenComputerများဖြင့် WanIpCameraများ၊ OnlineIP-Serverများ၊ Cisco Router, Firewall,များစသည့်သင်ထောက်ကူပစ္စည်းများစုံလင်စွာဖြင့်နေ့စဉ်နံနက်(၉) နာရီမှညနေ(၄)နာရီအထိ(၃လ) တက်ရောက်ရမည်ဖြစ်သည်။အခြေခံမရှိသူများလည်းတက်ရောက်နိုင်ပြီး နယ်ကျောင်းသားများအတွက် အဆောင်စီစဉ်ထားပါသည်။
သင်တန်းပြီးပါကလုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်စီစဉ်ထားပါသည်။

Other Courses အဆောင်စီစဉ်ထားပါသည်
MCSA Server2012 | CCNA CCNP | A+ N+ | Android ASP.NET | J2EE J2SE | AutoCad PHP

အမှတ်-၂၁/၂၃၊ ဒုတိယထပ်ယာ၊ ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း။ ၀၁ ၅၁၄၉၄၄ ၀၉၄၃၀၂၅၄၉၅ ၀၉၄၅၀၁၁၆၀၄၀

MJL & AKT Petroleum Company Limited(Mobil Lubricants) မှ အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

1.Assistant Marketing Manager - ၁ ဦး
2.Accountant - ၁ ဦး
3.Sale & Marketing Staff (Male) - ၄ ဦး
4.Sale Engineer(Male) - ၂ ဦး
5.Sale Driver - ၂ ဦး

အထက်ပါ အလုပ်အကိုင်များကိုစိတ်ပါဝင်စားသူများသည် ရာထူးနံပါတ်(1) အတွက် ၎င်းနှင့်စပ်လျဉ်းသည့် အလုပ်အတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိသူဖြစ်ရမည်။ရာထူးနံပါတ်(2)အတွက် ၎င်းနှင့်စပ်လျဉ်းသည့် အလုပ်အတွေ့အကြုံအနည်းဆုံး ၂နှစ်ရှိသူဖြစ်ရမည်။ LCCI Level III အောင်မြင်ပြီးသူ၊Excel နှင့် MYOB ကျွမ်းကျင်သူဖြစ်ရမည်။ရာထူးနံပါတ်(3)အတွက် Sale & Marketing ကိုစိတ်ပါဝင်စားပြီး အလုပ်အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ ရာထူးနံပါတ်(4)အတွက် A.G.T.I(Mechanical) (သို့) BE (Mechanial) ဖြင့်အောင်မြင်ထား သူဖြစ်ပြီး Sales & Marketing ကိုစိတ်ဝင်စားသူဖြစ်ရမည်။ ရာထူးနံပါတ်(5) အတွက် အသက်(၃၅)နှစ်အောက် ယာဉ်မောင်းသက်တမ်းအတွေ့အကြုံအနည်းဆုံး(3)နှစ်ရှိသူဖြစ်ရမည်။အထက်ပါရာထူးအားလုံးအတွက် စကားပြောရည်မွန်၍ ပေးအပ်သော တာဝန်ကိုတက်ကြွစွာ ထမ်းဆောင် နိုင်သူဖြစ်ရမည်။ တာဝန်သိစိတ်ရှိသူ၊အဖွဲ့လိုက်လုပ်ဆောင်နိုင်သော စိတ်ဓါတ်ရှိသူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် အမှတ်(4/A)၊မေခလမ်း၊(၇)မိုင်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။(အေဒီမှတ်တိုင် အနီး) Ph-(01)661158,656950,656951သို့(၁)လအတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

Career Opportunity
(For Local Service Only)

AA Medical

We are one of the leading Marketing & Distribution companies of pharmaceutical products and are looking for highly motivated, dynamic and result oriented individuals for the following positions.

**1) IT Project Leader** — **Male/Female(2)posts**
- Must be B.E (IT), B.C.Sc, B.C. Tech or equivalent IT Degree with more than 3 years of experience in Enterprise Application Project Implementation Role
- Must be able to communicate in English fluently and be able to coordinate and communicate well with overseas solution providers.
- Must have at least (3)years of Business applications and accounting packages implementations experiences with good project management skills
- Need to support IT Infrastructure and Business Applications in Head Office & branches in Yangon as well as Regional Offices around the country
- Prefer Microsoft Certified Solution Developer (MCSD) certificate and Project Management certificate holders
- Good working knowledge in Microsoft Enterprise Server Environment (Active Directory, Exchange, ISA, Web Server, SharePoint, SQL Server)
- Advantage for those with Business application development experience and Software Development Knowledge in C#, VB, VBA in .Net framework on MS-SQL Database, Java & ASP.Net
- Must have the ability to deal with all levels of users from top management to end users very patiently at every condition and handle all problems, complaints and requests well until they are resolved.

**2) IT Support Specialist** — **Male/Female(2)posts**
- Must be B.E (IT), B.C.Sc, B.C. Tech or equivalent IT Degree with more than 3 years of experience in Enterprise IT Network Administration & Support Role
- Need to support IT Infrastructure and Enterprise Networks in Head office & branches in Yangon as well as Regional Offices around the country.
- Preferred CISCO Certified Internetwork Expert (CCIE)/ CISCO Certified Network Professional (CCNP). Advantage will be given for candidates with additional certificates such as MCSE or any equivalent certificates.
- Good working knowledge in Enterprise Network Design & Administration (WAN, LAN, VPN, Internet, RAS, Internet Security) and Microsoft Enterprise Server Environment (Active Directory, Exchange, ISA, Web Server, SharePoint, SQL Server, Terminal Server-Thin Clients)
- Must have the ability to deal with all levels of users in the company very patiently at every condition and handle all problems, complaints and requests well until they are resolved.
- Must be able to communicate in English fluently.

**3) HR Executive** — **Male/Female (4)Posts**
- ဘွဲ့ရ၊ HR နှင့်ပတ်သက်သည့်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
- HR & Payroll နှင့် ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများ နားလည်သူ၊ HRM Software သုံးစွဲဖူးသူကို ဦးစားပေးမည်။
- အချိန်နှင့်တစ်ပြေးညီ မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်သူ၊ စေ့စပ်သူဖြစ်ရမည်။
- Communication Skill ကောင်းမွန်၍ စိတ်ရှည်သူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

**Interested applicants are requested to mail Curriculum Vitae(CV),two (2) passport size recent photos and photocopies of the Graduation Certificates, National Identification card, Labour Registration card,Police Clearance, Household Census Lists to**
**AA Medical Products Ltd.**
**No.408/410,Mahabandoola Street,4th Floor, Kyauktada Township, Yangon.**
**latest by (20.03.14)**
**email: hr@aa.com.mm**

i Touch Mobile

GOOD SECOND HAND PHONE & LAPTOPS များကို
ရောင်းသည်၊ ဝယ်သည်၊ အလဲအထပ်လုပ်ပေးသည်။

iPhone 5, 5s, 5C, 4, 4s, iPad 4, 3, 2, 1, mini, Miniz & more Samsung Glaxy, Note 2, Note 1, S4, S3, S2, Mega, Grand & More HTC One, One X Plus, One X, Buttefly, Disire VC & More ...... Sony Xperia ZI, Zultra, ZR, V, Go & More . . .

FOR SALE : 09 44800 2976

(ရောင်းရန်ရှိသော ပစ္စည်းသန့်များ)

| | | |
|---|---|---|
| - iPad Mini 2 16AB only Wifi like a new | ------------ | 260000 |
| - i Pad 2 16GB 3G+Wifi like a new | ------------ | 250000 |
| - i Pad 4 128GB only Wifi like a new | ------------ | 600000 |
| - Samsung Galaxy S4 95% like a new | ------------ | 340000 |
| - Sony Xperia Z 99% like a new | ------------ | 330000 |
| - Sony Xperia Z extra Z 99% like a new | ------------ | 360000 |
| - H.T.C. one 99% like a new | ------------ | 430000 |

အမှတ်(၁၇၈)၊ ပထမထပ်၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပစ္စည်းသန့်လျှင် အခြားသူထက် ဈေးကောင်းပေးဝယ်သည်။

FOR BUY : 09 430 56517

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# လူမှုပတ်ဝန်းကျင်တွင် သတိပြုရမည့် စိတ်ရှုပ်ဖွယ်နည်းပညာဆိုင်ရာ အပြုအမူများ

■ ဘမ်ဘီ

နည်းပညာထုတ်ကုန်များ တစ်နေ့တခြားများပြားလာသည်နှင့်အမျှ ကမ္ဘာ့မြို့ပြများ၏ လူနေမှု ပတ်ဝန်းကျင်တွင်လည်းအဆိုပါထုတ်ကုန်များ အသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်နေကြရသည်။ ခေတ်ကာလ လိုအပ်ချက်အရ မလွန်ဆန်နိုင်သည့် နည်းပညာထုတ်ကုန်များ တိုးတက်ဖွံ့ဖြိုးလာသည်မှာ ကောင်းမွန်သည့်အချက် ဖြစ်သော်လည်း ၎င်းထုတ်ကုန်များနှင့် ဆက်စပ်သည့် အပြုအမူများကြောင့် မိမိနေထိုင်ရာပတ်ဝန်းကျင်ရှိ အခြားသောသူများကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။ အဆိုပါ အပြုအမူများသည် သတိပြုရမည့်အချက်များ ဖြစ်သော်လည်း သုံးစွဲသူအများစုက သတိမပြုမိဘဲ နေ့စဉ်ပြုလုပ်လျက်ရှိ ကြသည်။ ထို့ကြောင့် မြို့ပြလူမှုပတ်ဝန်းကျင်တွင် သတိပြုရမည့် နည်းပညာဆိုင်ရာ စိတ်ရှုပ်ဖွယ်ရာ အပြုအမူများကို သိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်။

### (၁) iPad က ကင်မရာ မဟုတ်ပါ။

စတိတ်ရှိုး၊ အခမ်းအနားများနှင့် ပွဲများတွင် iPad ကို ဝှေ့ယမ်းပြီး ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးခြင်းသည် အခြားသော သူများအတွက် စိတ်ရှုပ်စရာ ဖြစ်စေသည်။ အထူးသဖြင့် case ပါဝင်သည့် iPad ဖြင့်



ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးခြင်းက အခြားသူများ၏ မြင်ကွင်းကို ပိုပြီးကွယ်စေသည့်အတွက် စိတ်အနှောက်အယှက်ပိုမို ဖြစ်စေနိုင်သည်။ ထို့ကြောင့် iPad အပါအဝင် tablet များဖြင့် ပွဲများတွင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းကို ရှောင်ကြဉ်သင့်သည်။

### (၂) စမတ်ဖုန်း စပီကာက အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် သုံးရန်မဟုတ်ပါ။

တိတ်ဆိတ်သည့် လူမှုပတ်ဝန်းကျင်တွင် အနှောင့်အယှက်အဖြစ်ဆုံး နည်းပညာစိတ်ပျက်ဖွယ်ရာအချက်မှာစပီကာဖုန်းများဖြစ်သည်။လူအများသည် ဖုန်းပြောသူ၏ ကျယ်လောင်သည့် စကားပြောဆိုမှုများကို နားဆင်လိုခြင်း မရှိပေ။ အထူးသဖြင့် လေယာဉ်ပျံများနှင့် စားသောက်ဆိုင်များကဲ့သို့ နေရာချင်းနီးကပ်သည့် နေရာများတွင် အဆိုပါ လုပ်ရပ်ကို သတိပြုသင့်၊ ရှောင်ကြဉ်သင့်သည်။ထို့အပြင် လူအများသည် laptop, tablet နှင့် မိုဘိုင်းဖုန်းတို့ဖြင့် ဖွင့်ထားသည့် သီချင်းများနှင့် ဗီဒီယိုတို့မှ အသံများကိုနားထောင်ရန် ဆန္ဒမရှိပေ။ ထို့ကြောင့်သီချင်းနားထောင်ခြင်း၊ ဗီဒီယိုကြည့်ရှုခြင်းနှင့် ဖုန်းပြောခြင်းတို့အတွက် နားကြပ်ကိုအသုံးပြုပြီး တီးတိုးညင်သာစွာ ပြောဆိုလုပ်ဆောင်သင့်သည်။

### (၃) ကားမောင်းနေစဉ် ဖုန်းပြောလိုပါက hands-free သုံးပါ။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ကားမောင်းနေစဉ်အတွင်းဖုန်း ပြောသည့်အခါ hands-free mode ကို အသုံးပြုရန်တိုက်တွန်းထားသည်။ သို့သော်လည်း အချို့သောသူများသည် hands-free ကို ears-free ဟု



တင်မြင်ကြသည်။ ဖုန်းပြောသူမှ ဖုန်းကို နားရွက်နားတွင်လက်ဖြင့် ကိုင်ဆောင်မထားဘဲ စကားပြောဆိုမှုပြုလုပ်မှသာ hands-free ဟု သတ်မှတ်သည်။ ထိုသို့မဟုတ်ဘဲ ကားမောင်းရင်း ဖုန်းကို ကိုင်ဆောင်ပြောဆိုခြင်းသည် ကားအတွင်းလိုက်ပါလာသူများမှ ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည်ဟု စိတ်တွင် တင်မှတ်လေ့ရှိကြပြီး ထိုအချက်ကို မနှစ်မြို့ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကားမောင်းရင်း ဖုန်းပြောသည့်အခါ bluetooth နားကြပ် သို့မဟုတ် ရိုးရိုးနားကြပ်ကို တပ်ဆင်ကာ hands-free ဖြင့် ပြောဆိုသင့်သည်။

### (၄) လမ်းလျှောက်ရင်း ဖုန်းပြောခြင်း၊ စာပို့ခြင်း မပြုလုပ်ပါနှင့်။

မိုဘိုင်းထုတ်ကုန် အသုံးပြုသူများသည် လမ်းလျှောက်ရင်းစမတ်ဖုန်း



အသုံးပြုသည့်အခါ screen အပေါ်တွင်သာ အာရုံစိုက်လေ့ရှိကြသည်။ ထို့ကြောင့် လမ်းလျှောက်ရင်းဖုန်းပြောခြင်း၊ စာပို့ခြင်းတို့ကို ပြုလုပ်သည့်အခါ အခြားသူများနှင့် တိုက်မိခြင်း၊ အရာဝတ္ထုများနှင့်ထိခိုက်မိခြင်းနှင့် အခြားဆိုးရွားသည့် အရာများဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် လမ်းလျှောက်သည့်အခါလမ်းပေါ်တွင် အာရုံစူးစိုက်မှု အပြည့်အဝထားရှိသင့်သည်။ သို့မဟုတ်ပါက အန္တရာယ်နှင့် တွေ့ကြုံနိုင်သည်။

### (၅) Sound Effect များ ပိတ်ပါ။

စမတ်ဖုန်းနှင့် ထွက်ပေါ်လာသည့် notification များနှင့်အခြားသော လုပ်ဆောင်ချက်များမှ sound effect များသည် အစည်းအဝေးခန်းကဲ့သို့သော နေရာများတွင် အခြားသောသူများအား စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။ ထို့ကြောင့် email, texting စသည့် လုပ်ဆောင်ချက်တိုင်းအတွက် sound effect သတ်မှတ်ထားသူများအနေဖြင့် အစည်းအဝေးခန်းကဲ့သို့သော နေရာများတွင် ဖုန်းကို silent လုပ်ထားသင့်သည်။

### (၆) လူမှုကွန်ရက်ကို အလွန်အကျွံ မသုံးပါနှင့်။

သူငယ်ချင်း သို့မဟုတ် မိသားစုဝင်များနှင့်တွေ့ဆုံချိန်တွင် ဖုန်း သို့မဟုတ် tablet တစ်လုံးဖြင့် အလုပ်များနေပြီး Facebook, Twitter စသည့် လူမှုရေးကွန်ရက်များတွင် status update လုပ်ခြင်း၊ ဓာတ်ပုံများဝေမျှခြင်း အပြုအမူများက လက်တွေ့တွင် လူမှုဆက်ဆံရေးကို အားနည်းစေသည်။



ထို့ကြောင့် မိုဘိုင်းထုတ်ကုန် သုံးစွဲသူများအနေဖြင့် ထိုအပြုအမူမျိုးကို ရှောင်ကြဉ်သင့်သည်။ လူမှုပတ်ဝန်းကျင်တွင် ဆက်ဆံရေးအားကောင်း လိုပါက မျက်နှာချင်းဆိုင် စကားပြောဆို ဆက်သွယ်ခြင်းကို အလေးပေးသင့်သည်။

### (၇) Portrait Mode ဖြင့် ဗီဒီယို မရိုက်ပါနှင့်။

စိတ်အနှောင့်အယှက်ဖြစ်စေသည့် နည်းပညာဆိုင်ရာ အပြုအမူများတွင် portrait mode ဖြင့် ဗီဒီယိုရိုက်ကူးခြင်းလည်း ပါဝင်သည်။ Portrait သို့မဟုတ် vertical mode ဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုများကို အခြားသူများ ကြည့်ရှုသည့် အခါ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အများစုမှာ ဗီဒီယိုကြည့်ရှုသည့်အခါ ဒေါင်လိုက်ထက် အလျားလိုက် ပိုကြည့်သည့်အတွက်ဒေါက်လိုက်ရိုက်ကူးထားသောဗီဒီယိုမှာကြည့်ရှုသူကိုစိတ်အနှောင့်အယှက်ဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်မိုဘိုင်းထုတ်ကုန်များဖြင့် ဗီဒီယိုရိုက်ကူးသည့်အခါ ရုပ်ရှင်ဒါရိုက်တာများရိုက်ကူးသကဲ့သို့ ဖုန်းကို အလျားလိုက် ပုံစံပြောင်းပြီး landscape mode ဖြင့် ရိုက်ကူးရန် လိုအပ်သည်။

**P.S.A Computer Sales & Service Centre**

အထူးဈေးနှုန်း

| | | | | |
|---|---|---|---|---|
| Hp Mouse 900/- | P4 Systems | P5 Systems | P5 Systems | P5 Systems |
| H D40GB 10000/- | Intel 865MB | 775 MB | 1155 MB | 1155 MB |
| Rum512 4300/- | CPU 2.4 | CPU (pen 3.0) | CPU (Dual Core 3.0 GHz) | CPU (Dual Core 3.3 GHz) |
| DVD Writer (Sata) 20500/- | Rum 1 GB | Rum 1 GB | Rum DDR3 2GB | Rum DDR3 2GB |
| UPS 650 W 27500/- | H.D 40 GB | H.D 160 GB | H.D 160 GB | H.D 500 GB |
| AOC 18.5 LED 85500/- | Casing, Power Supply | Casing, Power Supply | Casing, Power Supply | Casing, Power Supply |
| AKAI 22" LED 107000/- | Keyboard, Mouse | Keyboard, Mouse | Keyboard, Mouse | Keyboard, Mouse |
| | | LED 18.5" (AOC) | LED 18.5" (AOC) | LED 22" (AKAI) |
| | Price - 76500 | Price - 219000 | Price - 281500 | Price - 369000 |

Computer တစ်စုံဆင်လျှင် လက်ဆောင်ပစ္စည်း(၃)မျိုး၊ (၁၀)စုံနှင့်အထက်ဆင်လျှင်
(၂)သိန်းကျော်တန်ဖိုးရှိ Network ပစ္စည်းများနှင့်အတူ စိတ်တိုင်းကျ လိုက်လံတပ်ဆင်ပေးပါမည်။
No. 153, Seikkantha Street (Lower Block), Kyauktada Township, Yangon
Ph: 249648 , 09-5051561, 09-5199882

**APPLE Mobile** (Ko Kyaw Win)
www.facebook.com/applemobile.ygn
Ph : 09 5184074, 09 73118616
Daily Open 9:00 AM to 9:00PM
အမှတ်(၂၂၄)။ပထမထပ်၊မဟာဗန္ဓုလပန်းခြံအထက်၊ဘားလမ်း ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
GOOD SECOND HAND PHONE& LAPTOPS များကို
ရောင်းသည်၊ဝယ်သည်၊ အလဲအထပ်လုပ်ပေးသည်။
APPLE & ANDROID HANDSETS များကို အထူး CHANGE DOWN ပြုလုပ်ပေးသည်။
QUALITY ပြည့်ဝသော HANDSETS များကို ဈေးနှုန်းချိုသာစွာရောင်းချပေးနေပါသည်။
GSM,CDMA,WCDMA AND MEC SIM CARD များကို အထူးဈေးကောင်းပေးဝယ်လိုသည်။

# နှစ်မျိုး၊ သုံးမျိုးသုံး ကွန်ပျူတာ ထုတ်လုပ်မှု

■ ဦးသောင်းဝင်း(ပန်းချယ်ရီ)

ကွန်ပျူတာခေတ်ရဲ့ အစပိုင်းမှာ analog ကွန်ပျူတာတွေနဲ့ စခဲ့ရပေမယ့် နောက်ပိုင်းမှာ အစဉ်တစိုက် digital ကွန်ပျူတာများကိုသာ အသုံးပြုခဲ့ကြတယ်။ နောင်အခါ Quantum ကွန်ပျူတာများ ထုတ်လုပ်နိုင်ကြလိမ့်မယ်လို့ မျှော်မှန်းထားကြတယ်။

တိုးတက်မှုတွေကို ဆယ်စုနှစ်သုံးလေးခု ဖြတ်ကျော်ရင်း ဆင့်ကဲဖြစ်စဉ်တွေနဲ့ မြင်တွေ့လာကြရတယ်။ ပြောင်းလဲမှုအမျိုးမျိုးလည်း ရှိခဲ့သလို ခေတ်စားထွန်းကားတဲ့ သမိုင်းမှတ်တိုင်များလည်း ရှိခဲ့ပါတယ်။ အထူးသဖြင့် ဟာ့ဒ်ဝဲပိုင်း တည်ဆောက်မှုပုံစံတွေက တဖြည်းဖြည်း ဆန်းသစ်လာတယ်။ စွမ်းပကားတွေကလည်း ပိုပိုပြီး မြင့်မားလာတယ်။ အချိန်က ကွဲပြားခြားနားလှပါတယ်ဆိုတဲ့ ကွန်ပျူတာ အဆင့်အတန်းတွေက သိပ်မကွာခြားလှတော့တဲ့အပြင် အခေါ်အဝေါ်သတ်မှတ်ချက်တွေ ပြောင်းလဲခဲ့တယ်။ အဲဒီလို အခြေအနေကနေ အဆင့်အတန်းတစ်ခုတည်းမှာပင် အမျိုးအမည်ကွဲပြားခြားနားသလို ဒီဇိုင်းပုံစံမတူတဲ့အတွက် အခေါ်အဝေါ်သတ်မှတ်ချက်သစ်တွေနဲ့ ကွန်ပျူတာတွေ ပေါ်ပေါက်ခဲ့ပြန်တယ်။

ကွန်ပျူတာ ထုတ်လုပ်ရောင်းချသူတွေကဈေးကွက်ရှယ်ယာရရှိရေးအတွက် အလွယ်တကူ သယ်ယူသွားနိုင်စေမယ့် ကွန်ပျူတာ အမျိုးအစားများကို နှစ်မျိုး၊ သုံးမျိုး သုံးခွင့်ရနိုင်စေတဲ့ ဒီဇိုင်းတွေနဲ့ ဆွဲဆောင်မှု ပြုကြတယ်။

တစ်ကိုယ်ရေသုံး ကွန်ပျူတာတွေရဲ့ အဆင့်အတန်း၊ အမျိုးအစား၊ ပုံစံဒီဇိုင်းတွေအတွက် ဟာ့ဒ်ဝဲသမိုင်းအရပေါင်းစပ်တည်ဆောက်မှုတွေရှိလာသလိုဆော့ဖ်ဝဲပရိုဂရမ်အရ ပေါင်းဆုံမှုတွေလည်း ရှိခဲ့ရတယ်။ တစ်နည်းအားဖြင့် ပြောရရင် အရွယ်အစား ပမာဏ သေးငယ်ပေမယ့်လုပ်ကိုင်နိုင်တဲ့အင်အားက အံ့သြလောက်စရာ ရှိနိုင်သလို အရွယ်အစား သေးသေးငယ်ငယ်လောက်နဲ့သာ တည်ဆောက်ယူနိုင်တဲ့ကွန်ပျူတာစနစ်သုံးကိရိယာတွေကို အရွယ်အစားပမာဏ ကြီးမားစွာနဲ့ သုံးခွင့်ရနိုင်သွားစေတယ်။ ကွန်ပျူတာစနစ် တစ်ခုအတွက် ဖွဲ့စည်းတည်ဆောက်ပုံ အယူအဆတွေက ဆယ်စုနှစ်တွေကို ဖြတ်ကျော်ရင်း အမျိုးမျိုးပြောင်းလဲလာခဲ့တယ်။

ဒီနေ့ခေတ်ပိုင်းမှာတော့ ဝယ်ယူ အသုံးပြုသူတွေရဲ့ လိုလားတောင့်တချက်လိုဖြစ်ဖြစ်၊ နှစ်သက်မြတ်နိုးလို့ဖြစ်ဖြစ် အလေးထားတည်ဆောက်ထုတ်မှုတွေ အများဆုံး ရှိနေတယ်။ ကွန်ပျူတာစနစ်တစ်ခုကို ဘယ်နေရာ၊ ဘယ်ဒေသရောက်ရောက် ဘယ်လိုအချိန်ကာလမျိုးဖြစ်ဖြစ် အသုံးပြုခွင့် ရလိုကြသလို၊ ကိုယ်ပိုင်တစ်ကိုယ်ရေသုံး ကွန်ပျူတာကို အလွယ်တကူ သယ်ယူသွားနိုင်ဖို့ကို လိုလိုလားလား ရှိကြတယ်။ ကွန်ပျူတာစနစ်ဆိုတာ လူ့ဘဝအတွက် မရှိမဖြစ် လိုအပ်တယ်လို့ပြောဆိုသတ်မှတ်သူတွေက တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတယ်။ အထူးခြားဆုံး အခြေအနေတစ်ရပ်အနေနဲ့မိုဘိုင်းကွန်ပျူတာစနစ်အပေါ် စိတ်ဝင်စားဆုံးဖြစ်နေတာတွေ့ရတယ်။ ဒီအတွက် အလွယ်တကူ သယ်ယူသွားနိုင်မယ့် ဒီဇိုင်းနဲ့ ထုတ်လုပ်ရောင်းချကြတဲ့ ထုတ်လုပ်သူတွေရဲ့ ရောင်းအား ကျဆင်းလာတယ်။

ဘယ်လိုဖြစ်ဖြစ် ကွန်ပျူတာ ထုတ်လုပ်ရောင်းချသူတွေက ဈေးကွက် ရှယ်ယာရရှိရေးအတွက် အလွယ်တကူ သယ်ယူသွားနိုင်စေမယ့် ကွန်ပျူတာ အမျိုးအစားများကို နှစ်မျိုးသုံးမျိုး သုံးခွင့်ရနိုင်စေတဲ့ ဒီဇိုင်းတွေနဲ့ ဆွဲဆောင်မှု ပြုကြတယ်။ ဒီဇိုင်းဆန်းသစ်ပြီး ထိထိရောက်ရောက် အသုံးဝင်တဲ့အတွက် ထုတ်ကုန်တချို့က အောင်မြင်မှု ရသွားတယ်။ ဥပမာအနေနဲ့ ၂၀၁၃ ခုနှစ် Computex 2013 မှာ Acer ရဲ့ Aspire R 7 အပေါ် စိတ်ဝင်စားမှု အများဆုံးရှိခဲ့တဲ့အပြင် ဒီဇိုင်းဆုလည်း ရခဲ့တဲ့အတွက် အောင်မြင်မှု ရခဲ့တယ်။ Desktop သဘာဝနဲ့ အသုံးပြုနိုင်သလို notebook သဘာဝနဲ့လည်းအသုံးပြုခွင့် ရစေတယ်။ နှစ်မျိုး၊ သုံးမျိုး လက်ပ်တော့ ကွန်ပျူတာလို့ဆိုနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်အတွက် မကြာသေးခင်က ကြော်ငြာသွားတဲ့ Acer ရဲ့ Travelmate X313 ultrabook ကလည်း နုတ်ဘွတ်လို တစ်မျိုး၊ တက်ဘလက်လို တစ်မျိုး အသုံးပြုနိုင်ပြီး အကြမ်းခံနိုင်တဲ့အတွက် ပီစီဈေးကွက်အတွက် အကောင်းဆုံး ထိန်းချုပ်ပေးနိုင်လိမ့်မယ်လို့ ယူဆရတယ်။

အမေရိကန်နိုင်ငံ USA-TODAY မဂ္ဂဇင်းကြီး Android tablet တစ်ခုနဲ့ Windows 8 Laptop တစ်ခုတို့ကို မကြုံစဖူး ထူးကဲစွာ ပေါင်းဖက်ထုတ်လုပ်လိုက်တဲ့ Asus Transformer Book Trio အပေါ် ချီးမွမ်းကြိုဆို ရေးသားထားတာ တွေ့လိုက်ရတယ်။ ဟာ့ဒ်ဝဲ နှစ်စုံစာကို တစ်ပြိုင်တည်း ပိုင်ဆိုင်ခွင့်ရမှာဖြစ်တဲ့အတွက် အသုံးပြုသူအတွက် သီးခြားစွာ အသုံးပြုခွင့် ရနိုင်စေတယ်။



ပထမတစ်စုံစာမှာ ၁၁.၆ လက်မအရွယ်အစားနဲ့ 1080p touch screen display ပါရှိပြီး Windows 8.1 နဲ့ လည်ပတ်ဆောင်ရွက်ပေးနိုင်တယ်။ စတုတ္ထမျိုးဆက်ဝင် Intel i 7 processor တို့ 4GB-RAM တို့နဲ့ 500GB-HDD တို့ ထည့်သွင်းတည်ဆောက်ထားပေးတဲ့အပြင် သီးခြားဘက်ထရီပါဝါနဲ့ သုံးခွင့်ပေးထားတယ်။ ဒုတိယတစ်စုံစာဆိုတဲ့နေရာမှာ Intel Atom processor နဲ့မောင်းနှင်ပြီး Android 4.2 (Jelly Bean) လည်ပတ်စနစ်နဲ့ လုပ်ကိုင်ဆောင်ရွက်ပေးစေတဲ့ တက်ဘလက်သဘာဝကို အသုံးပြုနိုင်တယ်။ တက်ဘလက်သဘာဝအတွက် သီးခြား 2GB-RAM နဲ့ 16GB flash storage ပါဝင်စေတဲ့အပြင် သီးခြားဘက်ထရီပါဝါ ထည့်ပေးထားတယ်။ ဒါ့အပြင် သီးခြား စီစဉ်ဆောင်ရွက်ထားတဲ့ desktop dock နဲ့ တွဲဖက်သုံးမယ် ဆိုရင်လည်း ဒက်စ်တော့ပ် ကွန်ပျူတာ သဘာဝကို အသုံးပြုခွင့်ရနိုင်ပါသေးတယ်။ မဂ္ဂဇင်းစာစောင်တချို့က Asus Transformer Book Trio အပေါ် သုံးမျိုးပေါင်းစပ်ထားတဲ့ Threesome Laptop လို့လည်း ညွှန်းဆိုထားကြတယ်။



အခြေခံကိုယ်ထည်မှာ USB 3.0 parts တို့ micro HDMI part တို့ mini Dispaly Part တို့နဲ့ andio pack များ ပါရှိတယ်။ နောက်ဆုံးပေါ်ကြိုးမဲ့ကွန်ရက်စနစ်များကို သီးခြားခွဲခြားတဲ့ တိုင်နှစ်စုံလုံးမှာပါရှိတဲ့အတွက် အသုံးပြုသူအတွက် ပိုမိုအဆင်ပြေစေပါတယ်။ တက်ဘလက်သဘာဝမှာ GPS radio ကို ခံစားခွင့်ရပေမယ့် NFC chip တော့ ထည့်သွင်းပေးထားတာ မတွေ့ရပေ။ ကိုယ်ထည်ဒီဇိုင်းက လှပသပ်ရပ်ပြီး ငွေသတ္တုရောင်နဲ့ ပြုလုပ်ထားကာ အလူမီနီယံအရောင်နဲ့ တန်ဆာဆင်ထားတယ်။ ခွဲခြားအသုံးပြုမှု တပ်ဆင်ချိတ်ဆက်အသုံးပြုမှုများ အကြိမ်ကြိမ် ပြုလုပ်ပေမယ့် ပွန်းစားခြင်း ချိတ်ဆက်မှု မခိုင်မာခြင်း မဖြစ်စေဖို့ အထူးဦးစားပေးလုပ်ကိုင်ပေးထားတယ်။ လက်ပ်တော့သဘာဝမှာ ဘက်ထရီပါဝါနဲ့ ၅ နာရီကြာ အသုံးပြုနိုင်ပြီး တက်ဘလက်သဘာဝမှာ ၄ နာရီခွဲကြာ အသုံးပြုနိုင်ပါလိမ့်မယ်။ သတ်မှတ်ရောင်းဈေးကို ၁,၄၉၉ ဒေါ်လာလို့ ချိတ်ဆွဲထားတယ်။

၂၀၁၄ ခုနှစ် နှစ်ဆန်းကာလက ကျင်းပပြီးစီးသွားတဲ့ CES 2014 မှာ မြင်တွေ့ကြားသိရတဲ့ အတွေ့အကြုံအရ ၂၀၁၄ ခုနှစ်အတွင်း modular concept နဲ့ မိုဘိုင်းကွန်ပျူတာစနစ်တွေ အများအပြားထွန်းကားပေါ်ပေါက်လာနိုင်တဲ့ အရိပ်အယောင်တွေ တွေ့ခဲ့ကြရတယ်။ စမတ်ဖုန်းရယ်၊ တက်ဘလက်ရယ်၊ လက်ပ်တော့ရယ်လို့ သီးခြားညွှန်းဆိုမှုထက် နှစ်မျိုးသုံးမျိုးသုံး ကွန်ပျူတာ စနစ်ပါကိရိယာအသွင်နဲ့ တည်ဆောက်ဖန်တီးကြမယ့် အရိပ်အယောင်တွေရှိခဲ့တယ်။ ဥပမာအနေနဲ့ CES 2014 မှာ Toshiba ကုမ္ပဏီမှ 5-in-1 PC ထုတ်လုပ်တော့မယ်လို့ သိရတယ်။ လက်ပ်တော့သဘာဝ၊ တက်ဘလက်သဘာဝ၊ ဒက်စ်တော့သဘာဝ၊ ကင်းဗက်စ် သဘာဝနဲ့ presentation TV-type device သဘာဝတွေကို ပါဝင်စေမယ့် ပီစီကွန်ပျူတာလို့ သိရတယ်။ ဒါပေမဲ့ Toshiba အနေနဲ့ အသေးစိတ် ဖွင့်ချပြဆိုခြင်း မရှိသေးပေ။ Convertible ပုံစံပြု ပီစီကွန်ပျူတာတွေ အနည်းဆုံး (၅)မျိုး လောက်ထုတ်လုပ်သွားမယ်ဆိုတဲ့ သတင်းကိုတော့ အတည်ပြုပြောကြားသွားပါတယ်။

နောက်ဥပမာတစ်ခုကတော့ ZTE ရဲ့ Modular Phone concept ဖြစ်တယ်။ $F_2CO$ - MOBIUS ဆိုတဲ့ မိုဘိုင်းကိရိယာက တက်ဘလက်သဘာဝနဲ့တစ်မျိုး၊ စမတ်ဖုန်းသဘာဝနဲ့တစ်မျိုး အသုံးချခွင့် ရစေပါလိမ့်မယ်။ ဈေးကွက်မှာ မြင်တွေ့နေကြရပြီးဖြစ်တဲ့ phablet ထက်ပိုပြီး ပီပြင်ထိရောက်စွာ သဘာဝနှစ်မျိုးကို ပိုင်ဆိုင်ခွင့်ရလိမ့်မယ်လို့ သိရတယ်။

တကယ်တမ်း လေ့လာကြည့်မယ်ဆိုရင် သဘာဝကွာခြားမှုနဲ့ အတူ နောက်ထပ်ခံစားခွင့်ပြုပေးတဲ့သဘာဝကထိထိရောက်ရောက် ပံ့ပိုးဆောင်ရွက်ခြင်း မရှိသမျှ ပီစီဈေးကွက်က ဆက်လက်ခိုင်မာနေစေလိမ့်မယ်လို့ယူဆနိုင်တဲ့အတွက် နှစ်မျိုးသုံးမျိုး အသုံးပြုနိုင်တဲ့ ကွန်ပျူတာစနစ်များကိုကြိုဆိုရမှာဖြစ်ကြောင်း တင်ပြပေးလိုက်ရပါတယ်။

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

Download



http://goo.gl/2vhh9X

## WindowexeAllKiller Free

**ဆော့ဖ်ဝဲအမျိုးအစား- Uninstallers**
**ဗားရှင်း- 1.05167.27240**
**ဖိုင်အရွယ်အစား- 159.8 K**
**အသုံးပြုနိုင်သည့် OS - Windows 2000/XP/Vista/7/8**

WindowexeAllkiller ဟာ malware နဲ့ junkware တွေကို ဖယ်ရှားပေးတဲ့ ဆော့ဖ်ဝဲအမျိုးအစားဖြစ်ပြီး ၎င်းတို့ကို အသုံးပြုသူကိုယ်တိုင် ရွေးချယ်ဖယ်ရှားနိုင်ပါတယ်။ WindowexeAllkiller ကို အခြား tool တွေလိုဂရုတစိုက်နဲ့ကောင်းမွန်စွာ အသုံးပြုဖို့လိုအပ်ပါတယ်။ အဲလိုအသုံးပြုတာဟာ ကွန်ပျူတာကို လုံခြုံရေးမြှင့်တင်ပေးသလို စနစ်ကို နှေးကွေးစေမယ့် အရာတွေကို ထိန်းညှိပေးပါတယ်။ အဆိုပါဆော့ဖ်ဝဲရဲ့ ReadMe ဖိုင်မှာ Scan မပြုလုပ်ခင်မှာ System restore point နဲ့ backup တွေ ဖန်တီးဖို့အကြံပြုထားသလို လက်လွတ်စပယ် မသုံးစွဲဖို့လည်း ညွှန်ကြားထားတာကို တွေ့ရပါတယ်။ WindowexeAllkiller ကို စိတ်ချစွာနဲ့ သိရောက်မှုရှိအောင် အသုံးပြုနိုင်ပြီး ကျွမ်းကျင်အဆင့်ရှိ အသုံးပြုသူများလည်း ကျေနပ်မှုရရှိစေမှာပါ။



http://goo.gl/EbC5eh

## StyleCapture Free

**ဆော့ဖ်ဝဲအမျိုးအစား - System Utilities**
**ဗားရှင်း - 1.2.0.0**
**ဖိုင်အရွယ်အစား - 2.35 MB**
**အသုံးပြုနိုင်သည့် OS - Windows 2000/XP/Vista/7**

StyleCapture ဟာ desktop ပေါ်မှာ window နှင့်အခြားမျက်နှာပြင် အားလုံးကို ရိုက်ကူးနိုင်တဲ့ tool တစ်ခုဖြစ်ပြီး ၎င်းတို့ကို edit, save နှင့် send ပြုလုပ်နိုင်သည်။ အလိုအလျောက်ဖော်ပြပေးတဲ့ interface နဲ့ အမျိုးမျိုးသော Option တွေပါဝင်တာကြောင့် ရိုက်ကူးလိုတဲ့ shot များကိုရိုက်ကူးနိုင်တယ်။ ဒီပရိုဂရမ်ကိုကွန်ပျူတာစတင်အသုံးပြုသူနဲ့ကျွမ်းကျင်သူများရောပြီးပြည့်စုံတဲ့ screenshot များကို ရိုက်ကူးနိုင်အောင် ပြုလုပ်ပေးထားပါတယ်။ ၎င်းပရိုဂရမ် interface ကို ဝင်လိုက်တာနဲ့ အပေါ်ဘက် window က button ခြောက်ခုဟာ capture အမျိုးမျိုးကို ရိုက်ကူးလို့ရနိုင်အောင် ဖော်ပြပေးပါတယ်။ ပရိုဂရမ်၏ setting မှတစ်ဆင့် feature များအသုံးပြုပြီး capture တစ်ခုချင်းစီကို clipboard ထဲသို့ ကူးယူကာ အခြား document တွေမှာ paste လုပ်၍လည်း အသုံးပြုနိုင်ပါတယ်။



http://goo.gl/uK06Xh

## SystemMechanic Free

**ဆော့ဖ်ဝဲအမျိုးအစား - Maintenance and Optimization**
**ဗားရှင်း - 12.5.0.79**
**ဖိုင်အရွယ်အစား - 34.28 MB**
**အသုံးပြုနိုင်သည့် OS - Windows XP/2003/Vista/7/8**

System Mechanic Free ဆော့ဖ်ဝဲဟာ ကွန်ပျူတာတစ်လုံးရဲ့ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေဖို့ Optimize ပြုလုပ်ပေးပြီး Virus များအန္တရာယ်မှ ကာကွယ်ပေးတဲ့ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ ဒီပရိုဂရမ်ထဲမှာပါဝင်တဲ့ feature တွေ စုံလင်သလို အသုံးပြုရလွယ်ကူစေပါတယ်။ ဒီပရိုဂရမ်ဟာကွန်ပျူတာရဲ့ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးပြီး virus နှင့် malware တို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးကာ ကွန်ပျူတာကို performance scan ပြုလုပ်လို့ရတာကြောင့် အထဲက memory နှင့် Registry တွေကို ရှင်းလင်းပေးနိုင်ပါတယ်။ ယခုဆော့ဖ်ဝဲကို ကွန်ပျူတာမှာ အသုံးပြုလိုက်မယ်ဆိုရင် ကွန်ပျူတာရဲ့ စွမ်းဆောင်ရည်လျင်မြန်လာပြီး error တွေလည်း ကင်းရှင်းသွားမှာပါ။

Website

## Password တွေကို ဖန်တီးချင်သူများအတွက်

**http://www.passworddog.com**




ကိုယ်အသုံးပြုတဲ့ အချက်အလက်တွေကို လုံခြုံစိတ်ချစွာနဲ့ အသုံးပြုနိုင်ဖို့အတွက် Password တွေကို အသုံးပြုပြီးပေးထားချင်သူများ၊ Password တွေကို Strong ဖြစ်အောင် စီစဉ်ဖန်တီးချင်သူများအတွက် အသုံးပြုနိုင်မယ့်ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။ ဒီဝက်ဘ် ဆိုက်မှာ လုံခြုံစိတ်ချရတဲ့ Password တစ်ခုကိုဖန်တီးတည်ဆောက်ချင်သူများအတွက်ကိုယ်လည်းမှတ်မိလွယ်အောင် လုံခြုံစိတ်ချရတဲ့ Password တစ်ခုကို ဖန်တီးနိုင်အောင် ကိုယ်ရဲ့အမည်၊ စိတ်ကြိုက် စကားလုံးတစ်လုံးနဲ့ မွေးသက္ကရာဇ်တွေကို ထည့်သွင်းပေးရမှာ ဖြစ်ပါတယ်။

## Animation ရုပ်ပုံများ ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်

**http://goo.gl/U4LaE1**




Animation ရုပ်ပုံပေါင်းများစွာကို ဖော်ပြပေးထားတဲ့ ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဆိုက်မှာ Animation တွေကိုကြည့်ရှုပြီး လေ့လာနိုင်ဖို့အတွက် ကဏ္ဍလေးတွေကို A to Z စီစဉ်ပေးထားပါတယ်။ တစ်ခုချင်းစီအောက်မှာလည်း သက်ဆိုင်ရာကဏ္ဍအတွက် Page တွေကို ထပ်မံခွဲခြားပြီး ဖော်ပြပေးထားတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ တိရစ္ဆာန်နဲ့ပတ်သက်တာပဲဖြစ်ဖြစ်၊ Art နဲ့ ပတ်သက်တာပဲဖြစ်ဖြစ်၊ History အစရှိတာတွေအပြင် အခြားသော ကဏ္ဍများစွာကို ဒီဆိုက်မှာ ကြည့်ရှုလေ့လာနိုင်မှာဖြစ်ပြီး Download လုပ်ယူဖို့အတွက်လည်း လုပ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။

## ASCII Art တွေကို ကိုယ်တိုင် ပြုလုပ်ချင်သူများအတွက်

**http://goo.gl/rcecym**




ASCII Art တွေကိုကိုယ်တိုင်ပြုလုပ်ဖန်တီးချင်သူများအတွက် အဆင်သင့်အလွယ်တကူနဲ့ ဖန်တီးပြုလုပ်နိုင်မယ့်ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဆိုက်မှာ ကိုယ်ပြုလုပ်ချင်တဲ့ ပုံစံကို ကိုယ့်ရဲ့ကွန်ပျူတာထဲက ဓာတ်ပုံပေါ်ကပဲ ဖြစ်ဖြစ်၊ အင်တာနက်စာမျက်နှာမှာ တင်ထားတဲ့ ဓာတ်ပုံတွေကပဲ ဖြစ်ဖြစ် ပြုလုပ်ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ စာလုံးဘယ်နှစ်လုံးနဲ့ ASCII Art ကို ပြုလုပ်မယ့် အရွယ်အစားက ဘယ်လောက်သတ်မှတ်မယ်ဆိုတာကို တစ်ခါတည်း သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ ASCII Art ကို အလွယ်တကူနဲ့ ပြုလုပ်နိုင်မယ့် ဆိုက်တစ်ခုဖြစ်ပါတယ်။

## အီးမေးလ်တွေကို အနာဂတ် ကာလမှာ ပေးပို့ချင်သူများအတွက်

**http://www.futureme.org**




နောက်လာမယ့် နှစ်များမှ ရောက်ရှိစေချင်တဲ့ အီးမေးလ်ကို ယခုအချိန်ထဲက ကြိုတင်ပေးပို့လိုသူများအတွက် ကြိုတင်ပြီးပေးပို့ထားနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ အကြောင်းအရာတစ်ခုခုကိုကြိုတင်ပြီး ပေးပို့ထားချင်တယ်ဆိုရင် ကိုယ်ပေးပို့လိုသူရဲ့ အီးမေးလ်လိပ်စာကိုထည့်သွင်းကာ ပေးပို့မယ့် အကြောင်းအရာအား ထည့်သွင်းပြီးနောက် လက်ခံရရှိစေချင်တဲ့ ခုနှစ်၊ လ၊ ရက်တို့ကိုအတိအကျ ထည့်သွင်းပေးထားပြီး ကြိုတင်ပေးပို့ထားနိုင်မှာဖြစ်ပါတယ်။ အနည်းဆုံး အချိန်သုံးလခန့်ကြိုတင်ပြီး ပေးပို့ထားနိုင်မှာ ဖြစ်ပါတယ်။

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# Computer & Accessories

## Branded PC

| | |
|---|---|
| Acer Aspire MC 605 (PDC) 3rd Generation Intel Pentium Dual Core G2020 2.9GHz, 2GB DDR3 1333, 500GB HDD | 473,000 |
| Acer Aspire MC 605 (PDC) 3rd Generation Intel Pentium Dual Core G2020 2.9GHz, AMD Radeon™ 7350 1GB 4GB DDR3 1333, 500GB HDD | 430,000 |
| Acer Aspire MC 605 (i3) 3rd Generation Intel Core i3 3220 (3.3 GHz, 3 MB L3 Cache) Intel HD Graphic 2GB DDR3 1333, 500GB HDD | 430,000 |
| Acer Aspire MC 605 (i5) 2nd Generation Intel Core i3 2130 (3.4 GHz, 3 MB L3 Cache) AMD Radeon HD7470 2GB Graphic, 4GB DDR3 1333, 1TB HDD, | 520,000 |
| Acer Aspire MC 605 (i7) 3rd Generation Intel Core i5 3350 (3.1 GHz, 6MB L3 Cache) AMD Radeon HD7470 2GB Graphic, 8GB DDR3, 1TB HDD, | 620,000 |
| Acer Aspire MC 605 (i7) 3rd Generation Intel Core i7 3770 (3.39 GHz, 8M Cache) Nevidia Geforce GT 620 M 2GB Graphic, 8GB DDR3 Memory, 1TB HDD, | USD 770 |
| Acer All in One ZC605 (AIO) 2nd Generation Intel Pentium Dual Core 2117 U 1.8 GHz, 2 MB Cache Intel HD Graphic , 4GB DDR3 Memory, 500GB HDD | 535,000 |

## Monitor

| | | | |
|---|---|---|---|
| Other Monitor | | LED Monitor (Acer) | |
| 18.5" LED Colour Monitor (Lenovo) | 84,000 | 21.5" 220HQLEbd | 134,200 |
| 20" LED Colour Monitor (Samsung) | 110,000 | 19.5" HX1935L | 102,300 |
| 18.5" LED Colour Monitor (Fujitsu) | 88,000 | 23" G236 HL | 195,800 |
| LED Monitor (Viewsonic) | | LED Monitor (Prolink) | |
| 22" VX2270 Smh | 168,000 | 16" LED Color Monitor | 70,000 |
| 24" VX2770 Smh | 353,000 | 18.5" LED Color Monitor | 87,000 |
| 20" VA2037a | 108,000 | 21.5" LED Color Monitor | 114,000 |
| LED Monitor (ASUS) | | LED Monitor (AOC) | |
| 27" MX279HR | USD 360 | 18.5" E 960 SWN | 98,000 |
| 23" MX 239HR | USD 282 | 20" e2051 Swd | 109,000 |
| 23" PA 238Q | USD 287 | 27" I 2769 V | 278,000 |

## Memory Stick

| | |
|---|---|
| Verbatim SD Stick (8GB) | 6,500 |
| Verbatim SD Stick (16GB) | 11,000 |
| Verbatim SD Stick (32GB) | 19,000 |
| Verbatim Micro SD Stick (8GB) | 6,000 |
| Silicon Power Micro SD 8GB | 6,000 |
| Pen Drive (Verbatim) (16GB) | 12,000 |
| Pen Drive (Verbatim) (32GB) | 20,000 |
| Pen Drive (Fujitsu) (8GB) | 9,000 |
| Pen Drive (Fujitsu) (16GB) | 12,500 |
| Pen Drive (Fujitsu) (32GB) | 20,500 |
| Pen Drive (Transcend V70) (8GB) | 8,500 |
| Pen Drive (Transcend V70) (16GB) | 12,000 |
| Micro SD (Verbatim/Silicon Power) (8GB) | 6,000 |
| Micro SD (Verbatim) (16GB) | 10,500 |
| Micro SD (Verbatim) (32GB) | 20,000 |

## Motherboard

| | |
|---|---|
| ASUS Maximus VI Extreme | $ 485 |
| ASUS Maximus VI Hero | $ 300 |
| ASUS Z87-DELUXE | $ 334 |
| ASUS H87M-PRO | $ 148 |
| MSI Z77A-GD65 (G3) | 211,000 |
| MSI H77MA-G43 | 93,000 |
| MSI H61M-P31/ W8 (G3) | 57,000 |
| MSI R7750 1GD5/OC | 111,000 |
| MSI Nvidia Geforce GTX780 | 740,000 |
| Gigabyte GA-Z87X-UD5 TH | $ 295 |
| Gigabyte GA-Z87X-OC | $ 225 |
| Gigabyte GA-H77M-D3H | $ 99 |
| Gigabyte GA-H61M-S2P R3 | $ 61 |
| ASROCK Z87 OC Formula | $ 345 |
| ASROCK X79 Extreme11 | $ 635 |
| ASROCK H61M-PS | $ 65 |
| ASROCK H61M-VS R4.0 | $ 55 |
| ASROCK Z87- Pro 3(6 x SATA 3) USB 3.0 | $ 138 |
| ASROCK H87M (6 x SATA 3) USB 3.0 | $ 96 |
| ASROCK H81M-HDS (2 x SATA 3) USB 3.0 | $ 70 |
| ASROCK G41M-VS3 R2.0 | $ 62 |

## PC External HDD

| | | | |
|---|---|---|---|
| 500GB (ADATA) USB 3.0 | 72,000 | 500GB (Seagate) USB 3.0 | 72,000 |
| 1TB (ADATA) USB 3.0 | $ 92.00 | 1000GB(Seagate)Slim Expansion USB3.0 | 80,500 |
| 1TB (ADATA) USB 3.0 Waterproof | $101.00 | 500GB (Seagate) Backup Plus USB 3.0 | 71,000 |
| 500GB (ADATA) Water Proof | $ 73.50 | 1000 GB (Seagate) Backup Plus USB 3.0 | 88,000 |
| 1000GB (SG) Expansion USB 3.0 | 88,000 | 500 GB (WD) Elements USB 3.0 | 92,000 |
| 1TB (2.5") (USB 3.0) Verbatim/Fujitsu | 79,000 | 1000GB (WD) Elements USB 3.0 | 100,000 |
| 1000GB (SG) Backup Plus USB 3.0 | 100,000 | 100GB (Toshiba) Portable USB 3.0 | 84,000 |
| 1500 GB (Seagate) SATA | 71,000 | 1000GB (Toshiba) Portable USB 2.0 | 81,000 |
| 1 TB (Apacer) USB 3.0 | 71,000 | 2000 GB (Seagate) SATA | 89,500 |

## PC Internal HDD

| | |
|---|---|
| 250 GB (Seagate) SATA | 42,000 |
| 320 GB (Seagate) SATA | 49,000 |
| 500 GB (Seagate) SATA | 53,000 |
| 1000 GB (Seagate) SATA | 64,500 |
| 2000 GB (Seagate) SATA | 91,000 |
| 1500 GB (WD) SATA | 87,000 |
| 1500 GB (WD) SATA Black | 105,000 |

## PC Memory

| | |
|---|---|
| 2GB (DDR3/1333MHz) ADATA | $ 17.50 |
| 4GB (DDR3/1333MHz) ADATA | $ 29.00 |
| 2GB (DDR3 /800MHz)Kingston | 19,500 |
| 4 GB (DDR3 /1333MHz)Kingston | 33,000 |
| 512 MB (DDR/400MHz) Kingston | 13,000 |

## Notebook Memory

| | |
|---|---|
| 2GB (DDR3/800 MHz) Kingston | 20,500 |
| 4GB (DDR3/1333MHz) Kingston | 37,500 |
| 4GB (DDR3/1600 MHz) Kingston | 36,000 |
| 4GB (DDR3/1333MHz) Kingston | 35,000 |
| 4GB (DDR3/1600 MHz) Kingston | 38,000 |

## Notebook HDD

| | |
|---|---|
| 500 GB (Seagate) | 61,800 |
| 500 GB (WDC) 5400 RPM | 51,500 |
| 1000GB (SATA 5400 RPM) (Seagate) | 70,000 |
| 1000 GB (SATA 5400 RPM) (WD) | 72,000 |
| 750GB (SATA 5400 RPM) (Seagate) | 136,000 |

## Intel CPU

| | |
|---|---|
| Intel Dual Core 2.9 G-2020 | 58,000 |
| Intel Corei3 3.3 GHz 3220 (IVY) | 111,000 |
| Intel Core i5 3.2GHz 3470 (IVY) | 178,000 |
| Intel Core i7 3.4GHz 3770 (IVY) | 278,000 |
| Intel Core i5 3.2GHz 3470 (IVY) | 185,000 |
| Intel Core i7 3.4GHz 3770 (IVY) | 284,000 |
| Intel Core i7-3.4GHz 4770 (IVY) | 294,000 |

## Graphic Card

| | |
|---|---|
| Asus EAH 5450 (DDR3) | 39,500 |
| Asus GT 610 (DDR3) | 57,000 |
| Asus GT 630 (DDR3) | 87,000 |
| MSI R7750 1GD5/OC | 109,000 |
| MSI R6790-PM2D1GD5/OC | 118,000 |
| MSI Nvidia Geforce GTX 780 | 732,000 |
| MSI Nvidia Geforce GTX 760TF | 295,000 |

## UPS

| | |
|---|---|
| Prolink 650VA UPS 700 V | 34,000 |
| Prolink 650VA UPS 700 SFC | 36,000 |
| Power Tree 650 VA UPS | 36,000 |
| Power Tree 1250 UPS | 64,000 |
| PL - 93 (Prolink) 650VA 700 V | 34,000 |
| PL - 87 (Prolink) IPS 1000 | 64,000 |
| IPS 2000 Prolink | 80,000 |

## Power Supply Unit

| | |
|---|---|
| TP-1350MPCEU PSU (1350W) | $ 233 |
| TP - 1200 MP (1200W) | $ 200 |
| SP 850MPC BEU (850W) | $ 116 |
| Power Supply 775 (550W) | 10,000 |

## CPU Cooler

| | |
|---|---|
| CLW0211 | $103 |
| CLW0214 | $67 |

## Printer

| | |
|---|---|
| Epson L110 | 114,000 |
| Epson L300 | 147,000 |
| Brother MFC - J6910 DW | 680,000 |
| Brother DCP - 9010 CN | 699,000 |
| Canon LBP 2000 Printer (USB) | 128,000 |
| HP Laserjet M1212NF A10 Printer | 225,000 |
| HP Laserjet 401D Printer with Cable | 253,000 |

## Network Accessories

| | | | |
|---|---|---|---|
| 4 Ports Hub Super Speed 3.0 PUH 301/ 302 (Prolink) | 17,500 | Prolink USB Internet Connector | 38,000 |
| | | 4G (GSM) PHS 600 (21.6 Mbps) | |
| 5 Ports Switch 10/ 100 B (Prolink) | 9,500 | Prolink Wireless N Multifunction | 50,000 |
| Gigabit 5 Ports Switch (Prolink) | 26,000 | 4 x USB Port (PPS 2104N) | |
| Gigabit 8 Ports Switch (Prolink) | 12,000 | Gigabit 24 Port Switch 10/100/ 1000 BT (Prolink) | 116,000 |
| Prolink Wireless - USB Network Adapter (WN - 2201) 300 Mbps | 16,000 | Linksys Wireless G Broadband Router E- 1200 WL | 52,000 |
| Prolink Wireless - USB Network Adapter (WN - 1008) | 54,000 | Linksys Advacend Dual Band Wireless Router E- 2500 | 67,000 |
| Prolink Wireless N4G Mobile Router | 42,000 | | |

## Projector

| | |
|---|---|
| PJD 5126 DLP /2700 Lumens | 411,000 |
| PJD 5134 DLP / 3000 Lumens | 451,000 |
| PJD 6553 W DLP/ 3500 Lumens | 794,000 |
| PJD 7583 wi Short Throw | 1,268,000 |
| Dell M115 HD | USD 501 |
| Dell 12103 | USD 379 |
| Acer X 1140 A | 462,000 |
| Acer P 1163 | 484,000 |

## Mouse

| | | | |
|---|---|---|---|
| Tte Gaming Mouse MO-BLK002DTA | $44 | Prolink Wireless Nano Mouse | 9,500 |
| Tte Gaming Mouse MO-ARS003DTD | $ 31 | DL003 (Oker) | 5,000 |
| Prolink Optical Mouse USB 618U | 3,700 | LX - 2318 (Oker) | 9,100 |
| A4 Tech KB (PS/2) | 7,000 | OKER X6 Mouse | 8,200 |
| A4 Tech Optical Mouse 620D (PS2)/USB | 4,400 | DL 003 (Oker) | 5,000 |
| Sony Optical Mouse USB | 1,500 | LX - 282 (Oker) | 9,500 |

အထက်ပါဈေးနှုန်းများသည် T-Land, KMD, Shwe Lamin Nagar, Royal Smart ,Golden Power, Brother, Gandamar, Client Focus, Yangon Development, Star Universe, Myanmar Star Tech တို့မှ ကောက်ယူထားသည့် ဈေးနှုန်းများဖြစ်သည်။ ၇-၃-၂၀၁၄ ရက်နေ့ ဈေးနှုန်းများ ဖြစ်သည်၊ ဈေးနှုန်း အပြောင်းအလဲရှိနိုင်သည်၊

# CAMERA



## Camcorder

| Model | Kyats |
|---|---|
| Sony W550 | 100,000 |
| Sony W710 | 107,000 |
| Sony H90 | 190,000 |
| Panasonic V10 | 210,000 |
| Panasonic HS80 | 340,000 |

## Canon

| Model | Kyats |
|---|---|
| SX50 | 390,000 |
| A1400 | 65,000 |
| S110 | 260,000 |
| IXUS 132 | 139,000 |
| IXUS 255 | 270,000 |
| EOS 700D | USD 860 |
| EOS 100D | USD 605 |
| G 15 | 400,000 |
| A2500 | 92,000 |
| A2600 | 135,000 |

## Sony

| Model | Kyats |
|---|---|
| TX66 | 335,000 |
| W730 | 138,000 |
| H200 | 236,000 |
| WX80 | 204,000 |
| TX20 | 314,000 |
| CX 220 | 313,000 |
| TX55 | 250,000 |
| PJ 230 | 440,000 |
| H 100 | 180,000 |
| CX 210E | 395,000 |

## Nikon

| Model | Kyats |
|---|---|
| V1 kit | 310,000 |
| L320 | 190,000 |
| S2700 | 95,000 |
| S2600 | 95,000 |
| L820 | 250,000 |
| S4200 | 110,000 |
| P520 | 370,000 |
| D5100 Kit | 470,000 |
| L26 | 80,000 |
| D3200 Kit | 460,000 |

## Fuji

| Model | Kyats |
|---|---|
| S2980 | 130,000 |
| S2600 | 95,000 |
| SL300 | 200,000 |
| S4200 | 110,000 |
| XP20 | 95,000 |
| JX550 | 95,000 |
| Z300 | 120,000 |
| Z500 | 150,000 |
| Z800 | 170,000 |
| J500 | 130,000 |

## Accessories

| Model | Kyats |
|---|---|
| Kata467i Bag | 110,000 |
| Yong Nuo 160 LED | 38,000 |
| WF 6662 Tripod | 35,000 |
| Weifeng 1005 Monopod | 14,000 |
| Lowepro Computerekker AW | 130,000 |
| Shoulder Pad | 16,000 |

Canon,Royal Digital နှင့် TLand မှ ၇-၃-၂၀၁၄ ဈေးနှုန်းဖြစ်ပါသည်၊ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်၊

# Notebook

အထက်ပါဈေးနှုန်းများသည် T-Land, KMD, Shwe Lamin Nagar, Royal Smart , Golden Power, DCD တို့မှ ကောက်ယူထားသည့်ဈေးနှုန်းများ ဖြစ်သည်။ ၇-၃- ၂၀၁၄ ရက်နေ့ ဈေးနှုန်းများဖြစ်သည်၊ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်၊

## MSI

| Model | Price |
|---|---|
| msi CR61 3M, AMD Dual Core (E1-2100) 1.0GHz, 15.6" HD LCD, ATI Radeon HD 8210 (1387MB), 4GB, 500GB SATA | 353,000 |
| msi CX61 20C, Intel 4th Gen i3-4000MQ 2.4GHz, 15.6" HD LED, nVIDIA GeforceGT720M (2GB), 4GB, 500GB SATA | 569,000 |
| msi CX61 20C, Intel 4th Gen i5-4200MQ 2.5GHz, 15.6" HD LED, nVIDIA GeforceGT720M (2GB), 4GB, 500GB SATA | 638,000 |
| msi GS7020C, Intel 4th Gen i7-4702HQ 2.4GHz, 17.3" HD LED, nVIDIA GeforceGTX765M (2GB), 8GB, 1TB SATA (Gift-Drive) | 1,415,000 |
| msi GP7020C, Intel 4th Gen i7-4700MQ 2.4GHz, 17.3" HD LED, nVIDIA GeforceGT750M (2GB), 8GB, 750GB SATA | 1,071,000 |

## Dell

| Model | Price |
|---|---|
| Inspiron 3421, Intel 4th Gen i3-3217U 1.8GHz, 14" HD LED, Nvidia GeForce GT625M (1GB), 2GB DDR3, 500GB SATA HDD | $489 |
| Inspiron 3437, Intel 4th Gen i3-4010U 1.7GHz, 14" HD LED, Nvidia GeForce (2GB), 4GB DDR3, 500GB SATA HDD | $579 |
| Inspiron 5437, Intel 4th Gen i3-4010U 1.7GHz, 14" HD LED, Nvidia GeForce GT740M (2GB), 4GB DDR3, 500GB SATA HDD | $629 |
| Inspiron 3521, Intel 3rd Gen i5-3337U 2.7GHz, 15.6" HD, AMD Radeon HD 8730M (2GB), 4GB DDR3, 750GB SATA HDD | $679 |
| Inspiron 5737, Intel 4th Gen i5-4200U 2.6GHz, 14" HD, Nvidia GeForce GT740M (2GB), 4GB DDR3, 500GB SATA HDD | $689 |

## Toshiba

| Model | Price |
|---|---|
| SatelliteL40-AS138W,IntelULV Celeron 1037U 1.8GHz, 14" HD LD, Intel HM70 Graphic, 2GB DDR3, 500GB HDD | $371 |
| SatelliteC40-A102E, Pentium DualCore 2.4GHz, 14" HD CSV LD, Intel HM70 Graphics, 2GB DDR3, 500GB HDD | $379 |
| SatelliteC40-A122, IntelCore i3-3110M 2.4GHz, 14" HD CSV LD, Intel HM76 Graphic, 4GB DDR3, 500GB HDD | $475 |
| Satellite P50t, Intel ULV Corei7 2.0GHz, 15.6" HD CSV LD (Touch), Nvidia GT740M (2GB), 8GB DDR3, 1TB HDD | $1284 |
| Portege R930 Ultrabook, Core i5-3230M 2.6GHz, 13.3" HD LD, Intel HM76 Graphic, 4GB DDR3, 640GB HDD | $1332 |

## Acer

| Model | Price |
|---|---|
| Aspire E1-410,Intel Celeron QuadCore N2920 2.0GHz, 14" HD LED, Intel GMA Graphic, 2GB, 500GB HDD | 355,000 |
| Aspire E1-430, Intel Pentium2117U 1.8GHz, 14" HD LED, Intel HD Graphic, 2GB DDR3, 500GB HDD | 405,000 |
| Aspire V5-43G, Intel 4th Gen i3-4010U 1.7GHz, 14" HD LED, Nvidia Geforce GT740M (2GB), 4GB, 500GB HDD | 525,000 |
| Aspire P3-171, Intel 3rd Gen i3-3229Y 1.4GHz, 11.6"Multi-touch, Intel GMA Graphic, 2GB, 60GB SSD | 729,000 |
| Aspire S7, Intel 4th Gen i5-4200U 1.7GHz, 13.3" Multi-touch LCD, Intel HD Graphic 4400, 4GB DDR3, 128GB SSD, Windows 8 | 1,450,000 |

## Asus

| Model | Price |
|---|---|
| K450LC-WX057D, Intel Corei5-4200U, 1.6GHz,14" HD LED, NvidiaGT740 (2GB), 4GB DDR3, 500GB SATA | $669 |
| K451LB-WX060D, Intel Corei7-4500U, 1.8GHz,14" HD LED, Nvidia GT740 (2GB), 4GB DDR3, 750GB HDD | $819 |
| N46VZ-S4247H, Intel Corei7-3630QM, 2.4GHz,14" HD LED, NvidiaGT650m (2GB), 4GB DDR3, 500GB SATA | $979 |
| G55VW-S1237H, Intel Corei7-3630QM, 2.4GHz,15.6" HD LED, NvidiaGTX660M (2GB), 16GB DDR3, 1TB STAT | $1,649 |
| G750JX-CV159H, Intel Corei7-4700HQ, 2.4GHz,17.3" HD LED, NvidiaGTX770M (3GB), 16GB DDR3, 2TB SATA | $2,149 |

## Lenovo

| Model | Price |
|---|---|
| IdeaPad G400,Intel 3rd Gen i3-3110M 2.4GHz,14" WXGA LED, AMD Radeon HD 8570M (2GB), 4GB DDR3, 500GB HDD | $499 |
| IdeaPad G400s,Intel Pentium 2.4GHz,14.1" WXGA LED, Nvidia Geforce GT720M (2GB), 2GB DDR3, 500GB HDD | $499 |
| IdeaPad G400,Intel 3rd Gen i3-3110M 2.4GHz,14" WXGA LED, Intel GMA Graphic, 4GB DDR3, 500GB HDD | $499 |
| IdeaPad Z400,Intel 3rd Gen i5-3230M,14" HD LED(Touch), Nvidia Geforce GT740M (2GB), 4GB DDR3, 500GB HDD | $769 |
| IdeaPad Yoga13,Intel 3rd Gen i5-3317U 1.7GHz,13.3" LED+IPS, Intel HD Graphic, 4GB DDR3, 128GB SSD, Windows 8 | $1059 |

## HP

| Model | Price |
|---|---|
| HP 1000-1405TU, Intel DualCore 2020M 2.4GHz,14" HD LED, Intel GMA Graphic, 2GB DDR3, 500GB HDD | $389 |
| Probook 242-G1, Intel Corei3-3110M 2.4GHz, 14" HD LED, Nvidia Geforce 730M (1GB), 4GB DDR3, 500GB HDD | $514 |
| Pavilion 14-SBK (touch), Intel Core i3-2375M 1.5GHz, 14" HD LED, Intel GMA Graphic, 4GB DDR3, 500GB HDD | $579 |
| Pavilion 14-n022TX, 4th Gen Core i5-4200U 1.6GHz, 14" HD LED, Intel Graphic (2GB), 4GB DDR3, 750GB HDD | $689 |
| Envy TS 15-j003TX, Intel Corei7-4700MA 2.4GHz, 15.6" HD (Touch), Nvidia GT740M (2GB), 4GB DDR3, 1TB HDD | $1099 |

## FUJITSU

| Model | Price |
|---|---|
| Fujitsu LH 532 Intel Dual Core B2020M, 14" HD LED Intel HD Graphic , 2GB DDR3 , 500GB HDD | $379 |
| Fujitsu UH 572 Intel Core i5 3317U, 13.3" HD LED, Intel GMA Graphic, 4GB DDR3 , 500GB HDD | $785 |
| Fujitsu LH 772V Core i3 3210M 2.5 GHz, 14" HD LED, Nvidia Geforce 640M (2GB), 4GB DDR3, 750GB HDD | $630 |
| Fujitsu LH 772V Intel Core i5 3210M 2.5 GHz, 14" HD LED Nvidia Geforce 640M (2GB), 4GB DDR3 , 500GB HDD | $830 |
| Fujitsu SH 772 Core i7 3520M, 13.3" WXGA Display, Intel HD Graphic 4000, 4GB DDR3, 650GB HDD | $1140 |

## NEC

| Model | Price |
|---|---|
| VersaPro Type VB Intel Core i7-2637M 1.7GHz, 12.1" WXGALED, 4GB RAM, 320GB HDD, Windows 7 (32 bit) (6 Cell) | $669 |
| VersaPro Type VK26T/X-G, Intel Core i5-3230M 2.6GHz, 15.6" TFT LCD, 4GB RAM, 320GB HDD, Windows 8 (64 bit) | $685 |
| VersaPro Type VG Intel Core i7-3517U 1.90GHz, 13.3" Wide TFT, 4GB RAM, 128GB SDD, Windows 8 (64 bit) | $1879 |

# Electronics

## LCD / Plasma

| Model | Kyats |
|---|---|
| 46" SONY 46R450 | 679,000 |
| 43" SAMSUNG PS43F4000 AR | 370,000 |
| 40" TOSHIBA 40PB200E | 457,000 |
| 39" LG 39LN5400 | 409,000 |
| 32" PANASONIC 32B6T | 225,000 |
| 28" LG 28LN 4110 | 235,000 |
| 24" SONY 24R402 | 215,000 |

## WASHING MACHINE

| Model | Kyats |
|---|---|
| PANASONIC 100 B3 | 245,000 |
| HITACHI SF-75NJX | 232,000 |
| PANASONIC F80B3 | 215,000 |
| SHARP 75BWG | 178,000 |
| SAMSUNG 10J | 172,000 |
| LG WP900 | 169,000 |
| LG 999 | 143,000 |

## SOLAR

| Model | Kyats |
|---|---|
| TA TA 300W | 152,500 |
| TA TA 260W | 135,000 |
| TA TA 200 W | 123,000 |
| TA TA 150W | 95,800 |

## PORTABLE-EVD

| Model | Kyats |
|---|---|
| 23.8" (189) | 59,000 |
| 20.8" (1518) | 67,500 |
| 18.8" (ET0169) | 59,500 |
| 16.8" (SP1315) | 58,500 |

## Refrigerator

| Model | Kyats |
|---|---|
| HITACHI T190S | 228,000 |
| LG GNV191 | 179,000 |
| TOSHIBA 1734 | 170,000 |
| MITSUBISHI 21E | 240,000 |
| PANASONIC 185RHTH | 155,000 |
| SAMSUNG RT20 | 256,000 |
| GLACIER BD460 5'5" | 370,000 |

Grand Electronic ဖုန်း - ၂၄၀၀၄၂၄
၇-၃-၂၀၁၄ ဈေးနှုန်းဖြစ်ပါသည်။

## Game & Accessories

| Model | Kyats |
|---|---|
| PS3 Set HDD 500GB | 500,000 |
| PS2 console model 90006 | 132,000 |
| PSP console model 2000, 3000 | 220,000 |
| Xbox 360 console 4 GB Kinect | 500,000 |
| Nintendo Wii | 330,000 |
| Nintendo Wii U | 480,000 |
| 3DS XLL | 330,000 |

တိုက်ဘီနိုးမှ ၇-၃-၂၀၁၄ ဈေးနှုန်းဖြစ်ပါသည်။

# TABLET





### ONDA V819
**Pirce : 170,000**
7.9" Dual Core1.2GHz, RAM 1GB, 16GB,Android 4.2.2, Card Reader, USB,Wi-Fi, WCDMA/GSM Simcard (3G)

### Mo Mo9(P713)
**Pirce: 88,000**
7"Dual Core1GHz,RAM 512MB,2GB Storage,Android 4.1.2,Card Reader,USB,Wi-Fi WCDMA/GSM Simcard (3G)

### Generic Is208A
**Pirce : 135,000**
9.7"DuadCore1GHz,RAM 512GB,16GB Storage, Android4.0.3 Card Reader, USB, Wi-Fi

### Bluefire Tablet
**Pirce : 90,000**
7"DualCore1.2GHz,RAM 512GB,4GBStorage,Android 4.2.2,Card Reader,USB,Wi-Fi, WCDMA/GSM Simcard (3G)

### Tablet N701/ N702
**Pirce : 80,000**
7" Processor 1 GHz, RAM 512MB,2GB Storage,Android 4.1, Card Reader,WCDMA/ GSM Simcard (3G)

### Tablet PC D7911
**Price: 90,000**
7.9" Dual Core1.5GHz,RAM 512GB,2GB Storage,Android 4.2.2, Card Reader, WiFi, Dual Camera

အထက်ပါဈေးနှုန်းများသည် T-Land မှ ကောက်ယူထားသည့် ဈေးနှုန်းများ ဖြစ်သည်။
၇-၃-၂၀၁၄ ရက်နေ့ ဈေးနှုန်းများ ဖြစ်သည်၊ ဈေးနှုန်း အပြောင်းအလဲ ရှိနိုင်သည်။

# Car Price List



| Brand | Model | Price (Lakh) |
|---|---|---|
| Honda Fit | 2011 | 130 |
| Toyota Mark X | 2010 | 580 |
| Toyota Ractis | 2007 | 125 |
| Toyota Vitz | 2008 | 110 |
| ISUZU Double Cab | 2013 | 110 |
| Toyota Belta | 2009 | 135 |
| Toyota Crown | 2002 | 205 |
| Hyundai Insight G | 2010 | 165 |
| Toyota Kluger | 2002 | 260 |
| Hyundai Starex | 2005 | 130 |
| Landcruiser Prado | 1997 | 280 |
| Toyota Ipsum | 2002 | 190 |
| Mazda RX-8 | 2007 | 145 |

| Brand | Model | Price (Lakh) |
|---|---|---|
| Caldina | 2001 | 185 |
| Toyota Probox | 2007 | 105 |
| Suzuki Swift | 2009 | 120 |
| Alphard G | 2001 | 245 |
| Toyota Brevis | 2002 | 185 |
| Harrier | 1999 | 160 |
| Mark II | 2002 | 195 |
| Toyota RAV4 | 2001 | 215 |
| Toyota Wish | 2003 | 215 |
| Honda CRV | 1999 | 185 |
| Corolla Van | 1999 | 200 |

အောက်ဖော်ပြပါဈေးနှုန်းများသည် ၇ -၃- ၂၀၁၄ ရက်နေ့တွင် ကားဈေးကွက်အတွင်းမှ ရယူထားသည့် ဈေးနှုန်းများဖြစ်သည်။

Internet Journal
Vol.15, No.11 | Thursday, March 13, 2014



WORD

## BYOI (bring your own identity)

နောင်နောင်

BYOI (bring your own identity) ဆိုတာကတော့ end user တစ်ယောက်ရဲ့ username နဲ့ password ကို ထိန်းချုပ်တဲ့ third party ရဲ့ digital authentication နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

BYOI က website စစ်မှန်ကြောင်း သက်သေပြခြင်း (website authentication) အတွက်ပိုမိုအသုံးပြုကြပါတယ်။ Website ကိုလည်း ပတ်ကြည့်ရှုသူအနေနဲ့ မှတ်ပုံတင်တဲ့ လုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း username နဲ့ password သစ်ဖန်တီးကာ login ဝင်ရောက်ခြင်းအစားလည်း ပတ်ကြည့်ရှုသူ (visitor) များရဲ့ Facebook, Twitter, LinkedIn, Google+, Amazon စတဲ့ social identity များကိုအသုံးပြုပြီး log in ဝင်ရောက်ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ဒီနည်းစနစ်ဟာ site visitor များအတွက် sign-in ပြုလုပ်ပေးနိုင်ပေမယ့် အချို့ site visitor များကတော့ privacy နဲ့ပတ်သက်ပြီး စိုးရိမ်မှုရှိကြတာကြောင့် website အများစုက BYOI ကို option တစ်ခုအနေနဲ့ ထည့်သွင်းပေးထားကြပါတယ်။

Cloud အခြေခံ ဝန်ဆောင်မှုကိုလက်ခံမှုနှုန်း တိုးတက်လာတာနဲ့အမျှ identity access management (IAM) system ရဲ့ အရေးပါမှုကလည်း တဖြည်းဖြည်းလျော့နည်းလာပါတယ်။ BYOI ကိုထောက်ခံအားပေးမှု များပြားလာတဲ့အတွက် identity ထောက်ပံ့ဖန်တီးမှုမလိုအပ်တော့သလို third party က security နဲ့ privacy ကတာဝန်ယူဆောင်ရွက်ပေးတာကြောင့် IAM နဲ့ သက်ဆိုင်တဲ့ တာဝန်ယူမှုများ လျော့နည်းစေပါတယ်။ ဒါပေမယ့်လည်း BYOI ဟာ identity ထိန်းချုပ်ခံရမှုနဲ့ identity ခိုးယူမှုတွေအပါအဝင် အန္တရာယ်များစွာဖြစ်ပေါ်နိုင်တယ်လို့ ပညာရှင်တွေက သတိပေးထားပါတယ်။

## သို့ အယ်ဒီတာ

**Computer အတွက် live wallpaper ရှိလား။ ရှိရင်ဘယ်မှာ download ဆွဲလို့ရနိုင်မလဲ။**

ကွန်ပျူတာအတွက် Live Wallpaper တွေကို http://www.livewallpapers.com ကနေ download ရယူနိုင်ပါတယ်။ Download ပြုလုပ်တဲ့အခါမှာကြိုက်နှစ်သက်တဲ့ wallpaper ဘေးက အစိမ်းရောင် download ခလုတ်ကိုနှိပ်ပြီး ရယူနိုင်ပါတယ်။

**ကျွန်တော့် stick မှာ folder တွေက shortcut တွေ ဖြစ်ဖြစ်နေတယ်ခင်ဗျ။ anti-virus နဲ့ scan ဖတ် format ချတာတောင် မရဘူးခင်ဗျာ။ အဲဒါ stick ကိုရော computer ကိုပါ shortcut တွေပျောက်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်ချက်လောက်ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။**

Memory stick တွေ၊ ဖုန်း memory card တွေနဲ့ external hard drive တွေမှာ shortcut virus တွေရှိတယ်ဆိုရင် antivirus နဲ့စစ်စရာမလို၊ format ချစရာမလိုဘဲ ဖြေရှင်းနိုင်တဲ့ နည်းလမ်းရှိပါတယ်။

- ပထမဦးဆုံး shortcut virus ရှိတဲ့ drive ကို ကွန်ပျူတာမှာ တပ်ပါ။ Win+R ကိုနှိပ်ပြီး Run box ကိုဖွင့်ပါ။ ပြီးရင် cmd ကိုရိုက်ထည့်ပြီး Enter နှိပ်ပါ။
- Command prompt ပေါ်လာတဲ့အခါ drive letter ကိုအရင်ရိုက်ပါ။ ဥပမာ shortcut virus ရှိတဲ့ drive က G ဆိုရင် g: ဟုရိုက်ပြီး Enter နှိပ်ပါ။ (Drive letter ကိုမသိရင် My Computer ကိုဖွင့်ပြီး drive icon မှာကြည့်ပါ)
- ပြီးရင် del *.ink ဟုရိုက်ထည့်ပြီး Enter ကိုနှိပ်ပါ။
- တို့နောက် attrib -s -r -h *.* /s /d /l ဆိုတဲ့ command ကိုရိုက်ထည့်ပြီး Enter နှိပ်ပါ။

စက္ကန့်အနည်းငယ်ကြာတဲ့အခါမှာ drive ကိုဖွင့်ပြီးစစ်ဆေးကြည့်ပါ။ Folder တွေကိုပြန်တွေ့ရပါမယ်။

**Winterboard ကနေ icon style လေးတွေပြောင်းနည်းလေးသိချင်ပါတယ်။ ပြည့်ပြည့်စုံစုံလေး ဖြေကြားပေးစေလိုပါတယ်။ အကယ်၍ နဂိုမူလအတိုင်းပဲ ပြန်ထားချင်ရင်ရော ထားလို့ရနိုင်ပါသလား။ ကျေးဇူးတင်ပါတယ်။**

အပြည့်အစုံဖြစ်အောင် Winterboard အသုံးပြုနည်းကို ဖော်ပြပေးလိုက်ပါတယ်။

- ပထမဦးဆုံး Winterboard ကို Cydia ကနေ install လုပ်ပါ။
- ပြီးရင် Winterboard ကဖုန်းကို restart လုပ်ခိုင်းပါလိမ့်မယ်။ Restart လုပ်ရန်အတွက် slide to power off စာတန်းမပေါ်ခင်အထိ power ခလုတ်ကိုဖိထားပြီးဖုန်းပိတ်သွားသည့်အခါ power ခလုတ်ကိုပြန်နှိပ်ခြင်းဖြင့်ပြုလုပ်နိုင်ပါတယ်။
- တို့နောက် Winterboard ကိုဖွင့်ပါ။
- Winterboard မှာ theme အနည်းငယ်ပါဝင်လာပါတယ်။ အဲ့ဒီ theme တွေကိုအသုံးပြုလိုပါက နှစ်သက်ရာ theme ကိုရွေးချယ်ပါ။
- ဒါမှမဟုတ် အခြား theme များကိုအသုံးပြုချင်တယ်ဆိုရင်တော့ ithemesky.com သို့မဟုတ် cydia ကနေ download ရယူပြီးသုံးနိုင်ပါတယ်။
- Theme ကို download လုပ်ပြီးသွားပြီဆိုရင်တော့ Winterboard ကိုဖွင့်ပြီးအခြားသော theme များကို uncheck လုပ်ပါ။ ပြီးရင်အသုံးပြုလိုတဲ့ theme ကိုအမှန်ခြစ်ပါ။ Theme တွေကိုပေါင်းစပ်ပြီး သုံးချင်တယ်ဆိုရင်တော့ အသုံးပြုလိုတဲ့ theme တွေကို အမှန်ခြစ်ပါ။
- ဒါမှမဟုတ် iOS ရဲ့ default theme ကိုပဲ အသုံးပြုချင်တယ်ဆိုရင်တော့ Winterboard က theme အားလုံးကို uncheck ပြန်လုပ်ပါ။

**ကွန်ပျူတာနည်းပညာနှင့် ပတ်သက်သည့် မေးခွန်းများကို သိရှိလိုပါက ijeditorial@informationmatrix.com သို့ အပတ်စဉ်ဗုဒ္ဓဟူးနေ့နောက်ဆုံးထား၍ မေးခွန်းများပေးပို့နိုင်သည်။**

## Bodega

-သီဟ

Mac OS အသုံးပြုတဲ့သူတွေအတွက် App Store အစားထိုး သုံးစွဲအသုံးပြုနိုင်မယ့် Bodega ဆိုတဲ့ App Store အမျိုးအစား Mac App တစ်ခု ဖြစ်ပါတယ်။ Bodega မှာ App Store မှာရှိတဲ့ App အများအပြားကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသစ်ထွက်ရှိတဲ့ App တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးနိုင်တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

Bodega ရဲ့ သွင်ပြင်ဟာ ထူးခြားပြီး ဆွဲဆောင်မှုရှိတဲ့ အပြင်ပြင်ဆင်ထားတဲ့ ဒီဇိုင်းပုံစံကလည်း စတိုးဆိုင်တစ်ခုမှ ရောင်းချတဲ့သွင်ပြင်ဖြစ်အောင် ပြုလုပ်ဖန်တီးပေးထားတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ App တွေကိုအလွယ်တကူနဲ့ ဝယ်ယူရရှိနိုင်ဖို့အတွက် စီစဉ်ပေးထားမှာဖြစ်ပြီး တိုက်ရိုက်ငွေပေးချေနိုင်မှာလည်း ဖြစ်ပါတယ်။ App တွေကိုပြသထားတဲ့ဒီဇိုင်းကလည်း တကယ့်စတိုးဆိုင်မှာပစ္စည်းဝယ်ရသလိုမျိုးဖြစ်အောင် အဆင့်လိုက်အဆင့်လိုက် ဖော်ပြပေးထားပါတယ်။ အသုံးပြုရပုံကတော့ App Store မှာ အသုံးပြုရသလိုမျိုးပဲအသုံးပြုနိုင်မှာဖြစ်ပြီး App တွေကို ရှာဖွေတဲ့အခါမှာလည်း ပိုမိုလျင်လျင်မြန်မြန်နဲ့ ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။

Bodega ဟာ Update တွေကို App Store ကဲ့သို့အချိန်နဲ့တစ်ပြေးညီရရှိခြင်း၊ App တွေကို အမြဲ Update Check ပြုလုပ်ပေးနေခြင်း၊ Out of Date ဖြစ်နေတဲ့ App တွေကို Update ပြုလုပ်ပေးနေခြင်းတို့ကိုအချိန်ပြည့်စစ်ဆေးပြီးပြုလုပ်ပေးနေမှာဖြစ်ပါတယ်။ App တွေကိုဝယ်ယူတဲ့အခါမှာ လုံခြုံစိတ်ချမှုရှိဖို့အတွက်ကိုလည်းဆောင်ရွက်ပေးထားပါတယ်။ ငွေပေးချေပြီးဝယ်ယူတဲ့ App တွေကို Track ပြုလုပ်ပေးထားပြီး Registration Code တွေကိုလည်း Track ပြုလုပ်ပေးထားပါတယ်။

ဒါ့အပြင် Mac နဲ့ပတ်သက်တဲ့ အသစ်ထွက်ရှိတဲ့ သတင်းတွေကိုလည်း ဖတ်ရှုနိုင်ဖို့အတွက် စီစဉ်ပေးထားပြီး နောက်ဆုံးရသတင်းများကိုလည်း ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ App တွေကို Download ပြုလုပ်တဲ့အခါမှာလည်း ဖိုင်အမည်၊ Download ပြုလုပ်တဲ့ ဖိုင်အရွယ်အစား၊ Version အမှတ်အစရှိတာတွေကို အသေးစိတ်ဖော်ပြပေးထားမှာ ဖြစ်ပါတယ်။ Download ကို အစီအစဉ်တကျ ဆွဲပေးပြီး Update ပြုလုပ်ရန်လိုတဲ့ဖိုင်တွေကိုလည်း Version ဘယ်လောက်က Available ဖြစ်နေပြီဆိုတာတွေကိုလည်း ဖော်ပြပေးနေမှာ ဖြစ်ပါတယ်။




Download ပြုလုပ်လိုသူတွေအနေနဲ့ http://goo.gl/9a2sCM ဆိုတဲ့ဝက်ဘ်ဆိုက်မှာ Download လုပ်ယူနိုင်မှာဖြစ်ပြီး၊ Download ပြုလုပ်ရမယ့်ဖိုင်အရွယ်အစားကတော့ 4.9MB ရှိမှာဖြစ်ပါတယ်။ Mac OS X 10.6.0 နဲ့အထက်မှာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

MOBILE IT
PH : 09-5412384
09-73052197

Good Second PHONE And LAPTOPS များကို ရောင်း/ဝယ်/အလဲ ထပ်လုပ်ပေးသည်။

❖ IPHONE 5s, 5c, 5, 4s, 4g, ipad Air, 4,3,2, Mini 2, Mini, SAMSUNG Note 3, 2, 1, S4, S3, S2, Note 10.1 (2014), (2013), TAB 3, TAB 2, SONY Z1, Z, HTC ONEMAX, ONE, Butter Fly, (စသော Good Second PHONE) များကို အထူးဈေးကောင်းပေးဝယ်သည်။

❖ MAC PRO, MAC AIR, SONY VAIO, DELL, ASUS, Acer (Core i3, i5, i7) LAPTOPS များကို အထူးဈေးကောင်းပေးဝယ်သည်။

Model အမြင့် Android and Apple PHONE များကို အထူးဈေးနှုန်း သက်သာစွာဖြင့် change down ပြုလုပ်ပေးသည်။

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

# TeamViewer ကို Ubuntu OS ပေါ်တွင် ထည့်သွင်းခြင်း

-သီဟ

TeamViewer ဆိုတဲ့ Application ဟာကိုယ့်ရဲ့ကွန်ပျူတာကို Tablet တွေကိုမိုဘိုင်းဖုန်းတွေပေါ်ကနေ အင်တာနက်အသုံးပြုပြီး Remote ပြုလုပ်ပေးနိုင်တဲ့ Application တစ်ခုဖြစ်ပါတယ်။ Team Viewer ကို Ubuntu OS 12.04 LTS နဲ့ 12.10 တို့မှာ ထည့်သွင်းအသုံးပြုချင်တယ်ဆိုရင် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Team Viewer ကို ထည့်သွင်းအသုံးပြုပုံကတော့ နှစ်နည်းရှိပါတယ်။ .deb ဖိုင်ကို Graphic Mode ကနေ Download ပြုလုပ်ပြီးထည့်သွင်းတာနဲ့ Terminal ကနေ Download ပြုလုပ်ပြီး ထည့်သွင်းတာနှစ်မျိုး ရှိပါတယ်။

TeamViewer ကို Ubuntu OS မှာ ထည့်သွင်းအသုံးပြုဖို့အတွက်ဆိုရင် ပထမဆုံး Ubuntu OS System ရဲ့ Package တွေကိုပထမဦးဆုံး Update တွေ၊ Upgrade တွေ ပြုလုပ်ထားသင့်ပါတယ်။ Package တွေကို Update ပြုလုပ်ဖို့အတွက် Ubuntu ရဲ့ Terminal ကို Ctrl+Alt+T ကို အသုံးပြုပြီး ဖွင့်ရပါမယ်။ ပြီးပြီဆိုရင်တော့ Terminal ထဲမှာ sudo apt-get update ဆိုတဲ့ Command နဲ့အရင် Package တွေကို Update ပြုလုပ်ရမှာ ဖြစ်ပါတယ်။ Update ပြုလုပ်ပြီးပြီဆိုရင်တော့ sudo apt-get upgrade နဲ့ Upgrade ထပ်မံလုပ်ပေးရပါမယ်။

နောက်တစ်ဆင့်ကတော့ TeamViewer ကို Install ပြုလုပ်ဖို့အတွက် Terminal မှာ ဖော်ပြပါ Command တွေကို တစ်ကြောင်းချင်းစီရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ Command တွေကိုမထည့်သွင်းခင်မှာ ကိုယ့်ရဲ့ Operating System က 32bit လား၊ 64 bit လား



ဆိုတာ အရင်ဆုံးကြည့်ရှုထားရမှာဖြစ်ပါတယ်။ 32bit နဲ့ 64bit ကို ထည့်သွင်းတဲ့ Command လည်းမတူတဲ့အတွက် အရင်ကြည့်ရှုရခြင်း ဖြစ်ပါတယ်။ 32bit ကို ထည့်သွင်းမယ်ဆိုရင်

wget http://www.teamviewer.com/download/version_8x/teamviewer_linux.deb

wget http://www.teamviewer.com/download/teamviewer_linux.deb

sudo dpkg -i teamviewer* && sudo apt-get install -f

ဆိုတဲ့ Commend တွေကို Terminal မှာတစ်ကြောင်းချင်းစီရိုက်ထည့်ပြီး ထည့်သွင်းရမှာဖြစ်ပါတယ်။

64 Bit Version မှာထည့်သွင်းမယ့် သူတွေအတွက်ကတော့ အောက်ဖော်ပြပါ Command တွေကိုအသုံးပြုရမှာဖြစ်ပါတယ်။ အသုံးပြုရမယ့် Command တွေကတော့

wget http://www.teamviewer.com/download/version_8x/teamviewer_linux_x64.deb

wget http://www.teamviewer.com/download/teamviewer_linux_x64.deb

sudo dpkg -i teamviewer* && sudo apt-get install –f

ဆိုတဲ့ Command ကို ထည့်သွင်းအသုံးပြုရမှာ ဖြစ်ပါတယ်။

Android OS အသုံးပြုထားတဲ့ Device ဒါမှမဟုတ် iOS အသုံးပြုထားတဲ့ Device တွေကနေ Remote ပြုလုပ်ဖို့အတွက်ကတော့ TeamViewer ကို ထည့်သွင်းဖို့အတွက် သက်ဆိုင်ရာ Market တွေနဲ့ Store တွေကနေ Download ပြုလုပ်ပြီး ထည့်သွင်းရမှာ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အဆင့်တွေကိုပြီးသွားပြီဆိုရင် Tablet တွေ Phone တွေပေါ်ကနေ Ubuntu OS အသုံးပြုထားတဲ့ သင့်ကွန်ပျူတာကို Remote ပြုလုပ်နိုင်ပြီ ဖြစ်ပါတယ်။

## Ubuntu *Q&A*

**တွန်တော်အသုံးပြုနေတဲ့ Ubuntu OS မှာ Guest Account တို ဖျောက်ထားချင်ပါတယ်။ Login ဝင်တဲ့နေရာမှာ Guest Account တို မပေါ်အောင်ဘယ်လိုပြုလုပ်ရမယ်ဆိုတာ ဖော်ပြပေးစေလိုပါတယ်။**

Ubuntu OS ပေါ်မှာ Guest Account ကို Disable ပြုလုပ်မယ်ဆိုရင် Ctrl+Alt+T နဲ့ Terminal ကိုဖွင့်ရမှာဖြစ်ပါတယ်။ Terminal ကိုရောက်ပြီဆိုရင် Root Access ရရှိဖို့အတွက် sudo su ဆိုတဲ့ Command ကိုအသုံးပြုရပါမယ်။ ဒါဆိုရင်သင့်ကွန်ပျူတာထဲကိုဝင်တဲ့ Login မှာအသုံးပြုတဲ့ Password ကိုရိုက်ထည့်ပေးလိုက်တာနဲ့ သင်ဟာ Root Access ကိုရရှိပြီဖြစ်ပါတယ်။ LightDM ဆိုတဲ့ ဖိုဒါကို ညွှန်ပြဖို့အတွက် cd /etc/lihttdm/ ဆိုတဲ့ Command ကိုအသုံးပြုရပါမယ်။ Linghtdm ဆိုတဲ့ဖိုင်မှာ Configuration ပြုလုပ်မှာဖြစ်တဲ့အတွက် ပထမဦးဆုံး မူရင်းဖိုင်ကို Copy ကူးထားတဲ့အဆင့်ဖြစ်ပါတယ်။ Copy ကူးဖို့အတွက်ကတော့ ယခုဖော်ပြပေးထားတဲ့ Command ကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသုံးပြုရမယ့် Command ကတော့ cp./lightdm.conf./lightdm.conf.original ဆိုတဲ့ Command ပဲဖြစ်ပါတယ်။ Copy ပြုလုပ်ပြီးသွားပြီဆိုရင် gedit ကနေ Lightdm Configuration ဖိုင်ကိုပြင်ဆင်မှာဖြစ်တဲ့အတွက် ယခုဖော်ပြပါ Command ကိုအသုံးပြုပြီး gedit./lightdm.conf ဖွင့်ရမှာဖြစ်ပါတယ်။ ဒါဆိုရင် Lightdm.conf ဖိုင်ကိုတွေ့မြင်ရမှာဖြစ်ပြီး အဲဒီအထဲမှာမှ allow-guest=false ဆိုတဲ့စာကိုရိုက်ထည့်ရမှာဖြစ်ပါတယ်။ ပြီးသွားပြီဆိုရင်တော့ Save လုပ်ပြီး Restart ပြုလုပ်လိုက်တာနဲ့ သင့်ကွန်ပျူတာရဲ့ Login အဝင်နေရာမှာ Guest Acount ကိုတွေ့မြင်ရတော့မှာမဟုတ်ပါဘူး။ Restart ကို Terminal ထဲကနေ အလွယ်တကူနဲ့အလျင်အမြန်ချဖို့အတွက် Root access အောက်မှာဆိုရင်တော့ shutdown-r now ဆိုတဲ့ Command ကိုအသုံးပြုပြီး Root Access မဟုတ်ဘဲ User အောက်မှာရှိတယ်ဆိုရင်တော့ sudo ခံပြီးအသုံးပြုနိုင်ပါတယ်။




**Ubuntu Corner ကဏ္ဍကို အင်တာနက်ဂျာနယ်နှင့် Ubuntu Myanmar LoCo Team မှ ပူးပေါင်းတင်ဆက်သည်။**

**Ubuntu နှင့် ပတ်သက်သည့် မေးခွန်းများကို သိရှိလိုပါက ubuntuconer@gmail.com သို့ ဝိုင်တူးနေနောက်ဆုံးထား၍ မေးခွန်းများပေးပို့နိုင်သည်။**

GUIDE

# Facebook Search Histroy များကို ဖယ်ရှားခြင်း

-သီဟ

Facebook အသုံးပြုသူတွေအနေနဲ့ Facebook ရဲ့ Search Box မှာအရင်က ရှာဖွေခဲ့ဖူးတဲ့ Keyword တွေဟာ ကိုယ် Facebook Search Box ကိုအသုံးပြုပြီးအကြောင်းအရာတစ်ခုခုကို ရှာဖွေမယ့် အခါမှာ Keyword တစ်လုံးရိုက်ထည့်လိုက်တာနဲ့ ပြန်လည်ပြသနေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး Search History တွေကိုပြန်လည်မပြသချင်ဘူးဆိုရင် အလွယ်တကူနဲ့ History တွေကို ဖယ်ရှားရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။

Facebook ပေါ်က Search History တွေကိုဖယ်ရှားရှင်းလင်းဖို့အတွက် ကိုယ့်ရဲ့ Account ကို Log In အရင်ဝင်ထားရပါမယ်။ နောက်တစ်ဆင့်ကတော့ Search History တွေကိုဖယ်ရှားဖို့အတွက် Facebook ရဲ့ညာဘက်ထောင့်အပေါ်ဘက်နားမှာရှိတဲ့ Settings ကိုကလစ်နှိပ်လိုက်ပါ။ ပြီးသွားရင် Activity Log ဆိုတာကိုရွေးချယ်ပေးရမှာဖြစ်ပါတယ်။ Activity Log ကို ရွေးချယ်လိုက်ရင် ကိုယ် Like လုပ်ခဲ့တာတွေ၊ Command ပေးခဲ့တာတွေ၊ Share လုပ်ခဲ့တဲ့ Post တွေ ခုနှစ်နဲ့လနဲ့အလိုက်မှာတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာတွေ့မြင်ရတာတွေကတော့ Facebook ပေါ်မှာ ကိုယ်လုပ်ဆောင်ခဲ့တာတွေကို စစ်ဆေးကြည့်ရှုနိုင်တဲ့နေရာ ဖြစ်ပါတယ်။




Search History တွေကိုဖယ်ရှားရှင်းလင်းမယ်ဆိုရင်တော့ဘယ်ဘက်ထောင့်အပေါ်မှာရှိတဲ့ Activity Log ဆိုတာရဲ့ အောက်ဘက်မှာ Menu Bar တစ်ခုကို တွေ့ရမှာ ဖြစ်ပါတယ်။ Menu Bar မှာ သက်ဆိုင်ရာတွေကို ရွေးချယ်ပြီးစစ်ဆေးကြည့်နိုင်မှာ ဖြစ်ပါတယ်။ Search History တွေကို ဖယ်ရှားရှင်းလင်းဖို့အတွက်ကတော့ Meu Bar ရဲ့အောက်ခြေနားမှာ More ဆိုတာကို ရွေးချယ်လိုက်ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် Menu Bar ရဲ့ အောက်ခြေနားမှာ Search ဆိုတာလေးကိုတွေ့ရမှာဖြစ်ပါတယ်။ အဲဒီ Search လေးကို ထပ်ပြီးရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။

ဒါဆိုရင် ကိုယ်ရှာဖွေထားတဲ့ Keyword တွေနဲ့ Search History တွေကို တွေ့ရမှာ ဖြစ်ပါတယ်။ Search Histroy တွေ အားလုံးကို ဖျက်ပစ်ချင်တယ်ဆိုရင်တော့ ညာဘက်ထောင့်နားလေးမှာရှိတဲ့ Clear Searchs ဆိုတာကို ရွေးချယ်ပြီး ဖျက်ပစ်နိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ အကုန်လုံးကို မဖျက်ဘဲရွေးချယ်ပြီးဖျက်ချင်တယ်ဆိုရင် ကိုယ်ဖျက်ချင်တဲ့အပိုင်းတွေကိုရွေးချယ်ပြီး Remove ပြုလုပ်ပေးလိုက်တယ်ဆိုရင် Search History ကနေ ပယ်ဖျက်ပေးသွားမှာဖြစ်ပါတယ်။



# ICT4M FORUM

ခေါင်မြင်သောအီလက်ထရွန်နစ်စနစ်ဖြစ်ထွန်းနိုင်ရေးနှင့် အိုင်စီတီအသုံးချမှုမြှင့်တင်ရေးမူဝါဒများချမှတ်နိုင်ရေး



အင်္ဂါနေ့ ၁၈ မတ်လ ၂၀၁၄
နံနက် ၉း၀၀ မှ ညနေ ၅း၀၀ အထိ
မြန်မာအိုင်စီတီပတ်ခ်၊ ရန်ကုန်မြို့

**ပူးပေါင်းပါဝင်သောအဖွဲ့အစည်းများ**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှကြီးမှူး၍ အစိုးရအဖွဲ့အရာရှိများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများပါဝင်ဆွေးနွေးကြမည်။

**တက်ရောက်နိုင်မည့်သူများ**

- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအကြံပြုလိုသူများ
- e-Government နှင့်ပတ်သက်၍အတွေ့အကြုံရှိသူများ၊ အသင်းအဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများ
- ICT ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်တစားဆောင်ရွက်လိုသူများ
- ICT For Myanamar ကိုစိတ်ပါဝင်စားသူများ

Organized by

MCPA MCF MCIA

Main Sponsors

Myanmar ICT Development Corporation Limited

MTI

Media Partner

INTERNET Journal

ICT ဆိုင်ရာအမျိုးသားအဆင့်ဖိုရမ်ဖြစ်၍ လူတိုင်းလက်လွတ်မခံသင့်သောပွဲဖြစ်သည်။

မြင့်မားသောအရည်အသွေးကို တန်ဖိုးထားသော လူကြီးမင်းများအတွက်
ယုံကြည်စိတ်ချသောဝန်ဆောင်မှုကို ပေးစွမ်းနိုင်တာ

# GAT
**Green Apple Technology**
**Computer Services Centre**

## သကြ်န်အကြိုအထူးအစီအစဉ်

နေ့လည်၁နာရီမှ ၂နာရီထိ လက်ခမဲ့ဝန်ဆောင်မှု
ပထမဆုံးပြင်ဆင်သူ ၅ဦးအတွက်သာ

**Hardware** လေ့လာချင်သူများအတွက် **GAT Service Centre** တွင် လာရောက်ဆွေးနွေးလေ့လာနိုင်ပါသည်။



**ဝန်ဆောင်မှုများ . . . . .**

၁။ No power, Spare Part များကိုလဲပေးခြင်း၊ Laptop Upgrade လုပ်ပေးခြင်း၊ ရှော့ဖြစ်ခြင်း၊ရေဝင်ခြင်း၊ပါဝါဖွင့်လျှင်အသံမြည်ခြင်း၊ Screen အစင်းထခြင်း၊ Fan Error, WiFiမရခြင်း၊ အသံမထွက်၊ အသုံးပြုနေစဉ် စက်ပြန်ကျသွားခြင်း၊ Screen အပြာဖြစ်ခြင်း၊ USB အလုပ်မလုပ်ခြင်း၊ Detect မသိခြင်း အစရှိသည်. . . .

၂။ အထူးပြုပြင်ပေးသော Brand များ - Apple MACBOOK PRO AIR IMAC IPAD

၃။ ပစ္စည်း Order များကိုလည်းဈေးနှုန်းသက်သာစွာမှာယူပေးနေပါသည်။

လူကြီးမင်းတို့၏ **Desktop,Laptop,Tablet Brand** မျိုးစုံကိုအချိန်တိုအတွင်းပြုပြင်ပေးနိုင်သော **GAT Service Centre** သည် **Service(၁၀)**နှစ်နှင့်အထက်ရှိသောဝါရင့်ပညာရှင်များက 90% အကောင်းဆုံးဖြစ်အောင် တာဝန်ယူပြုပြင်ပေးနေပါတယ်။နယ်မှ**Customer**များအတွက်လည်း ကားဂိတ်အရောက်ဝန်ဆောင်မှုပေးနေပြီး မြန်မာပြည်တွင်ပထမဦးဆုံး **Service** သင်တန်း၊ **Chipset / Graphic Chip /North Bridge/ South Bridge** များကိုလဲပေး/ အစားထိုးပေးနိုင်တာ **GAT Service Centre**

**GAT** Computer & Electronic Services Centre အမှတ်(၁၇၅)ဆိပ်ကမ်းသာလမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎☎☎ - ၀၉ ၄၃၀ ၉၈၈၉၈

Internet Journal
Vol.15, No.11 | Thursday, March 13, 2014

## ဒီတစ်ပတ်မှာတော့ Prolink အမှတ်တံဆိပ်ပစ္စည်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

### *ProLink Wireless Router (WNR 2001/PNR2001)*




Wireless Signal ကို ပြန်လည်မြှင့်တင်ပေးသော Universal Repeater ပါဝင်သည့် Wireless Router ဖြစ်ပါတယ်။ Wireless က IEEE 892.11 b/g/n (2.4GHz) အမျိုးအစား ဖြစ်ပါတယ်။ Wireless ကို မီတာ ၃၀ အတွင်း ဖြန့်ကြက်ပေးမှာဖြစ်ပါတယ်။

### *Super Fast Charger UPS*




၂ နာရီမှ ၄ နာရီအတွင်း အားသွင်းရုံဖြင့် ၉၀ ရာခိုင်နှုန်း အထိအား ပြန်လည်ပြည့်ဝနိုင်သော Super fast charger UPS အမျိုးအစား ဖြစ်ပါတယ်။ Capacity က 650VA ဖြစ်ပါတယ်။ ဆူညံသံကို 40db အထိ လျှော့ချပေးမှာဖြစ်ပါတယ်။

### *ProLink Mobile Router PRT7005L*




4G Mobile Router အမျိုးအစား ဖြစ်ပါတယ်။ အင်တာနက်ကို ၁၀ ယောက်အထိအသုံးပြုနိုင်မည့်အပြင် Wireless Signal ကို ပြန်လည်မြှင့်တင်ပေးသည့် Repeater Function ပါဝင်ပါတယ်။ LCD display ပါဝင်ပြီး အဆိုပါ Display တွင် Battery ကျန်ရှိသည့်ပမာဏ၊ Wi-Fi Signal နှင့် 3G/4G Signal အားကောင်းမကောင်း စတာတွေကိုပြသပေးမှာဖြစ်ပါတယ်။ ProLink Mobile Router မှာ 23,00 mAH ဘက်ထရီ Built in ပါဝင်ပါတယ်။

### *ProLink 4 Ports USB Hub (PUH301-USB 3.0)*




Device လေးခုလုံးကိုတစ်ပြိုင်နက်ချိတ်ဆက်အသုံးပြုနိုင်သော USB 3.0 Port လေးခုပါဝင်တဲ့ USB 3.0 HUB ဖြစ်ပါတယ်။ Data Transfer Rate ကို 5Gbps ဖြင့် ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ Windows, Mac OS, Linux စတာတွေမှာ အဆင်ပြေပြေ ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။

### *ProLink 4 Ports USB Hub (PUH302-USB 3.0)*




Device လေးခုလုံးကိုတစ်ပြိုင်နက်ချိတ်ဆက်အသုံးပြုနိုင်သော USB 3.0 Port လေးခုပါဝင်တဲ့ USB 3.0 HUB ဖြစ်ပါတယ်။ Data Transfer Rate ကို 5Gbps ဖြင့် ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ Windows, Mac OS, Linux စတာတွေမှာ အဆင်ပြေပြေ ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။

### *ProLink PHS600 3G GSM Modem*




အင်တာနက်ချိတ်ဆက်ထားသော GSM ဖုန်းကတ်ထည့်သွင်းကာ ကွန်ပျူတာဖြင့် ချိတ်ဆက်ပြီး အင်တာနက်အသုံးပြုနိုင်မယ့် GSM Modem ဖြစ်ပါတယ်။ Plug & Play အမျိုးအစားဖြစ်ပါတယ်။ Windows XP, Vista,7,8 ,Mac နှင့် Linux စတာတွေမှာ အဆင်ပြေပြေချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

### *Wireless Router PRN3001*




5dBi အင်တာနာတိုင်နှစ်ချောင်းပါဝင်သော Wireless Router ဖြစ်ပါတယ်။ Wireless Signal ကိုပြန်လည်မြှင့်တင်ပေးတဲ့ Universal Repeater ပါဝင်ပါတယ်။ Power အတွက် Adapter ချိတ်ဆက်အသုံးပြုရမှာဖြစ်ပါတယ်။

### *ProLink IPS Inverter 1000VA/2000VA*




ဘက်ထရီဖြင့် တွဲဖက်အသုံးပြုနိုင်မယ့် ProLink အမှတ်တံဆိပ် အင်ဗာတာဖြစ်ပါတယ်။ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းဖွင့်ပြီး အသုံးပြုနိုင်တဲ့ IPS Inverter ဖြစ်ပါတယ်။

### *ProLink PLE 901 4GGSM Modem*




4G GSM Modem အမျိုးအစား ဖြစ်ပါတယ်။ SMS နှင့် Data များကို သိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ Data အထုတ်အသွင်း လုပ်နိုင်သော Micro SD Card Slot ပါဝင်ပါတယ်။ Plug & Play အသုံးပြုနိုင်ပါတယ်။

ဝယ်ယူချင်တယ်ဆိုရင်တော့ **KMD** ဖုန်း-၂၄၁၁၉၆၊ ၇၈၅၁၁၇ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။



## Telenor Myanmar ရန်ကုန်မြို့ ရုံးချုပ်ဖွင့်ပွဲ အခမ်းအနား

Telenor Myanmar ရန်ကုန်မြို့ ရုံးချုပ်ဖွင့်ပွဲအခမ်းအနားကိုတော့ မတ်လ ၂ရက်က ရုံးချုပ်သစ်တည်ရှိရာအမှတ် ၄၃ ဝကျမှ ၁ လမ်း ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။



Telenor ၏ တာဝန်ရှိလူကြီးမင်းများက ရုံးချုပ်သစ်အား ဖွင့်လှစ်ပေးနေစဉ်

## အွန်လိုင်းအိမ်ခြံမြေ ဝန်ဆောင်မှု ဝက်ဘ်ဆိုက်စာနယ်ဇင်းမိတ်ဆက်ပွဲ

မြန်မာ့အကြီးဆုံး အွန်လိုင်း အိမ်ခြံမြေဝန်ဆောင်မှု ဝက်ဘ်ဆိုက်ဖြစ်သော house.com.mm နှင့် ပတ်သက်ပြီး စာနယ်ဇင်းတွေ့ဆုံမိတ်ဆက်ပွဲ အခမ်းအနားကိုတော့ မတ်လ ၇ ရက်က လမ်း ၅၀ ဘားမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။



## "I AM TAGU PROMOTION" စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား

"I AM TAGU PROMOTION" စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကိုတော့ Special Style Photo & Electronics, Nikon Authorized Distributor for Myanmar ကကြီးမှူး၍ မတ်လ ၅ ရက်က မြန်မာနိုင်ငံစာတိုက်ပုံအသင်းခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။




## STEM အသုံးချနည်းပညာ သရုပ်ပြဟောပြောပွဲ

သိပ္ပံ နည်းပညာ၊ စက်မှုပညာနှင့် သင်္ချာဘာသာရပ် များကိုပေါင်းစပ်ထားသည့် STEM အသုံး ချမှုနည်းပညာ သရုပ်ပြဟောပြောပွဲကိုတော့ Fun & Learn Centre က ကြီးမှူး၍ မတ်လ ၈ ရက် ကပြည်လမ်း မေပါရှိ စာတတ်မြောက်ရေး နေခန်းမ (MLRC) ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။



## The 12th ICT Exhibition (Mandalay)

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ကြီးမှူးပြီး ၁၂ ကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲတော်(မန္တလေး) ဖွင့်ပွဲ အခမ်းအနားကိုတော့မတ်လ ၇ရက်နေ့က မန္တလေးမြို့တော်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။




အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ်

## Apps Expo 2014

ဒုတိယအကြိမ်မြောက် Apps Expo 2014 ကိုတော့ မတ်လ ၈ ရက်မှ ၉ ရက်များတွင် MICT Park မှာကျင်းပပြုလုပ်ခဲ့ပါတယ်။



ဒိုမြန်မာ ပြခန်းအား တွေ့မြင်ရစဉ်



Internet Journal
Vol.15, No.11 | Thursday, March 13, 2014

TECH

# မောင်းသူမဲ့ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီကိုဝယ်ယူရန် Facebook စီစဉ်နေဟုဆို



နာမည်ကျော် လူမှုရေးကွန်ရက်ဖြစ်သည့် Facebook သည် မောင်းသူမဲ့ယာဉ်ထုတ်လုပ်သည့် Titan Aerospace ကိုအမေရိကန်ဒေါ်လာ သန်း ၆၀ ဖြင့်ဝယ်ယူကာ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်အသုံးပြုမှုကျယ်ပြန့်စေရန်အတွက် အဆိုပါ ယာဉ်များကို အသုံးပြုရန် စီစဉ်နေကြောင်း TechCrunch နှင့် CNBC သတင်းဌာနများကဖော်ပြခဲ့သည်။

Instagram နှင့် WhatsApp ကဲ့သို့သော လူသုံးကုန် နည်းပညာကုမ္ပဏီများနှင့် app များကိုဝယ်ယူရာတွင် အဓိကပစ်မှတ်ထားလျက်ရှိသည့် Facebook အနေဖြင့် မောင်းသူမဲ့ယာဉ်ကုမ္ပဏီတစ်ခုကို ဝယ်ယူမည့် သတင်းမှာအလွန်ထူးခြားလှသည်။ သို့သော်လည်း Facebook အမှုဆောင်အရာရှိချုပ် Mark Zuckerberg ကကမ္ဘာတစ်ဝန်းအင်တာနက်အသုံးပြုနိုင်ရန် ရည်မှန်းထားသည့် ၎င်း၏စိတ်ကူးကိုပြီးခဲ့သည့်နှစ်က ထုတ်ဖော်ပြောကြားခဲ့သောကြောင့် အထက်ပါအစီအစဉ်မှာ ဖြစ်နိုင်ဖွယ်အနေအထားတွင်ရှိနေသည်။

Titan Aerospace ၏နေရောင်ခြည်စွမ်းအင်သုံးမောင်းသူမဲ့ယာဉ်များသည် တစ်ကြိမ်လျှင်လေထဲ၌ ၅ နှစ်ကြာထားရှိနိုင်သည်။ ထို့အပြင် ၎င်းယာဉ်များကို ဆက်သွယ်ရေးကြားခံထုတ်ကုန်အနေဖြင့် အသုံးပြုနိုင်ပြီး မောင်းသူမဲ့ယာဉ်တစ်စင်းလျှင် မြေပြင်ကိုတာဝါတစ်ရာကျော်အကွာအဝေးနှင့် ညီမျှသည့်အသံနှင့်အချက်အလက်ကွန်ရက်တစ်ခုဖန်တီးပေးနိုင်ကြောင်း Titan Aerospace မှပြောကြားခဲ့သည်။ အဆိုပါမောင်းသူမဲ့ယာဉ်များကို Facebook က အာဖရိကတွင် စတင်အသုံးပြုရန် စိတ်ဝင်စားလျက်ရှိသည်။

Google ကုမ္ပဏီသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင်အင်တာနက် ထောက်ပံ့ပေးရန်အတွက် အလားတူအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဟုကြေညာထားသည်။ သို့သော်လည်း Google ကမောင်းသူမဲ့ယာဉ်များအစား အရွယ်ကြီးမားသည့် ဘောလုံးများကိုအသုံးပြုဖွယ်ရှိကြောင်းသိရသည်။

-နောင်နောင်

Ref: TheVerge

TECH

# DirectX 12 ကိုယခုလကုန်ပိုင်းတွင် Microsoft ပွဲထုတ်မိတ်ဆက်မည်

မတ်လ ၂၀ ရက်တွင် ဆန်ဖရန်စစ္စကိုမြို့၌ကျင်းပပြုလုပ်မည့် Game Developers Conference (GDC 2014) တွင် DirectX ဗားရှင်းသစ်ကိုမိတ်ဆက်ပြသမည်ဖြစ်ကြောင်း Microsoft ကကြေညာခဲ့သည်။ အသစ်ထွက်ပေါ်လာမည့် DirectX 12 သည်နောက်ဆုံးပေါ် API များကိုစုစည်းထားပြီး Microsoft platform များပေါ်မှ ဗီဒီယိုဂိမ်းနှင့် multimedia လုပ်ငန်းစဉ်များကို ကိုင်တွယ်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြုလုပ်ထားကြောင်းသိရသည်။

Microsoft ၏ DirectX စာမျက်နှာတွင် AMD, Nvidia နှင့် Qualcomm တို့၏အမှတ်တံဆိပ်များကိုဖော်ပြထားသောကြောင့် အဆိုပါဂရပ်ဖစ်နှင့် ချစ်ပ်ကုမ္ပဏီများက API collection များကိုနောက်ကွယ်မှထောက်ပံ့ပေးသည်ဟု ယူဆရဖွယ်ရှိသည်။ အချက်အလက်အသေးစိတ်ကို GDC 2014 တွင် Microsoft မှ Anuj Gosalia ဆိုသူက DirectX: Evolving Microsoft's Graphic Platform ခေါင်းစဉ်ဖြင့် စီစဉ်တင်ဆက်မည်ဟုသိရသည်။

Microsoft သည် DirectX နောက်ဆုံးဗားရှင်းကို ၂၀၀၉ ခုနှစ်အောက်တိုဘာလက Windows 7 နှင့်အတူ ဖြန့်ချိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် Microsoft သည် DirectX ဗားရှင်းသစ်များကို operating system သစ်များနှင့်အတူဖြန့်ချိသည့်အစဉ်အလာရှိသောကြောင့် DirectX12 ကို Windows ဗားရှင်းအသစ်နှင့်အတူမိတ်ဆက်ပေးဖွယ်ရှိသည်။ သို့သော် Microsoft အနေဖြင့် Windows 9 ကို ၂၀၁၅ ခုနှစ်မှသာဖြန့်ချိဖွယ်ရှိသည်။

-နောင်နောင်

Ref: TheVerge

SERVICE

# ဓာတ်ပုံများကို အခမဲ့အသုံးပြုနိုင်ရန် Getty Images စီစဉ်

ကမ္ဘာ့အကြီးဆုံး ဓာတ်ပုံဝန်ဆောင်မှုဖြစ်သည့် Getty Images သည် ၎င်း၏ ဓာတ်ပုံများတွင်ပါဝင်သော ရေစာကိုဖြုတ်ချရန်စီစဉ်နေပြီး open-embed ကြောင့်အသုံးပြုသူများအနေဖြင့် Getty Images ပေါ်မှ မည်သည့်ဓာတ်ပုံကိုမဆို ၎င်းတို့၏ blog များနှင့် social media များပေါ်တွင်ဝေမျှနိုင်မည်ဟုသိရသည်။ အဆိုပါဝန်ဆောင်မှုသည် credit ပြုလုပ်သူနှင့်အတူ ဓာတ်ပုံအောက်ခြေတွင် ပူးတွဲဖော်ပြပေးပြီး လိုင်စင်ရယူထားသောစာမျက်နှာဖြင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် ကုမ္ပဏီအတွက်အန္တရာယ်ရှိပြီး ဗားရှင်းသစ်များ screenshot ရိုက်ကူးရလွယ်သောကြောင့် လိုင်စင်မရှိသည့်ဗားရှင်းများဖြင့်ရင်ဆိုင်ရဖွယ်ရှိသည်။ Getty Images ၏စီမံခန့်ခွဲရေးအမှုဆောင် Craig Peters ကယခုအခါ Getty image ကိုရယူလိုပါက ရိုးရှင်းသောရေစာမပါသည့်ဓာတ်ပုံကိုရှာဖွေနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ customer ဆိုက်များထဲမှတစ်ခုသို့သွားရောက်၍ right click နှိပ်သကဲ့သို့ပင်ဖြစ်ကြောင်း၊ သို့မဟုတ် Google Image search နှင့် Bing Image search သို့သွားရောက်ရယူနိုင်မည်ဖြစ်ကြောင်း မိမိတို့သည်နေရာတိုင်းတွင်ရှိနေကြောင်း ပြောဆိုခဲ့သည်။

ယခုအစီအစဉ်သည် social ဝက်ဘ်ဆိုက်များပေါ်တွင် တိုက်ရိုက်ဝေမျှခြင်းကဲ့သို့ဖြစ်ပြီး embed-code များနှင့်ရင်းနှီးသော WordPress နှင့်အတူ Twitter နှင့် Tumblr ပေါ်တွင်ဝေမျှခြင်းကဲ့သို့မျိုးဖြစ်သည်။ Peters က Web publisher များတွင်တရားဝင်အခမဲ့အသုံးပြုနိုင်သည့်ဓာတ်ပုံများကိုအသုံးပြုလာပါက Getty နှင့်ဓာတ်ပုံဆရာများအတွက် အမြတ်အစွန်းများရရှိနိုင်ဖွယ်ရှိကြောင်းပြောကြားခဲ့သည်။

-ရိုးထက်

Ref: TheVerge

WEB

# အော်စကာဆုရ 12 Years a Slave ရုပ်ရှင်ဇာတ်ကားကိုတရားမဝင် download ပြုလုပ်မှုသုံးဆမြင့်တက်

တနင်္ဂနွေနေ့ကကျင်းပခဲ့သည့် အကယ်ဒမီဆုပေးပွဲတွင် အော်စကာဆုများရရှိခဲ့သည့် 12 Years a Slave ရုပ်ရှင်ဇာတ်ကားကို တရားမဝင် download ပြုလုပ်သူအရေအတွက် သုံးဆခန့်မြင့်တက်လာကြောင်း TorrentFreak မှဖော်ပြချက်အရသိရသည်။

တနင်္လာနေ့တွင် အဆိုပါရုပ်ရှင်ဇာတ်ကားကို download ပြုလုပ်သည့်အရေအတွက်သည် ၁၀၀,၀၀၀ ကျော်ခဲ့ပြီး ၎င်း download များကို BitTorrents မှတစ်ဆင့်ဝေမျှခဲ့ကြောင်း TorrentFreak မှဆိုခဲ့သည်။

ထို့အပြင်အော်စကာ ၇ ဆုရရှိခဲ့သည့် Gravity ရုပ်ရှင်ဇာတ်ကားကို download ပြုလုပ်မှုပမာဏမှာလည်း နှစ်ဆခန့်မြင့်တက်လာခဲ့ကြောင်း သိရသည်။

-နောင်နောင်

Ref: CNET




Internet Journal
Vol.15, No.11 | Thursday, March 13, 2014

MOBILE APP

# ယခင်ထက်ပိုမိုလျင်မြန်လာသည့် Gmail app ကို iOS အတွက်ဖြန့်ချိ




Google သည် ၎င်း၏ iOS အတွက် Gmail app ကိုဆန်းသစ်သောနောက်ခံတို့ဖြင့် update ပြုလုပ်ခဲ့ပြီး အလိုအလျောက်ဝင်လာသည့် mail များကိုဖော်ပြပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်notification အသစ်တစ်ခုတက်လာပါက Gmail inbox ထဲက message အတွက် badge, alert သို့မဟုတ်banner အဖြစ်ဖော်ပြပေးမည်ဖြစ်သည်။ အီးမေးလ်ကိုမဖော်ပြခင်အတွင်းသို့ဝင်ရောက်ကြည့်ရှုရန် Google ၏ multi-coloredစက်ဝိုင်းကိုစောင့်ဆိုင်းရန်မလိုအပ်တော့ပေ။ Google သည် ပြီးခဲ့သည့်နိုဝင်ဘာလတွင် Apple ၏ဆန်းသစ်ထားသော နောက်ခံ interface ကိုထောက်ပံ့မှုပြုလုပ်ချိန်တွင် iPhone နှင့် iPad အသုံးပြုသူများသည် အဆိုပါ feature ကိုအသုံးပြု၍မရကြောင်းတွေ့ရှိရသည်။ ယခုအခါ iOS 7 ပေါ်တွင် ၎င်း feature ကိုအသုံးပြုနိုင်ပြီး ဆန်းသစ်ထားသော နောက်ခံနှင့် notification များကိုဖွင့်ထားနိုင်ပြီဖြစ်သည်။ ထို့ပြင် Google ကရိုးရှင်းသည့် sign-in လုပ်ငန်းစဉ်ကိုထည့်သွင်းထားပြီး Gmail account ကိုပထမဆုံးအကြိမ်sign in ပြုလုပ်လျှင် Google Maps, Drive, YouTube နှင့် Chrome တို့တွင်လည်း အလိုအလျောက် sign in ဖြစ်သွားမည်ဖြစ်သည်။

-စိုးထက်

Ref: Thenextweb

SERVICE

# Yahoo ဝန်ဆောင်မှုများတွင် Facebook နှင့် Google ID အသုံးပြုမှုရပ်ဆိုင်းမည်

Yahoo Inc ကရင်းတို့၏ အမျိုးမျိုးသောဝန်ဆောင်မှုများဖြစ်သော Fantasy Sports နှင့်ဓာတ်ပုံ sharing Flickr တို့တွင်အသုံးပြုသူများ Facebook (သို့မဟုတ်) Google account များဖြင့်singin ပြုလုပ်ခြင်းကိုခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။

အဆိုပါပြောင်းလဲမှုကြောင့် Yahoo ၏ဝန်ဆောင်မှုများကိုအသုံးပြုရန် Yahoo ID အား register ပြုလုပ်ထားရန်လိုအပ်လာပြီဖြစ်ကြောင်း Yahoo ၏ပြောရေးဆိုခွင့်ရှိသူကပြောခဲ့သည်။ Yahoo ကိုနောက်ဆုံးပြုလုပ်ထားသည့်ပြောင်းလဲမှုကို ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ် Marissa Mayer ကပြုလုပ်ခဲ့ပြီး ကုမ္ပဏီကိုအမြတ်အစွန်းများပြန်လည်ရရှိရန်နှင့်Web ထုတ်ကုန်များကိုပြန်လည်စိတ်ဝင်စားမှုရရှိစေရန်ကြိုးပမ်းနေသူဖြစ်သည်။

Yahoo ကုမ္ပဏီကို ၂၀၁၂ ခုနှစ်တွင်Mayer စတင်တာဝန်ယူချိန်မှစတင်၍ ကုမ္ပဏီသည်Yahoo Mail နှင့် Yahoo Finance အပါအဝင်အခြားဝန်ဆောင်မှုများကို တားရှင်းသစ်အဖြစ်ပြောင်းလဲနေပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က Yahoo ကအသုံးမပြုသည့် Yahoo user ID များကို recycle လုပ်မည့်အစီအစဉ်ကိုကြေညာခဲ့ပြီး ၁၂ လကြာအသုံးမပြုသည့် အီးမေးလ်account များကိုသုံးစွဲသူအသစ်များအသုံးပြုခွင့်ရမည်ဖြစ်သည်။

-စိုးထက်

Ref: Reuters

NEWS IN BRIEF

➧ နာမည်ကျော်လူမှုရေးကွန်ရက် Facebook သည် ၎င်းတို့၏ လူမှုရေးကွန်ရက်ပေါ်တွင် တရားမဝင်သေနတ်ရောင်းချသည့် post များကို နောက်ထပ်အကြောင်းအရင်းအားမစစ်ဆေးဘဲ ဖယ်ရှားသွားရန် သဘောတူညီခဲ့ကြောင်းသိရသည်။ အဆိုပါပေါ်လစီကို ကုမ္ပဏီ၏ ဓာတ်ပုံဝေမျှသည့်ကွန်ရက်ဖြစ်သော Instagram တွင်လည်းအသုံးပြုသွားမည်ဟု Facebook မှပြောကြားခဲ့သည်။ ကုမ္ပဏီအနေဖြင့် ဥပဒေကိုချိုးဖောက်သည့် post များနှင့် ဥပဒေချိုးဖောက်ရန်အားပေးတူညီသည့် post များကိုဖယ်ရှားသွားမည်ဖြစ်ကြောင်း ဥပမာအနေဖြင့် report လုပ်ခံရသည့် post များကိုဖယ်ရှားရာတွင် ရောင်းချသူနှင့်ဝယ်ယူသူတို့၏နောက်ခံအကြောင်းအရင်းအား စစ်ဆေးခြင်းမရှိဘဲဖယ်ရှားသွားမည်ဖြစ်ကြောင်း Facebook ၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

➧ Disney ကုမ္ပဏီသည် ၎င်း၏ဂိမ်းနှင့် အင်တာနက်ဌာနမှ ဝန်ထမ်း ၇၀၀ ကိုလျှော့ချသွားမည်ဟုကြေညာခဲ့ကြောင်း Associated Press မှဖော်ပြခဲ့သည်။ ထိုကဲ့သို့ဝန်ထမ်းလျှော့ချခြင်းနှင့်အတူ Sorority Life နှင့် Tap Tap Revenge ကဲ့သို့သောဂိမ်းများကိုလည်း ဆက်လက်ထုတ်လုပ်တော့မည်မဟုတ်ကြောင်း Disney မှကြေညာခဲ့သည်။ ယခုကဲ့သို့ ကုမ္ပဏီတို့ပြန်လည်ဖွဲ့စည်းခြင်းသည်ခက်ခဲသော်လည်း အမြတ်ငွေနှင့် တီထွင်ဆန်းသစ်မှုကို အာရုံစိုက်ထားသည့် ရေရှည်စီမံကိန်းအတွက် လိုအပ်သည့်အချက်ဖြစ်ကြောင်း Disney က AP ထံပြောကြားခဲ့သည်။

➧ Sony ကုမ္ပဏီသည် တိုကျိုမြို့ရှိ ဌာနချုပ်တောင်ကို အမေရိကန်ဒေါ်လာ ၁၄၆.၅ သန်းဖြင့်ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း Wall Street Journal မှဖော်ပြခဲ့သည်။ အဆိုပါဌာနချုပ်သည် တိုကျိုမြို့လယ်တွင်တည်ရှိပြီး ၁၉၉၀ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ Sony ၏ဌာနချုပ်အဖြစ်တည်ရှိခဲ့သည်။ ၎င်းအဆောက်အအုံတွင် ယခုအခါ ကုမ္ပဏီ၏ ဆေးဘက်ဆိုင်ရာဆောင်ရွက်မှုများနှင့် အခြားသောအဆောက်အအုံလုပ်ဆောင်ချက်များပြုလုပ်လျက်ရှိသည်။




#1 PC VENDOR WORLDWIDE
lenovo FOR THOSE WHO DO.™
AFFORDABLE 14" DUAL-MODE NOTEBOOK
Lenovo Flex 14 Laptop
Laptop Mode
Lenovo Flex 14
• 4th Intel® Core™ i3-4010U Processor (1.7GHz/ 3M cache)
• Microsoft Windows 8.1
• 4GB DDR3
• 500GB 5400RPM SSHD(8GB)
• 14" HD LED Multi-Touch (Slim)
• Camera HD 720P with Array Mic
• Nivdia Geforce GT720M 2GB DDR3
• Intel 7260 2x2 b/g/n • Bluetooth 4.0
• Black Texture 4-Cells 48WH Battery
• 1 years International Warranty
10 Points Touch Screen
$669
Stand Mode
intel inside CORE i3
EXPAND YOUR POSSIBILITIES WITH A LENOVO DO MACHINE.
IDEAPAD S410p
4th Gen. Intel® Core™ i3 4010U Processor
4GB DDR3 RAM
500GB Hard Disk
14" HD LED Display
Nvidia GeForce GT 720M DDR3 2GB
DVD SuperMulti
Wifi Bluetooth Webcam
Price $589
IDEAPAD G400s
Intel® Pentinum B2020M (2.4GHz/ 1066MHz/ 2MB Cache)
2GB DDR3 RAM
500GB Hard Disk
14" WXGA LED Display
DVD SuperMulti
Wifi Bluetooth Webcam
intel Pentium
Price $419
DIAMOND PARTNER
Technoland -73024327, 91024812
ICE -216484 215353
IDEA LINK -376212, 73026840
EASTERN -398224
Citicom -382979, 374544
KMD -245180, 02-60360
KING EMPIRE -398129, 386925
NEO TECH -710752, 398199
INNWA -385183, 02-71108
KING POWER -398008
UNIQUE -391789, 0973171212
PLATINUM PARTNER
iNet System -02 - 69322
Double -057 21217
CyberSpace -0952 12924
-398037 246837
MRI -392259
MAT -09 2015503
mst -082 - 31009
LINN -067 - 22884
MyCom Computer Technology -02-69309
TZN(Meithtilar) -064 - 23232
Greendays -02 - 73417
GOLD PARTNER
ME -02 - 74322
Century -071 - 23233
Minn Nwe -5342716
Top World -09 47051606
RADIANCES -380220, 385267
Magic Eye -09 2300358
Sole Distributor ;
KMD
-373026
385177, 245180, 503511 503522
www.lenovno.com/mm

Internet IJ Journal
Vol.15, No.11| Thursday, March 13, 2014



Smart Card များကို ထုတ်လုပ်ပေးနေတဲ့ Digital Cottage Biz Group က ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးစိုးငွေရကို Card နည်းပညာများအကြောင်းမေးမြန်းဖြစ်ခဲ့ပါတယ်။

Digital Cottage BUSINESS GROUP

## သကြၤန်မဏ္ဍပ်တွေမှာ လက်မှတ်တွေအတွက် ဘယ်လိုလုံခြုံရေးစနစ်တွေသုံးမလဲ

*မေး။ ။ သကြၤန်မှာသုံးမှာဆိုတော့ ရေစိုခံအောင် ဘယ်လို လက်မှတ်အမျိုးအစားတွေသုံးသင့်ပါသလဲ?*

ဖြေ။ ။ မဏ္ဍပ်အကုန်လုံးကတော့ PVC ကတ်တွေအသုံးများကြပါတယ်။ Print ထုတ်ပြီး Polyvinyl Chloride အလွှာနှစ်ခုနဲ့ ပေါင်းထားတာဆိုတော့ PVC ကတ်တွေက ရေစိမ်လို့ရတယ်၊ ဘာမှမဖြစ်ဘူး။ တစ်ချို့တွေကတော့ RFID သရေလက်ပတ်တွေသုံးကြတယ်။ လုံခြုံရေးအားဖြင့်တော့ကောင်းတယ်၊ ဒါပေမယ့်ဒီမှာမထုတ်နိုင်ဘူး။ နိုင်ငံခြားကိုမှာပေးရတာဆိုတော့ အချိန်တော့စောင့်ဖို့လိုတယ်။

*မေး။ ။ ရေစိုခံ PVC ကတ်တွေကျတော့ ပြည်တွင်းမှာပဲထုတ်တာလား?*

ဖြေ။ ။ PVC ကတ်တွေအားလုံး ဒီမှာပဲထုတ်တာပါ။ ရိုးရိုး PVC ကတ်တွေ၊ RFID ပါတဲ့ PVC ကတ်တွေ၊ UV ကတ်တွေ၊ Emboss လုပ်ထားတဲ့ကတ်တွေအားလုံး ဒီမှာပဲထုတ်တာပါ။ Hologram ကတော့ရှင်းတယ်၊ ကျွန်တော်တို့ Production လုပ်ကတည်းက အထဲမှာမြှုပ်ပေးလိုက်တာဆိုတော့ ပြန်ခွာလို့မရဘူး။

*မေး။ ။ပြည်တွင်းသကြၤန်မဏ္ဍပ်လက်မှတ်တွေအတွက် လုံခြုံရေးစနစ်တွေဘယ်လို လုပ်လေ့ရှိပါသလဲ?*

ဖြေ။ ။မဏ္ဍပ်အကြီးတွေကတော့ RFID Card တွေနဲ့ Barrier Gate တွေတွဲသုံးကြတယ်၊ ဒါဆိုရင်တော့ ပိုကောင်းတယ်။ RFID နံပါတ်တွေကို Barrier Gate ရဲ့ ကတ်ဖတ်စက်တွေမှာ ကြိုတင်စာရင်းသွင်းထားတာဖြစ်တဲ့အတွက် အတုလုပ်လို့မရဘူး၊ နောက်အသုံးများတာကတော့ Logo Emboss ပေါ့၊ မဏ္ဍပ်တံဆိပ်တွေကို PVC ကတ်ပေါ်မှာ ဖောင်းကြွရိုက်တာပါ။ အဲဒီပုံစံကတော့ ရိုးရှင်းတယ်၊ အကုန်အကျသက်သာတယ်။ ဖောင်းကြွတံဆိပ်ကို စက်ကြီးတွေနဲ့ရိုက်ရတာဆိုတော့ အတုလုပ်ဖို့ခဲယဉ်းတယ်။ နောက်အသုံးများတာတစ်ခုကတော့ Hologram မြှုပ်တဲ့ PVC ကတ်ပါ။

*မေး။ ။ UV ရိုက်တဲ့ PVC ကတ်တွေရော သုံးလို့မရဘူးလား?*

ဖြေ။ ။ သုံးလို့မရတာတော့ မဟုတ်ဘူး။ နေ့ခင်းဘက်သုံးရင် အလုပ်ရှုပ်လို့၊ သူက အမှောင်ထဲမှာ UV ဓာတ်မီး၊ UV မီးချောင်းတွေနဲ့ UV လုံခြုံရေးစနစ်ကို စစ်ဆေးရတာဖြစ်တဲ့အတွက် နေ့ခင်းဘက်ဆို မဏ္ဍပ်လက်မှတ်စစ်နေရာမှာ အမှောင်ခန်းလေးလုပ်ထားဖို့လိုတယ်။ ဒါကြောင့် သကြၤန်ဆိုရင်တော့ UV စနစ်ကို ဘယ်သူမှသုံးတာမရှိဘူး။ ပုံမှန်အားဖြင့် ကျွန်တော်တို့ဝန်ဆောင်မှုပေးရတာ ပရိသတ်အရေအတွက်များပြီး ညဘက်လုပ်မယ့် Stage Show တွေမှာ UV စနစ်နဲ့ လုပ်ပေးရတာများတယ်။ ညဘက်ကျတော့ UV စစ်ဖို့ အမှောင်ခန်းအထွေအထူးလုပ်နေစရာမလိုဘူးလေ။

*မေး။ ။ အဝင်မှာစစ်တဲ့ ဂိတ်တွေကျတော့ရော ဘယ်လိုအလုပ် လုပ်တာလဲ? ပြည်တွင်းမှာ ငှားလို့ရလား?*

ဖြေ။ ။ အဲဒီဂိတ်တွေက RFID ကတ်တွေကျမှလိုတာ။ Barrier Gate နဲ့ Touch & Go Gate ဆိုပြီးတော့ ကျွန်တော်တို့ဆီမှာ နှစ်ခုရှိတယ်။ ပွဲတွေမှာကျော်တက်တာတို့၊ လူတိုးတာတို့ကိုထိန်းဖို့ လုံခြုံရေးအင်အားမနိုင်ဘူးဆိုရင်တော့ Barrier Gate တွေကိုသုံးကြတယ်။ လက်မှတ်စစ်မယ့်လုံခြုံရေးအင်အားနိုင်နိုင်နင်းနင်းရှိရင်တော့ Touch & Go Gate ကို သုံးလို့ရပါတယ်၊ ကျွန်တော်တို့ကုမ္ပဏီပိုင်ဂိတ်တွေဝယ်ထားတာပါ။ ကျွန်တော်တို့က RFID PVC ကတ် (၂) ထောင်ကျော်လုပ်ရင် ဂိတ်တွေကို Free ချပေးတဲ့ဝန်ဆောင်မှုလုပ်ပေးထားတယ်။ သီးသန့်ဂိတ်တွေချည်းပဲလာငှားတာတော့ မကြုံဖူးသေးဘူး။

*မေး။ ။ လက်မှတ်အတုကိစ္စတွေကို ဘယ်လိုထိန်းမလဲ? အစ်ကိုတို့ ကုမ္ပဏီအပိုင်းက တာဝန်ယူမှုအပိုင်းကရော?*

ဖြေ။ ။ RFID ကတ်တွေဆိုရင်တော့ RFID ကုဒ်နံပါတ်ကိုလက်မှတ်စစ်စက်ကြီးတွေမှာတစ်ခါတည်းစာရင်းသွင်းပေးထားတာဖြစ်တဲ့အတွက် အတုလုပ်လို့မရဘူး။ နောက်ဆုံးအထဲကိုဝင်ပြီးသားလူက လက်မှတ်တွေအများကြီးစုပြီး အပြင်ပြန်ထွက်၊ ဒီ့ပြင်လူတွေကို ဝင်ခိုင်းရင်တောင် ဝင်လို့မရဘူး။ ကျွန်တော်တို့က အထွက်မှာပါ စစ်ဆေးရေးစက်ချထားလိုက်တယ်၊ ပြန်ထွက်ရင် စက်မှာကတ်ရိုက်သွားမှ ထွက်လို့ရတယ်။

ကျွန်တော်တို့ကုမ္ပဏီဘက်က တာဝန်ယူနိုင်တာကတော့ Production ဘက်ကနေ လက်မှတ်အတုလုံးဝ မထွက်စေရဘူး။ ကတ် Reject ဖြစ်ရင်တောင် ကျွန်တော်တို့က အဲဒီပွဲမပြီးမချင်း Stock Controller တွေက Reject ကတ်တွေကို အမြဲတမ်းစစ်နေတာ။

*မေး။ ။ ဟုတ်ကဲ့အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ်။*

ဖြေ။ ။ ဟုတ်ကဲ့ ကျွန်တော်ကလည်း အင်တာနက်ဂျာနယ်ကို ကျေးဇူးတင်ပါတယ်။












